# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၁၁) ရက် ၊ သောကြာနေ့ ၊ (30-8-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၂၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ၂၀၂၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

စာမျက်နှာ- ၁၈

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီ တတိယအကြိမ်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီ တတိယအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၂၉**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီ တတိယအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကျင်းပရေးဦးစီးကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ

**စာမျက်နှာ ၁၆ ကော်လံ ၁**




ရတနာပုံ
၂၀၂၄ ခုနှစ် ဩဂုတ် ၃၀ ရက်
အယ်ဒီတာ့အာဘော်

# မျိုးဆက်သစ်လူငယ်များ၏ မွန်မြတ်သည့်စိတ်ဓာတ်

မြန်မာလူငယ်များ၏ အသွေးအသားထဲတွင် စီးဝင်နေပြီဖြစ်သည့် မျိုးချစ်စိတ်ဓာတ်တို့သည် အခွင့်ကြုံသည့်အခါ အလိုလိုပေါ်ပေါက်လာပြီး နိုင်ငံနှင့်လူမျိုးအကျိုးအတွက် ပေးဆပ်ရန်အသင့်ရှိနေကြပေသည်။ နိုင်ငံတော်အတွက် လိုအပ်သည့်အခါ ကျရာနေရာမှရရာတာဝန်ကို ထမ်းဆောင်မည်ဆိုသည့် နိုင်ငံ့သားကောင်းတို့၏ စိတ်ဓာတ်ပင်ဖြစ်သည်။ နောင်တစ်ချိန်တွင် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် မျိုးဆက်သစ်လူငယ်များ၏ မွန်မြတ်သည့်စိတ်ဓာတ်ပင် ဖြစ်ပေသည်။

နိုင်ငံတကာတွင် ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းထားသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းလိုက်ခြင်းကြောင့် မြန်မာနိုင်ငံအတွက် များစွာအကျိုးရှိပေသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေစတင်အသက်ဝင်လာသည့်အချိန်တွင် မြန်မာနိုင်ငံစစ်ရေးအင်အားတောင့်တင်းခိုင်မာလာမည့်အခြေအနေကို မလိုလားသည့်နိုင်ငံများက သတင်းမှားများဖြင့်ထိုးနှက်တိုက်ခိုက်ကြသည်။ ကောလာဟလမဟုတ်မမှန်လုပ်ကြံသတင်းများဖြန့်ဝေကြသူများလည်းရှိခဲ့သည်။

မလိုလားသူများက သွေးခွဲစကားများ မည်သို့ပင်ဖြန့်ဝေစေကာမူ"တပ်နှင့်ပြည်သူမြဲကြည်ဖြူ သွေးခွဲလာသူ တို့ရန်သူ"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ တပ်မတော်၏နိုင်ငံတော်အပေါ်ထားရှိသည့် စိတ်ရင်းစေတနာအမှန်ကိုသိရှိပြီးဖြစ်သည့် မြန်မာလူငယ်များသည် တပ်မတော်၏ရင်ခွင်တွင် ခိုဝင်ခဲ့ကြပြီးဖြစ်သည်။ သမိုင်းအဆက်ဆက်တာဝန်ကျေပွန်ခဲ့ပြီး စွမ်းဆောင်ရည်ပြည့်ဝသည့် တပ်မတော်၏ သွန်သင်ဆုံးမသင်ကြားပြသမှုများကို နာခံခဲ့ကြပြီးဖြစ်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းများသည် နိုင်ငံတော်အတွက် လိုအပ်သည့်နေရာတွင် ကျရာတာဝန်ကိုကျေပွန်ရန် အသင့်ဖြစ်ခဲ့ကြပြီဖြစ်ပေသည်။

ပြည်သူ့စစ်မှုထမ်းသင်တန်းများက နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်ကြမည့်လူငယ်များကို အများအကျိုးအတွက် ပေးဆပ်လိုစိတ်များ၊ အမျိုးဘာသာသာသနာကို အသက်နှင့်လဲ၍ ထိန်းသိမ်းစောင့်ရှောက်လိုစိတ်များ ကိန်းအောင်းသွားအောင် လေ့ကျင့်ပျိုးထောင်ပေးမည်ဖြစ်သည်။ ထို့ကြောင့် ကိုယ်ကျိုးထက်အများအကျိုးကို ဦးစားပေးဆောင်ရွက်ကြသူ ပြည်သူ့သားကောင်းစစ်သည်များ၏ဂုဏ်သတင်းသည် ထာဝရမွှေးပျံ့နေလိမ့်မည်ဖြစ်ပေသည်။ ကိုယ်ကျင့်တရားစံနှုန်းများကိုအလေးထား၍ လူ့ကျင့်ဝတ်နှင့်အညီ ပြုမူပြောဆိုနေထိုင်ကြသူများဖြစ်သည့်အတွက်လည်း လူမှုပတ်ဝန်းကျင်တွင် အောင်မြင်ကြသူများမလွဲမသွေဖြစ်လာပေလိမ့်မည်။

ပြည်သူ့စစ်မှုထမ်းဥပဒေအရ တာဝန်ထမ်းဆောင်ကြမည့်လူငယ်များသည် နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြသည့် နိုင်ငံ့သားကောင်းများအဖြစ် ဂုဏ်သိက္ခာမြင့်မားစွာရပ်တည်နိုင်မည်ဖြစ်သကဲ့သို့ စစ်မှုထမ်းဆောင်စဉ်ကာလအတွင်း တစ်ကိုယ်ရေစည်းကမ်းကောင်းမွန်လာခြင်း၊ ပင်ကိုအရည်အသွေးများဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း၊ ရင့်ကျက်မှုပိုမိုရှိလာပြီး မိမိကိုယ်ကိုယုံကြည်မှု၊ ခွဲ၊ လုံ့လရှိမှုနှင့် ကိုယ်ကာယကြံ့ခိုင်မှုများ တိုးတက်ရရှိလာမည်ဖြစ်ပေသည်။ ထို့ပြင် စစ်မှုထမ်းခြင်းမှ ရရှိလာမည့်အတွေ့အကြုံနှင့် အသိပညာများကြောင့် အနာဂတ်လူငယ်များ၏ဘဝရပ်တည်မှုကို များစွာအထောက်အကူပေးနိုင်မည်ဖြစ်သကဲ့သို့ ကိုယ်ပိုင်လုပ်ငန်းခွင်နယ်ပယ်တွင်လည်း ရင်ဆိုင်ကြုံတွေ့ရမည့်အခက်အခဲများစွာကို ဖြေရှင်းနိုင်ရန်အတွက် စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်သန်စွမ်းမှုများလည်း ရရှိစေမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းများသည် တပ်မတော်နှင့်လက်တွဲ၍ နိုင်ငံ့တာဝန်ထမ်းဆောင်ကြမည့် လူငယ်များဖြစ်သည်။ ထို့ကြောင့် ထိုလူငယ်များသည် မျိုးချစ်စိတ်ဓာတ်၊ မွန်မြတ်သည့်စိတ်ဓာတ်တို့ဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ပြည်တွင်း၊ ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ပဲယဉ်း(နီ) အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



**မန္တလေး ဩဂုတ် ၂၉**

ပြည်တွင်း၊ ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ပဲယဉ်း(နီ)အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲယဉ်း(နီ)ကို ယခင်က မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်အေးခဲ့ကြောင်း၊ လက်ရှိတွင် ပြည်တွင်းဈေးကွက်အပြင် ပြည်ပကလည်း ဝယ်ယူမှုပြန်လည်များပြားလျက်ရှိသဖြင့် မန္တလေးဈေးကွက်အတွင်း ပဲယဉ်း(နီ)များ အရောင်းအဝယ်ပြန်လည်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"အခုလက်ရှိ ပဲယဉ်း(နီ)တွေ မန္တလေးဈေးကွက်အတွင်း ကုန်သည်တွေက ဝယ်ယူမှုများပြားလာတာကြောင့် အရောင်းအဝယ်ပြန်ကောင်းလာတယ်။ တရုတ်ဘက်ကို အဓိကထားတင်ပို့တဲ့ ပဲယဉ်း(နီ)တွေကို မှာယူမှုများတာကြောင့်အရောင်းအဝယ်ပြန်ကောင်းလာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ပဲယဉ်း(နီ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၄၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"မန္တလေးကုန်စည်ဒိုင်အတွင်းမှာ ပဲယဉ်း(နီ)အရောင်းအဝယ်လုပ်တဲ့ကုန်သည်တွေ အခုလတ်တလော ပြန်ပြီးများလာတယ်။ ပဲယဉ်း(နီ)အပြင် အချို့ကုန်စည်တွေကိုလဲ ကြိုက်တဲ့ကုန်သည်တချို့ကတော့ ဝယ်သွားတာတွေရှိတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး ဩဂုတ် ၂၉**

မန္တလေးကားဈေးတွင် ဈေးနှုန်းများ မတည်ငြိမ်မှုကြောင့် အရောင်းအဝယ်များ အေးနေဆဲဖြစ်ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

အရောင်းအဝယ်ဖြစ်နေမှုတွင်လည်း ကြိုက်ရောင်းကြိုက်ဝယ်များ ပို၍များနေပြီး တစ်ပတ်ရစ်ညာမောင်းပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီ ပစ်ကပ်ကားလေးများ အရောင်းအဝယ်ဖြစ်နေခြင်းမျိုးဖြစ်ကြောင်း သိရသည်။

ပွိုင့်သရီးကား အမျိုးအစားများမှ ဟွန်ဒါဖစ်၊ တိုယိုတာဗစ်ရှ်၊ တိုယိုတာဗစ်ဇ်၊ တိုယိုတာရက်တစ်ဇ်၊ တိုယိုတာဘယ်လ်တာကားအမျိုးအစားများမှ ငွေကျပ်သိန်း ၃၅၀ မှ သိန်း ၈၀၀ ကြား ဈေးတန်းများ အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

အလားတူ လျှပ်စစ်သုံးကားများတွင်လည်း ငွေကျပ်သိန်း ၇၀၀ ခန့်မှ သိန်း ၁၂၀၀ ခန့်ပေါက်ဈေးရှိကြောင်း၊ ၆၆၀ စီစီပစ်ကပ်ကားလေးများတွင်လည်း ဟိုက်ဂျက်အော်တို ငွေကျပ်သိန်း ၁၉၀ ခန့် ဈေးပေါက်နေပြီး Manual ငွေကျပ်သိန်း ၁၇၀ ခန့်ဈေးပေါက်နေကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ်၂၀ အမည်ပေါက် စလစ် ငွေကျပ် ၁၃၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၂၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၃၀၊ တက္ကစီစလစ် ငွေကျပ် ၁၂၅ သိန်းခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင်လည်း အရောင်းအဝယ်များအေးနေမှုကြောင့် ဈေးတန်းမြင့်တစ်ပတ်ရစ်ဘီးများပါ ဈေးလျှော့ရောင်းချနေရကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

လျှပ်စစ်သုံးဆိုင်ကယ်များမှာ အနည်းဆုံး ငွေကျပ် ၁၅ သိန်းခန့်မှ သိန်း ၅၀ ကျော်ထိ ပေါက်ဈေးရှိကြောင်း၊ တစ်ပတ်ရစ်ဆိုင်ကယ်အရောင်းအဝယ်ဖြစ်မှုအနေဖြင့် ဘီးကြောကောင်းမွန်မှုနှင့်အတူ နံပါတ်အမြင့်၊ မော်ဒယ်မနိမ့်လွန်းသည့် တရုတ်ဘီးများမှ ကန်ဒါ၊ ဆိုင်ကလုန်း၊ ဖောင်ချမ်းအမျိုးအစားများ ပို၍အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၄၅ သိန်းမှ ၇၅ သိန်းခန့်၊ အနိမ့်ဘီး Click များမှာ ငွေကျပ် သိန်း၂၀ မှ ၃၅ သိန်းခန့်၊ Scoopy i အမျိုးအစားဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် သိန်း ၂၀ မှ ၃၃ သိန်းခန့်ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၉ သိန်းမှ ၁၇ သိန်း ၅ သောင်းခန့်၊ အင်ဂျင်ပါဝါ 125 ရုပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၉ သိန်း ၅ သောင်းမှ ၁၉ သိန်း ၅ သောင်းခန့်ထိရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးမင်းနိုင်ထံမှ သိရသည်။ (၁၇၃)

# ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၉၉၆ ဧက စိုက်ပျိုးပြီးစီး

**ကလေးဝ ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၉၉၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၉၃၅ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၉၉၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ လျာထားဧကထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ကလေးဝမြို့နယ်အတွင်း ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၉၃၅ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၉၉၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံး ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေပေးနေတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သာစည်မြို့နယ် သာစည်လေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**သာစည် ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သာစည်လေးကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့် အဖွဲ့ဝင်များ၊ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ သာစည်လေးကျေးရွာ၌ အရှည် ပေ ၆၆၀၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သာစည်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

သာစည်လေးကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၇ ဒသမ ၅ သိန်းဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လ တတိယပတ်မှစ၍ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အမရပူရမြို့ မှန်တန်းရပ်နေ ဦးဝင်းဆောင်-ဒေါ်မြသောင်းမိသားစုက ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်၊ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၃၆၉၈၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၃၆၉၈၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၂၀၃၉၁ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၆၉၈၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ မိုးစပါးဧက ၁၀၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးသတ်မှတ်လျာထားချက်ပြည့်မီအောင် လိုအပ်တဲ့ နည်းပညာ၊ မျိုးတွေဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေ အနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် မိုးစပါး စိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး အသိပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးစပါးများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းစေရန် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျ သုံးစွဲခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# နတ်တလင်းမြို့နယ် ရှမ်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်တလင်း ဩဂုတ် ၂၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရှမ်းကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၁၀ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦးကို ငွေကျပ် ၁၇ ဒသမ ၆ သန်း၊ အသေးစားလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် နှစ်သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၇ ဦးကို ငွေကျပ် သန်း ၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သုတ

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပလာတူးပိဿာချိန် ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဩဂုတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပလာတူးပိဿာချိန် ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်တွင် ဖမ်းယူရရှိသည့် ပလာတူးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ဇွန်လအတွင်းက ပလာတူးပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ ပလာတူးပိဿာချိန် ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ပလာတူးများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်လျက်ရှိကြောင်း သိရသည်။

''ဇူလိုင်လထဲမှာ ပလာတူးတွေ အဝယ်လိုက်လာပါတယ်။ ပြည်တွင်းဈေးကွက်မှာကို အဝယ်လိုက်နေတာ။ အရင်လတွေကထက် ကုန်ချိန်တွေလဲ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ဖျာပုံမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ပုစွန်တွေ၊ ကဏန်းတွေအပြင် ပလာတူးငါးတွေကိုလဲ တင်ပို့ရောင်းချနေပါတယ်။ အခုအရောင်းအဝယ်တွေ ပုံမှန်ထက် ပိုမိုသွက်လာတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေအလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေနေပါတယ်''ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပလာတူး ၁၀ ပိဿာလျှင် ငွေကျပ် ၇၅၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ပလာတူးအပါအဝင် ငါးအမျိုးမျိုး၊ ပုစွန်အမျိုးမျိုး၊ ကဏန်းများကို ဝယ်ယူပြီး စနစ်တကျသန့်စင်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်မိုးမြင့်က ဆက်လက်ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း



# ပိုးသတ်ဆေးအန္တရာယ် သတိထားကာကွယ်ကြပါ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

"သူငယ်ချင်းရေ ငါ့အတွက်ကတော့ အလွန်ပဲ နှစ်သက်သဘောကျစေတဲ့ သတင်းတစ်ပုဒ်ကို ၂၀၂၄ ခုနှစ် ဩဂုတ် ၁၆ ရက်ထုတ် ကြေးမုံသတင်းစာမှာ ဖတ်ရှုလိုက်ရတယ်ကွ"

"ဘာသတင်းမို့လဲကွ"

"ပိုးသတ်ဆေး(၉၃)မျိုးကို မှတ်ပုံတင်ခွင့်ပြုရေး နည်းပညာကော်မတီ စိစစ်ဆောင်ရွက်ဆိုတဲ့ သတင်းပဲကွ"

"ဘာတွေများ ထူးခြားနေလို့လဲကွာ"

"မှုခင်းအယ်ဒီတာလုပ်ခဲ့တဲ့ငါ့အတွက်ကတော့ တခြားသူတွေထက် ထူးခြားတယ်ကွ"

"အဲဒီသတင်းအကြောင်းကို ရှင်းပြစမ်းပါဦးကွာ"

"သတင်းမှာဖော်ပြထားတာက ပိုးသတ်ဆေး နည်းပညာကော်မတီအစည်းအဝေးကို ဩဂုတ် ၁၅ ရက် မနက်ပိုင်းက **စိုက်ပျိုးရေးဦးစီးဌာနရုံးချုပ်** အစည်းအဝေးခန်းမမှာ ကျင်းပခဲ့တယ်။ ပိုးသတ်ဆေးအမျိုးအစားပေါင်း ၉၃ မျိုးနဲ့ပတ်သက်ပြီး စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးပညာရှင်တွေ၊ ကျန်းမာရေးဝန်ကြီးဌာန၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနတွေကပညာရှင်တွေ ပါဝင်ဖွဲ့စည်းထားတဲ့အဖွဲ့က စိစစ်သုံးသပ်ဆွေးနွေးခဲ့ကြတယ်တဲ့။ အရင်ဦးဆုံး ပိုးသတ်ဆေးနည်းပညာကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပိုးသတ်ဆေးသုံးစွဲတင်သွင်းဖြန့်ချိနိုင်ဖို့ မှတ်ပုံတင်ခွင့်ပြုရာမှာ သီးနှံဖျက်ပိုးများအပေါ် ထိရောက်မှု၊ လူနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဖို့နဲ့ ရေရှည်မှာ ဓာတုဓာတ်ကြွင်းအန္တရာယ်ကင်းရှင်းရေးတွေကို ထည့်သွင်းသုံးသပ်စိစစ်ရမှာဖြစ်တဲ့အကြောင်း၊ နိုင်ငံအတွင်းမှာ ပိုးသတ်ဆေးထုတ်လုပ်မှု အားနည်းနေသေးလို့ ပြည်တွင်းမှာထုတ်လုပ်နိုင်ဖို့ ပိုးသတ်ဆေးဥပဒေနှင့်အညီ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(FDI)တွေကို ဖိတ်ခေါ်ရမှာဖြစ်တဲ့အကြောင်း၊ ပြည်တွင်းကထုတ်လုပ်တဲ့ ပိုးသတ်ဆေးတွေက ပြည်ပက ကုန်ကြမ်းတင်သွင်းကြရတဲ့အတွက် ကုန်ကြမ်းတွေကိုလဲ အရည်အသွေး မှန်၊ မမှန် ဓာတ်ခွဲနိုင်ရေး ဓာတ်ခွဲခန်းတွေကို အဆင့်မြှင့်တင်ဆောင်ရွက်ကြဖို့လိုအပ်တဲ့အကြောင်း၊ နိုင်ငံတော်မူဝါဒအရ ဓာတုပိုးသတ်ဆေးသုံးစွဲမှုလျှော့ချပြီး သဘာဝပိုးသတ်ဆေးတွေသုံးစွဲနိုင်ဖို့နည်းပညာပေးဖို့ ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်တဲ့အကြောင်း ဆွေးနွေးမှာကြားတယ်တဲ့ကွ"

"မှတ်ပုံတင်လျှောက်ထားတဲ့ပိုးသတ်ဆေးတွေကို စိုက်ခင်းတွေမှာစမ်းသပ်ဖို့၊ ဖော်ပြထားတဲ့ ဓာတုပစ္စည်းပါဝင်မှု မှန်၊ မမှန် ဓာတ်ခွဲစစ်ဆေးဖို့၊ အရည်အသွေးမှန်ကန်မှုတွေကို စစ်ဆေးဆောင်ရွက်ပြီး ပိုးသတ်ဆေးနည်းပညာကော်မတီအစည်းအဝေးမှာ စိစစ်သုံးသပ်ရရှိတဲ့ အချက်အလက်တွေကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်တာဝန်ယူပြီး သက်ဆိုင်ရာဌာနတာဝန်ရှိသူတွေပါဝင်ဖွဲ့စည်းထားတဲ့ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ရဲ့အစည်းအဝေးသို့ ပိုးသတ်ဆေးဥပဒေနှင့်အညီတင်ပြဆောင်ရွက်ရမှာဖြစ်ပြီး ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့က စမ်းသပ်သုံးစွဲခွင့်မှတ်ပုံတင် ၁၁၇ ခု၊ ယာယီသုံးစွဲခွင့်မှတ်ပုံတင် ၁၈၆၈ ခု၊ အပြည့်အဝသုံးစွဲခွင့်မှတ်ပုံတင် ၂၂၅၁ ခုနှင့် ပြင်ဆင်သုံးစွဲခွင့်မှတ်ပုံတင်တစ်ခု စုစုပေါင်း ၄၂၃၇ခုကို ခွင့်ပြုပေးခဲ့ပြီးဖြစ်တဲ့အကြောင်းနဲ့ အခုအစည်းအဝေးမှာ ပိုးသတ်ဆေးအမျိုးအစား ၉၃ မျိုးကိုမှတ်ပုံတင်ခွင့်ပြုဖို့အတွက် ဆွေးနွေးခဲ့တာဖြစ်တဲ့အကြောင်း သိရတယ်တဲ့ကွ"

"အဲဒီသတင်းထဲမှာ ငါစိတ်အဝင်စားဆုံးက **လူနဲ့သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး** ဆိုတဲ့ အချက်ပဲကွ။ တီဗီမှာ အပြိုင်ကြော်ငြာနေကြတဲ့ ဓာတ်မြေဩဇာနဲ့ ပိုးသတ်ဆေးကြော်ငြာတွေကို မင်းလည်း နေ့စဉ်မြင်တွေ့နေတယ်မဟုတ်လား"

"ဟုတ်တယ်လေ ဘာဖြစ်လို့လဲ..."

"ဘာဖြစ်ရမလဲကွ။ အဲဒီဓာတ်မြေဩဇာတွေနဲ့ ပိုးသတ်ဆေးတွေကို မသုံးစွဲတတ်ကြရင် ဘေးဒုက္ခမျိုးစုံကြုံတွေ့နေခဲ့ရတဲ့ သာဓကတွေ အများကြီးရှိခဲ့တယ်ကွ။ အနိမ့်ဆုံးအဆင့်ပြောရရင် ဘယ်လောက်ပဲကောင်းတဲ့ဆန်ဖြစ်ဖြစ် ထမင်းချက်ပြီး ကြာကြာမခံဘူး၊ သိုးလွယ်တယ်။ ဟင်းသီးဟင်းရွက်တွေလဲ ကြာကြာမခံဘူးဆိုတာ မင်းလဲအသိပါ"

"အေးပါကွာ ဘယ်လိုဒုက္ခတွေလဲဆိုတာ ရှင်းပြစမ်းပါအုံး"

"ငါ မှုခင်းရှုထောင့် ရသစုံမဂ္ဂဇင်းနဲ့ မှုခင်းရှုထောင့်ဂျာနယ်မှာ တာဝန်ခံအယ်ဒီတာအဆင့်ကနေ အယ်တီတာချုပ်ထိ နှစ်ပေါင်း ၂၀ ကျော် တာဝန်ယူလုပ်ဆောင်ခဲ့တုန်းက ဓာတ်မြေဩဇာနဲ့ ပိုးသတ်ဆေးတွေကြောင့် သေဆုံးခဲ့ကြရ၊ ဆေးရုံရောက်ခဲ့ကြရတဲ့

❖ အဲဒီပိုးသတ်ဆေးတွေဟာ စားပင်၊ သီးပင်တွေမှာတွယ်ကပ်နေကြတဲ့ပိုးတွေကိုသာ သေစေတာမဟုတ်ဘဲ လူတွေကိုပါ သေစေနေတာဟာ တော်တော်များပြီကွ။ လွန်ခဲ့တဲ့ခြောက်နှစ်လောက်က ရန်ကုန်မြို့ထဲက ဆေးရုံကြီးတစ်ရုံမှာ အလှူရှင်မိသားစုက လာရောက်ပြီး အာဟာရဒါနပြုခဲ့ကြတယ်။ နာမည်ကြီးဟိုတယ်ကြီးကအကြော်အလှော်ကျွမ်းကျင်သူကိုခေါ်ပြီး စိတ်ကြိုက်ကြော်လှော်ပြီးမှ ကြာဆံကြော်ထုပ်တွေ လာရောက်လှူဒါန်းခဲ့တယ်။ ဒါပေမဲ့ စေတနာဟာ ဝေဒနာဖြစ်ခဲ့ရတယ်။ ကြာဆံကြော်စားပြီးသူတိုင်းဟာ ဝမ်းတွေသွား၊ အော့အန်ဖြစ်ကုန်ကြလို့ ရန်ကုန်ဆေးရုံကြီးကို ရောက်သွားခဲ့ကြရတယ်။ ❖

သတင်းတွေကို မကြာခဏ ဖော်ပြခဲ့ရတယ်ကွ"

"စိတ်ဝင်စားသွားပြီကွာ ပြောပြစမ်းပါအုံး"

"မှတ်မှတ်ရရပြောရရင်ကွာ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်နေ့ နံနက် ၂ နာရီခွဲမှာ သီပေါမြို့နယ် ပန်းစောက်မိန်းကျေးရွာအုပ်စုမှာနေတဲ့ တောင်ယာလုပ်သား ဦးစိုင်းအိုက်မောင် ၄၀ နှစ်နဲ့ ဇနီးဖြစ်သူ ၃၃ နှစ်တို့ နှစ်ယောက်ဟာ သံဓာတ်အားဆေးဘူးခွံထဲမှာထည့်ထားတဲ့ ပိုးသတ်ဆေးကို အားဆေးလို့ထင်မှတ်ပြီး သောက်သုံးမိလို့ ပါးစပ်က အမြှုပ်တွေထွက်သေဆုံးခဲ့ရတယ်တဲ့။ အဆိပ်မိပြီး သတိရနေသေးတဲ့ သားကြီး စိုင်းခမ်းလိတ်(၁၆)နှစ်၊ သားလတ် စိုင်းရွှေအေး(၁၁)နှစ်၊ နန်းနှင်းနု(၅)နှစ် မောင်နှမသုံးယောက်ကို သီပေါဆေးရုံကို အချိန်မီတင်ပို့နိုင်ခဲ့လို့ အသက်ဘေးမှကယ်တင်နိုင်ခဲ့တယ်။ သီပေါရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၁/၂၀၁၃ နဲ့ အရေးယူဆောင်ရွက်ခဲ့ရတယ်လို့ဖော်ပြထားတာ ငါမှတ်မိနေတယ်ကွာ"

"နောက်သတင်းတစ်ပုဒ်က ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်နေ့က သုံးခွမြို့နယ်၊ အဇက်ဝံကျေးရွာနေ မ---(၂၄)နှစ်ဟာ နေအိမ်မှာပဲ ပဲတီစိမ်းဖျန်းဖို့ ပိုးသတ်ဆေးမှုန့်ထုပ်ကို သွားနဲ့ကိုက်ဖောက်ခဲ့တယ်တဲ့။ အဲဒီလို ကိုက်ဖောက်ရင်းက ပိုးသတ်ဆေးမှုန့်က ပါးစပ်ထဲဝင်သွားလို့ ဆေးကုသမှုခံယူခဲ့ပေမဲ့ သေဆုံးသွားခဲ့တယ်တဲ့။ သုံးခွရဲစခန်းက သေမှုသေခင်း ၃/၁၃ နဲ့ အမှုဖွင့်အရေးယူခဲ့ရတယ်ကွ"

"ဒီလို ဘာကြောင့်ဖြစ်ရသလဲဆိုတော့ ပိုးသတ်ဆေးအန္တရာယ်ကို မသိတာလား။ အမှုမဲ့အမှတ်မဲ့ဖြစ်သွားတာလားဆိုတာ စဉ်းစားစရာပေါ့ကွာ။ တချို့ကလေးတွေဆိုရင် သူတို့လျက်နေကျလျက်ဆားဘူးထင်ပြီး မိဘတွေအထားမှားတဲ့ ပိုးသတ်ဆေးဘူးကိုယူစားမိလို့ သေဆုံးရတာတွေ၊ အငမ်းမရသောက်စားတတ်တဲ့ အရက်သမားတွေကလဲ တွေ့တဲ့ဘူးခွံကို အရက်ဆီဆိုပြီး သောက်ကြလို့ သေဆုံးရတာတွေ။ တချို့ကလည်း အရောင်အသွေးလှပတဲ့ဘူးခွံလေးပဲဆိုပြီး ဆီတို့၊ ရေတို့ထည့်သုံးစွဲမိကြလို့ မူးဝေအော့အန်ပြီး သေဆုံးကြရတာတွေ ရှိခဲ့ဖူးတယ်ကွ"

"၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်နေ့ကလဲ ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် ထမံသီစံပြကျေးရွာအုပ်စု ယက်ဖရွာရှိ သစ်ပါးလွှာစက်ရုံမှာရှိတဲ့ ဝန်ထမ်း ၄၀ ဟာ မုန်လာထုပ်သုပ်နဲ့ ထမင်းစားပြီးတာနဲ့ ဝန်ထမ်း ၃၂ ဦးဟာ အစာအဆိပ်သင့်ပြီး အော့အန်နေကြလို့ ထမံသီတိုက်နယ်ဆေးရုံကို တင်လိုက်ကြရတယ်။ ဝန်ထမ်းတွေထဲက အမျိုးသမီးနှစ်ယောက် သေဆုံးသွားခဲ့ကြတယ်။ ပိုးသတ်ဆေးဖျန်းထားတဲ့ မုန်လာထုပ်ကို သန့်ရှင်းအောင်ရေမဆေးဘဲစားမိကြလို့ အစာအဆိပ်သင့်တာလို့ တာဝန်ရှိသူက ပြောခဲ့တယ်တဲ့ကွာ"

"အဲဒီပိုးသတ်ဆေးတွေဟာ စားပင်၊ သီးပင်တွေမှာတွယ်ကပ်နေကြတဲ့ပိုးတွေကိုသာသေစေတာမဟုတ်ဘဲ လူတွေကိုပါသေစေနေတာဟာ တော်တော်များပြီကွ။ လွန်ခဲ့တဲ့ခြောက်နှစ်လောက်က ရန်ကုန်မြို့ထဲက ဆေးရုံကြီးတစ်ရုံမှာ အလှူရှင်မိသားစုက လာရောက်ပြီး အာဟာရဒါနပြုခဲ့ကြတယ်။ နာမည်ကြီးဟိုတယ်ကြီးက အကြော်အလှော်ကျွမ်းကျင်သူကိုခေါ်ပြီး စိတ်ကြိုက်ကြော်လှော်ပြီးမှ ကြာဆံကြော်ထုပ်တွေ လာရောက်လှူဒါန်းခဲ့တယ်။ ဒါပေမဲ့ စေတနာဟာဝေဒနာဖြစ်ခဲ့ရတယ်။ ကြာဆံကြော်စားပြီးသူတိုင်းဟာ ဝမ်းတွေသွား၊ အော့အန်ဖြစ်ကုန်ကြလို့ ရန်ကုန်ဆေးရုံကြီးကို ရောက်သွားခဲ့ကြရတယ်။ တာဝန်ရှိသူတွေက ဓာတ်ခွဲစမ်းသပ်ကြည့်တော့ ကြာဆံကြော်ထဲမှာပါတဲ့ ဂေါ်ဖီရွက်မှာ ပိုးသတ်ဆေး ဒါမှမဟုတ် ဓာတ်မြေဩဇာပက်ဖျန်းထားတာကို ရေစင်အောင်မဆေးဘဲ ကြော်လှော်မိလို့ ဓာတ်မတည့်ဖြစ်ပြီး အဆိပ်သင့်ဝမ်းလျှောကုန်ကြတာလို့သိခဲ့ရတယ်ကွာ။ အဲဒီလိုဖြစ်ရပ်တွေ မကြာခဏဖြစ်ပေါ်နေကြတာကွ"

"အဲဒီဖြစ်ရပ်တွေနဲ့ပတ်သက်လို့ **မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးအသင်းဥက္ကဋ္ဌ ဦးဗအုပ်ခိုင်**က ဂေါ်ဖီထုပ်တွေမှာ ပင်လုံးပျံ့ပိုးသတ်ဆေးတွေသုံးကြတယ်။ အဲဒီပိုးသတ်ဆေးတွေက ဂေါ်ဖီထုပ်ရဲ့အတွင်း အောက်ဆုံးအလွှာထိစိမ့်ဝင်တယ်။ အဲဒီလိုပိုးသတ်ဆေးမျိုးကိုသုံးထားရင် နှစ်ပတ်ကျော်မှ ခူးရောင်းရတယ်။ သူတို့က တစ်ရက်နှစ်ရက်အတွင်း ခူးရောင်းတာ။ စားမိတော့ အစာအဆိပ်သင့်နိုင်တယ်။ အပင်တွေမှာသုံးတဲ့ ပိုးသတ်ဆေးသုံးမျိုးရှိတယ်။ ထိသေပိုးသတ်ဆေး၊ တစ်ဖက်ပေါက်ပိုးသတ်ဆေး၊ ပင်လုံးပျံ့ပိုးသတ်ဆေးတွေပါ။ ထိသေပိုးသတ်ဆေးသုံးတဲ့အပင်ကို ဆားနဲ့တစ်နာရီလောက်စိမ်ပြီးမှစားရင် ပိုးသတ်ဆေးအာနိသင် ၆၀ ရာခိုင်နှုန်းလောက်လျော့သွားတယ်။ တစ်ဖက်ပေါက်နဲ့ ပင်လုံးပျံ့က ဆားရည်နဲ့စိမ်လဲမရဘူး ပြင်းတယ်။ တားမြစ်ပိုးသတ်ဆေးတွေသုံးလို့ အစာအဆိပ်သင့်နိုင်သလို ပိုးသတ်ဆေးတွေကို လိုအပ်တဲ့ပမာဏထက်ပိုသုံးရင်လဲ အစာအဆိပ်သင့်တာဖြစ်နိုင်တယ်လို့ပြောပြခဲ့တာကို ဂျာနယ်တွေမှာ ပညာပေးဖော်ပြခဲ့ကြတယ်"

"အထူးကုဆရာဝန်ကြီး ဒေါက်တာဝင်းဝင်းမြင့်ကလဲ 'ရေများများနဲ့စင်အောင်ဆေးပြီးမစားလို့ အစာအဆိပ်သင့်တာဖြစ်နိုင်တယ်၊ မသန့်ရှင်းတဲ့လက်နဲ့ကိုင်ပြီး သုပ်မယ်ဆိုရင်လဲ **အီးကိုလိုင်ပိုး**ကြောင့် ဝမ်းပျက်ဝမ်းလျှောဖြစ်တတ်တယ်။ အစာအဆိပ်သင့်တဲ့နေရာမှာ အော့အန်ခြင်းဟာ အဓိကဖြစ်ပွားပြီး ဗိုက်ရစ်ရစ်ပြီးနာတာ၊ မူးတာ၊ ဝမ်းလျှောတာတွေ ဖြစ်လေ့ဖြစ်ထရှိတယ်။ အီးကိုလိုင်ပိုးကြောင့် ဝမ်းပျက်ဝမ်းလျှောဖြစ်ပြီး ကျောက်ကပ်ပျက်စီးကာ အသက်ဆုံးရှုံးနိုင်တယ်။ ဒါကြောင့် ဝမ်းပျက်ဝမ်းလျှောတာနဲ့ ဓာတ်ဆားရည်သောက်ပြီး ဆေးရုံဆေးခန်းမှာ အမြန်ပြကြပါ"လို့ ပြောပြခဲ့တယ်။

"ဆေးဝါးကျွမ်းကျင်သူ ဒေါ်ခင်မြတ်မွန်ကလဲ တစ်ယောက်ထဲဖြစ်တာဆိုရင် အခုစားတဲ့အစာနဲ့ အဲဒီမတိုင်မီ စားတဲ့အစာ နှစ်မျိုးမတည့်လို့ အစာအဆိပ်သင့်တာဖြစ်နိုင်တယ်။ အကုန်လုံးဖြစ်တာဆိုတော့ ဟင်းသီးဟင်းရွက်မှာ ဓာတုဆေးဝါးတွေသုံးထားလို့ ဖြစ်နိုင်သလို၊ အသုပ်တွေထဲမှာပါတဲ့ ငရုတ်သီးမှုန့်၊ ဆီ၊ ပဲမှုန့် တစ်ခုခုက ဒိတ်လွန်နေလို့လဲ ဖြစ်နိုင်တယ်လို့ ပြောပြခဲ့တယ်ကွ"

"ငါမသိလို့ မေးပါရစေအုံးကွာ။ ဒီလောက်တောင်အန္တရာယ်များပြီး ကြောက်စရာကောင်းလှတဲ့ ပိုးသတ်ဆေးတွေနဲ့ ဓာတ်မြေဩဇာတွေကို သတိထားပြီးသုံးစွဲကြဖို့ သတိပေးတားမြစ်ချက်တွေ၊ ဥပဒေတွေမရှိဘူးလားကွာ"

**"ဥပဒေတွေ ပြဋ္ဌာန်းခဲ့တာပေါ့ကွာ။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၀/၉၀၊ ပိုးသတ်ဆေးဥပဒေ၊ အခန်း(၁၀)၊ ပုဒ်မ ၂၆မှာ** ပိုးသတ်ဆေးသုံးစွဲနေကြသူတွေအနေနဲ့-

(၁) ပိုးသတ်ဆေးအညွှန်းစာပါအတိုင်း လိုက်နာသုံးစွဲရမယ်။

(၂) အန္တရာယ်ကြီးမားတဲ့ ပိုးသတ်ဆေးကို သုံးစွဲမယ်ဆိုရင် သက်ဆိုင်ရာမန်နေဂျာရဲ့ ခွင့်ပြုချက်ရယူပြီးမှ လက်မှတ်ရပိုးသတ်ဆေးပက်ဖျန်းသူကို ငှားရမ်းသုံးစွဲရမယ်။

(၃) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက အခါအားလျော်စွာထုတ်ပြန်ထားတဲ့ ပိုးသတ်ဆေးကို အန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်သုံးစွဲနည်းအတိုင်း လိုက်နာသုံးစွဲရမယ်။

(၄) ပိုးသတ်ဆေးတွေကို အစားအသောက်တွေနဲ့ နီးနီးကပ်ကပ်မထားရဘူး။ ကလေးသူငယ်တွေ အလွယ်တကူ လက်လှမ်းမှီတဲ့နေရာမှာ မထားရဘူး။

(၅) သုံးစွဲတဲ့ ပိုးသတ်ဆေးဘူးခွံတွေနဲ့ ထုပ်ပိုးပစ္စည်းတွေကို မှတ်ပုံတင်အဖွဲ့(ဒါမှမဟုတ်) ဦးဆောင်ညွှန်ကြားရေးမှူးက ညွှန်ကြားထားတဲ့အတိုင်း လိုက်နာဆောင်ရွက်ရမယ်။

(၆) စိုက်ခင်းတွေမှာ ပိုးသတ်ဆေးသုံးစွဲတဲ့အခါမှာပဲဖြစ်ဖြစ် ရိတ်သိမ်းပြီးသီးနှံတွေ သိုလှောင်တဲ့အခါမှာပဲဖြစ်ဖြစ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက အခါအားလျော်စွာ ထုတ်ပြန်ထားတဲ့ လမ်းညွှန်ချက်တွေနဲ့အညီ လိုက်နာဆောင်ရွက်ရမယ်လို့ ပြဋ္ဌာန်းထားတယ်ကွ"

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့ လုပ်ငန်း လည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေ ဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# ပုသိမ်ခရိုင်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါး ၃၆၉၆၃၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ပုသိမ် ဩဂုတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၆၉၆၃၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၀၇၈၄၃ ဧကကို ယခုနှစ် ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စပါး ၃၆၉၆၃၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါစပါးများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်စိုက်ပျိုးနေကြောင်း သိရသည်။

"အခုနှစ် ပုသိမ်ခရိုင်မှာ စပါး ၅၀၇၈၄၃ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ စပါး ၃၆၉၆၃၆ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးနေတဲ့ စပါးတွေ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းဖို့ နည်းပညာပေးလုပ်ငန်းတွေ လုပ်ပေးထားပါတယ်။ ရွှေခရုနဲ့ပတ်သက်ပြီးတော့ တောင်သူပညာပေးလုပ်ငန်းတွေကို မိုးစပါးတွေမစိုက်ပျိုးခင် အချိန်ကတည်းက ဆောင်ရွက်ပေးထားပါတယ်'' ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ပုသိမ်ခရိုင်တွင် စပါးစိုက်ပျိုးပြီးစီးမှုအနေဖြင့် ပုသိမ်မြို့နယ်တွင် ၆၇၈၅၈ ဧက၊ ငပုတောမြို့နယ်တွင် ၁၆၃၈၉၇ ဧက၊ ကန်ကြီးထောင့်မြို့နယ်တွင် ၁၃၀၇၈၆ ဧက၊ သာပေါင်းမြို့နယ်တွင် ၇၀၉၅ ဧကစုစုပေါင်း ၃၆၉၆၃၆ ဧကဖြစ်ကြောင်း၊ စပါးလျာထားမှုအနေဖြင့် ပုသိမ်မြို့နယ်တွင် ၉၁၄၃၆ ဧက၊ ငပုတောမြို့နယ်တွင် ၂၀၄၁၂၂ ဧက၊ ကန်ကြီးထောင့်မြို့နယ်တွင် ၁၄၃၉၈၈ ဧက၊ သာပေါင်းမြို့နယ်တွင် ၆၈၂၉၇ ဧက စုစုပေါင်း ၅၀၇၈၄၃ ဧက ဖြစ်ကြောင်း သိရသည်။

ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့က ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

---

➤ စာမျက်နှာ ၄ မှအဆက်

''ပြဋ္ဌာန်းချက်တွေအတိုင်းသာလိုက်နာရင် အန္တရာယ်ကင်းဝေးတာပေါ့ကွာ။ ခုတော့ ပြဋ္ဌာန်းချက်နဲ့ လက်တွေ့လုပ်ကိုင်သုံးစွဲနေကြတာက ပြဒါးတစ်လမ်း သံတစ်လမ်းဆိုသလိုပဲ လုံးဝဆန့်ကျင်နေကြလေတော့ သေကျေထိခိုက်ကုန်ကြပြီပေါ့ကွာ။ အရွက်စိမ်း၊ အသီးစိမ်းစားရင် ဗီတာမင်အပြည့်ပါတယ်လို့ဆိုသူတွေ သတိထားစားကြရတော့မယ်"

တောင်သူလယ်သမားတွေက ပိုးသတ်ဆေးသုံးစွဲရမယ်ဆိုတာ သိလာကြလို့ သီးနှံတွေဖွံ့ထွားတိုးပွားလာကြပေမဲ့ အန္တရာယ်ကို ကြိုတင်ကာကွယ်မှုမရှိကြလို့ ဘေးထွက်ဆိုးကျိုးတွေဖြစ်ပေါ်နေရတာလို့လဲ သိရတယ်ကွ''

''အဲဒီဆိုးကျိုးတွေဖြစ်ပေါ်စေတဲ့သူတွေ ဆိုလိုတာကကွာ မင်းစောစောကပြောခဲ့တဲ့ ဥပဒေနဲ့အညီ မသုံးစွဲသူတွေနဲ့ စည်းမဲ့ကမ်းမဲ့ရောင်းချနေကြသူတွေကို ထိရောက်တဲ့ပြစ်ဒဏ် ပေးသင့်တယ်ကွ။ စီးကရက်ကြော်ငြာတွေမှာ 'သင့်ကျန်းမာရေးထိခိုက်နိုင်သည်'ဆိုတဲ့ စာတန်းတွေရိုက်နှိပ်ကြေညာထားသလို 'ပိုးသတ်ဆေးသည် သင်အပါအဝင် သင့်မိသားစု၏ အသက်အန္တရာယ်ကိုထိခိုက်နိုင်သည်'ဆိုတဲ့ စာတန်းတွေ ရေးပေးထားသင့်တယ်ကွ။ အခုတော့ တီဗီထဲမှာ မင်းသားမင်းသမီးမျိုးစုံနဲ့ ပိုးသတ်ဆေးတွေနဲ့ ဓာတ်မြေဩဇာတွေကို ကြော်ငြာနေကြတာများ မျက်စိကိုရှုပ်နေတာပဲ။ ကလေးတွေတောင် အလွတ်ရနေကြပြီ။ အဲဒီကြော်ငြာတွေထဲမှာ ဒီဆေးတွေဟာ အသက်ကိုသေစေနိုင်တယ်လို့ ထည့်သွင်းကြော်ငြာသင့်တယ်ကွ''

"သိပ်မှန်တာပေါ့ကွာ။ အဲဒီအချိန်က **"မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးအသင်း"**က နိုင်ငံတော်သမ္မတထံ စားသုံးသူတွေ ဘေးအန္တရာယ်မဖြစ်အောင် ကာကွယ်တားဆီးဖို့၊ နစ်နာသူပြည်သူတွေက ထုတ်လုပ်ရောင်းချသူတွေကို တရားရုံးတွေမှာ တိုက်ရိုက်တရားစွဲဆိုတိုင်ကြားနိုင်ဖို့ လုပ်ငန်းတွေကို အမျိုးသားအစားအသောက်ဥပဒေတွေနဲ့ထောက်ပြပြီး အကြံပြုတင်ပြခဲ့ကြတယ်ကွ''

''သိပ်ကောင်းတယ်ကွာ။ အဲဒီအကြံပြုချက်တွေကိုသာ ထိရောက်အောင် အကောင်အထည်ဖော်ပေးခဲ့ရင်တော့ တို့စားသုံးသူတွေအတွက် အသက်အန္တရာယ်နဲ့ ကင်းဝေးနိုင်ကြတာပေါ့ကွာ။ အခုလဲ မင်းရှင်းပြတဲ့သတင်းအရ ပိုးသတ်ဆေးနည်းပညာကော်မတီက **"လူနှင့်ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး"** အတွက် ဆောင်ရွက်နေပြီဆိုတော့ ဝမ်းသာစရာပဲပေါ့ကွာ"

**"တိုက်တိုက်ဆိုင်ဆိုင်ပဲကွာ။ ၂၀၂၄ ခုနှစ် ဩဂုတ် ၁၉ ရက်မနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမမှာ မြေဩဇာကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးဒေါက်တာတင်ထွဋ်နဲ့ ကော်မတီဝင်တွေ မြေဩဇာကျွမ်းကျင်ပညာရှင်တွေပါဝင်တဲ့ မြေဩဇာကော်မတီရဲ့ (၄၂)ကြိမ်မြောက် အစည်းအဝေး ကျင်းပခဲ့တယ်ကွ။ အရည်အသွေးပြည့်မီတဲ့ မြေဩဇာတွေကို စိုက်ပျိုးရေးလုပ်ကိုင်သူ တောင်သူများထံရောက်ရှိဖို့နဲ့ မြေဩဇာမှတ်ပုံတင်ထုတ်ပေးထားတာ ၁၁၅၇၃ စောင်ရှိတဲ့အနက် လက်ရှိမှာ လုပ်ငန်းဆောင်ရွက်နေဆဲ မြေဩဇာမှတ်ပုံတင် ၆၈၂၃ စောင်ရှိကြောင်း ဖော်ပြထားတယ်ကွ"**

ဆိုလိုတာကကွာ မြေဩဇာတွေကို စနစ်တကျစိစစ်နေတဲ့ အကြောင်းပဲကွ။ မင်္ဂလာသတင်းပါပဲကွာ''

''စားသုံးသူတွေရဲ့အသက်အန္တရာယ်ကိုကာကွယ်ဖို့က ဥပဒေပြဋ္ဌာန်းချက်တွေနဲ့တင် မလုံလောက်ဘူးကွ။ ကာယကံရှင်တွေကိုယ်တိုင်ကလဲ အထူးသတိထားကြဖို့ မှတ်ဖွယ်မှတ်ရာ ဗဟုသုတတွေပါတဲ့ စာပေတွေကို ဖတ်မှတ်ကြဖို့၊ ဆောင်ဖို့၊ ရှောင်ဖို့တွေကို နားလည်ထားကြဖို့ လိုတယ်ကွ''

အခုလို **"စာဖတ်ရှိန်မြှင့်တင်ရေး"** လုပ်ငန်းတွေကိုအလေးထားလှုပ်ရှားနေကြချိန်မှာ စာများများဖတ်ကြမှတ်ကြရင်တော့ ဘေးအန္တရာယ်တွေကင်းဝေးပြီး ကောင်းကျိုးပေးကြမှာပေါ့ကွာ''

## နိုင်ငံချစ်စိတ်

– နိုင်ငံကို ချစ်ခဲ့လျှင်၊
ပြည်ပျက်ရန် သွေးထိုးစကား
ရှောင်ရှားအစဉ်၊
နိုင်ငံရဲ့ ဂုဏ်အင်
မြှင့်တင်ကာ စွမ်းဆောင်ပေး၊
ကိုယ်တာဝန် ကိုယ်ထမ်း
ကြိုးပမ်းစို့လေး။

– နိုင်ငံကို ချစ်ခဲ့လျှင်၊
ပြည်သူတွေ ဆိုစကား
နားထောင်စေချင်၊
အေးချမ်းလှ မြန်ပြည်တစ်ခွင်
မေတ္တာပန်းပင် စိုက်ပျိုးပေး၊
အဖျက်ရန် ပိုးကောင်ယုတ်
တိုက်ထုတ်စို့လေး။

– နိုင်ငံကို ချစ်ခဲ့လျှင်၊
တစ်ဦးကို တစ်ဦးက
ဖေးမလို့ကြင်၊
အမုန်းစကား နှုတ်ဖျားတွင်
ယောင်လို့ပင် မထွက်ရေး၊
နိုင်ငံတော် ချစ်သောစိတ်ကို
ထိပ်တန်းတင်ပေး။

– နိုင်ငံသည် မိမိဘဝ
အသက်မက မြတ်နိုးကြင်၊
ကိုယ့်နိုင်ငံ ကိုယ့်လက်ထက်
တိုးတက်စေချင်၊
စည်းလုံးခြင်း ပြည်အားအင်
အသိဝင် မျိုးဆက်သစ်၊
ကိုယ့်တာဝန် မပျက်တမ်း
(အမျိုးတို့ရေ)
ထမ်းရွက်တိုးချစ်။ ။

ချစ်သက်(မြန်မာစာ)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## တရုတ်နိုင်ငံက အာဖရိကအတွက် ထုတ်ပေးခဲ့သည့် ချေးငွေပမာဏ ဒေါ်လာ ၄ ဒသမ ၆၁ ဘီလီယံထိရှိ

**နယူးယောက် ဩဂုတ် ၂၉**

၂၀၂၃ ခုနှစ်အတွင်း အာဖရိကတိုက်အတွက် ချေးငွေပမာဏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၁ ဘီလီယံအထိရှိခဲ့ကြောင်း ယနေ့ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ပြီးခဲ့သည့် နှစ်အတွင်း တရုတ်နိုင်ငံက အာဖရိကတိုက်အတွက် ထုတ်ပေးရန် အတည်ပြုခဲ့သော ချေးငွေပမာဏမှာ ၂၀၁၆ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်နိုင်ငံ ဘော်စတွန်တက္ကသိုလ်မှ ပညာရှင်များ၏ အစီရင်ခံစာအရ သိရသည်။


တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ရပ်ဝန်းနှင့်လမ်းစဉ် အစီအစဉ်ကြောင့် အာဖရိကတိုက်သည် ၂၀၁၂ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် ကြားကာလအတွင်း တစ်နှစ်လျှင် ချေးငွေ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကျော်ထိ ရယူနိုင်ခဲ့ကြောင်း သိရသည်။

သို့ရာတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု စတင်ခဲ့သည့် ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း အာဖရိကတိုက်အတွက် တရုတ်နိုင်ငံက နှစ်စဉ်ထုတ်ပေးသည့် ချေးငွေပမာဏလည်း ကျဆင်းလာကြောင်း ဘော်လ်စတွန်တက္ကသိုလ် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ပြီးခဲ့သည့်နှစ်အတွင်း တရုတ်နိုင်ငံက အာဖရိကနိုင်ငံများသို့ ထုတ်ပေးခဲ့သော ချေးငွေများအနက် ပမာဏအများဆုံးမှာ တရုတ်ဖွံ့ဖြိုးရေးဘဏ်က နိုင်ဂျီးရီးယားနိုင်ငံအတွက် ထုတ်ပေးခဲ့သော ချေးငွေဖြစ်ပြီး အမေရိကန်ဒေါ်လာ တစ်ဘီလီယံနီးပါးထိ ရှိခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

## အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး ဂျိတ်ခ်ဆူလီဗန် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ပေကျင်းမြို့၌တွေ့ဆုံ



**ပေကျင်း ဩဂုတ် ၂၉**

တရုတ်နိုင်ငံသို့ ရောက်ရှိနေသော အမေရိကန်အစိုးရ အမျိုးသားလုံခြုံရေးအကြံပေး ဂျိတ်ခ်ဆူလီဗန်သည် ယနေ့တွင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး ဂျိတ်ခ်ဆူလီဗန်သည် ပေကျင်းမြို့၌ တရုတ်ထိပ်တန်းတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ သုံးရက်ကြာ ပြုလုပ်ခဲ့ပြီးနောက် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံနိုင်ခဲ့ခြင်း ဖြစ်သည်။

တရုတ်နှင့် အမေရိကန် နှစ်နိုင်ငံဆက်ဆံရေး တည်ငြိမ်ရေးအတွက် တရုတ်နိုင်ငံအနေဖြင့် လက်တွေ့ကျကျဆောင်ရွက်မည် ဖြစ်ကြောင်း ပေကျင်းမြို့ ပြည်သူ့မဟာခန်းမဆောင်၌ အမေရိကန် အမျိုးသား လုံခြုံရေးအကြံပေး ဂျိတ်ခ်ဆူလီဗန်ကို လက်ခံတွေ့ဆုံစဉ် တရုတ်သမ္မတ ရှီကျင့်ဖျင်က ကတိပေးခဲ့သည်။

အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး ဂျိတ်ခ်ဆူလီဗန်သည် အမေရိကန်သမ္မတ ရွေးကောက်ပွဲမတိုင်မီ တရုတ်နှင့် အမေရိကန်နိုင်ငံတို့ကြား တင်းမာမှုများကို လျှော့ချရန်ရည်ရွယ်၍ တရုတ်နိုင်ငံသို့ သုံးရက်ကြာ ခရီးအဖြစ် သွားရောက်ခဲ့ပြီး တရုတ် ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် မတွေ့ဆုံမီ ဂျိတ်ခ်ဆူလီဗန်သည် တရုတ်ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ကျန်းယူရှားနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ကျန်းယူရှားကို တရုတ်သမ္မတရှီကျင့်ဖျင်၏ အဓိကစစ်ရေးအကြံပေးအဖြစ် နိုင်ငံတကာသံတမန်များက မှတ်ယူထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ဆိုးလ်ယူနီယံ သင်္ဘောဆီသို့ ကယ်ဆယ်ရေး သင်္ဘောများလာရောက်ခွင့် ဟူသီအုပ်စု သဘောတူ

**နယူးယောက် ဩဂုတ် ၂၉**

ပင်လယ်နီ ရေပြင်အတွင်း မီးလောင်နေသည့် ဂရိမှတ်ပုံတင် ရေနံတင် သင်္ဘောတစ်စီးဆီသို့ ဆွဲသင်္ဘောများနှင့် ကယ်ဆယ်ရေးသင်္ဘောများ လာရောက်ခွင့်ပေးရန် ဟူသီသူပုန်အုပ်စုက သဘောတူထားကြောင်း ဩဂုတ် ၂၈ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဆိုးလ်ယူနီယံအမည်ရှိ အဆိုပါ ရေနံတင်သင်္ဘောသည် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ယီမင်နိုင်ငံ အိုဒိုင်ဒါဆိပ်ကမ်း ကမ်းလွန်၌ ဟူသီသူပုန်အုပ်စု၏ တိုက်ခိုက်မှုခံခဲ့ရပြီး အင်ဂျင်စက်ရပ်၍ မီးလောင်နေခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် နိုင်ငံတကာ အဖွဲ့အစည်းများ၏ ဆက်သွယ်မေတ္တာရပ်ခံချက်အရ ဆိုးလ်ယူနီယံ ရေနံတင်သင်္ဘောဆီသို့ ဆွဲသင်္ဘောများနှင့် ကယ်ဆယ်ရေးသင်္ဘောများ လာရောက်ခွင့်ပေးရန် ဟူသီအုပ်စုက သဘောတူထားကြောင်း ကုလသမဂ္ဂဆိုင်ရာ အီရန်သံကိုယ်စားလှယ်အဖွဲ့က ဩဂုတ် ၂၈ ရက်တွင် ပြောကြားထားသည်။

ဆိုးလ်ယူနီယံ ရေနံတင်သင်္ဘောသည် ရေနံစိမ်းပမာဏ တန်ချိန် ၁၅၀၀၀၀ အထိ တင်ဆောင်ထားကြောင်း သိရသည်။

ဆိုးလ်ယူနီယံရေနံတင်သင်္ဘောပေါ်ရှိ အဆိုပါရေနံစိမ်းများ ယိုစိမ့်ခဲ့ပါက ပင်လယ်နီဒေသ၌ အဏ္ဏဝါဂေဟစနစ်များ ပျက်ဆီးသွားနိုင်သည်ဟု ကျွမ်းကျင်သူများက သတိပေးထားကြောင်းသိရသည်။

Ref : RT
Trs : KKO



## တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ မြေကျွံတွင်းထဲသို့ ယာဉ်တစ်စီး ပြုတ်ကျမှုကြောင့် လူနှစ်ဦးဒဏ်ရာရရှိ

**ဆိုးလ် ဩဂုတ် ၂၉**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ယနေ့တွင် ရုတ်တရက်ပွင့်ထွက်လာသည့် မြေကျွံတွင်းထဲသို့ မော်တော်ယာဉ်တစ်စီး ကျရောက်ခဲ့ရာ လူနှစ်ဦး ဒဏ်ရာများရခဲ့ကြောင်း သိရသည်။

အဆိုပါ မြေကျွံတွင်းသည် ဆိုးလ်မြို့ ဆိုဒေမွန်ခရိုင် ကားလမ်းတစ်ခု၏ အလယ်တွင် ပေါ်ထွက်လာခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။



မြေကျွံတွင်းထဲ မော်တော်ယာဉ် ပြုတ်ကျမှုကြောင့် ဒဏ်ရာရခဲ့သူများမှာ အသက် ၇၀ အရွယ် အမျိုးသမီးတစ်ဦးနှင့် အသက် ၈၀ အရွယ် အမျိုးသားတစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

ရုတ်တရက် ပေါ်ထွက်လာသည့် မြေကျွံတွင်းကြောင့် ကားလမ်းပေါ်တွင် ယာဉ်အသွားအလာများ ဆိုးဆိုးရွားရွားပိတ်ဆို့ခဲ့ရသည်။

လက်ရှိအချိန်တွင် မြေကျွံတွင်း ရုတ်တရက် ပေါ်ထွက်လာမှု အကြောင်းတရားကို တောင်ကိုရီးယား တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

ဩဂုတ် ၂၃ ရက်ကလည်း မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ မြေကျွံတွင်း ပေါ်ထွက်လာမှုကြောင့် အိန္ဒိယနိုင်ငံသား အမျိုးသမီးတစ်ဦး မြေကျွံတွင်းထဲ ပြုတ်ကျ ပျောက်ဆုံးခဲ့ရကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## အမေရိကန်နိုင်ငံသား ၉၂ ဦး ပြည်ဝင်ခွင့် ပိတ်ပင်ကြောင်း ရုရှားထုတ်ပြန်

**မော်စကို ဩဂုတ် ၂၉**

အမေရိကန်အစိုးရ၏ ရုရှားဆန့်ကျင်ရေးမူဝါဒကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်နိုင်ငံသား ၉၂ ဦးကို ပြည်ဝင်ခွင့်ပိတ်ပင်ထားကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ဩဂုတ် ၂၈ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ရုရှား နိုင်ငံခြားရေးဝန်ကြီးဌာနက ရုရှားပြည်ဝင်ခွင့်ပိတ်ထားသော အမေရိကန်နိုင်ငံသားများထဲတွင် သတင်းသမားများ၊ ရှေ့နေများနှင့် စစ်ဘက်ဆိုင်ရာ စက်မှုလုပ်ငန်းများမှ အကြီးအကဲများလည်း ပါဝင်ကြောင်း သိရသည်။

အမေရိကန်အစိုးရ၏ ရုရှားဆန့်ကျင်ရေးမူဝါဒကို တုံ့ပြန်သည့်အနေဖြင့် ရုရှားပြည်ဝင်ခွင့်ပိတ်ပင်ထားသော အမေရိကန်နိုင်ငံသားများစာရင်းကို ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက တယ်လီဂရမ်၌ ကြေညာထားသည်။

အဆိုပါ အမေရိကန်နိုင်ငံသား ၉၂ ဦးထဲတွင် နယူးယောက်တိုင်းမ်၊ ဝေါလ်စထရိဂျာနယ်သတင်းစာနှင့် ဝါရှင်တန်ပို့စ်ကဲ့သို့ အမေရိကန်မီဒီယာကြီးများမှ သတင်းသမားများ၊ အယ်ဒီတာအဖွဲ့ဝင်များလည်း ပါဝင်ကြောင်း သိရသည်။


ယူကရိန်းစစ်ပွဲ စတင်ခဲ့သည့် ၂၀၂၂ ခုနှစ်မှစ၍ ရုရှားနှင့် အမေရိကန်နိုင်ငံတို့ကြား ဆက်ဆံရေးမှာ စစ်အေးတိုက်ပွဲပြီးဆုံးပြီးနောက်ပိုင်း အဆိုးဆုံးအခြေအနေသို့ ရောက်ခဲ့ရသည်။

ရုရှားနိုင်ငံသည် ယခင်ကလည်း အမေရိကန်လွှတ်တော် အမတ်များကို ပြည်ဝင်ခွင့်ပိတ်ပင်ခဲ့ဖူးကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## အလင်းအားအကောင်းဆုံး ကြယ်စုဗဟိုချက် အာကာသတွင်းနက်တစ်ခုကို သြစတြေးလျသိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား




**ကင်ဘာရာ သြဂုတ် ၂၉**

အလင်းအား အကောင်းဆုံး ကြယ်စုဗဟိုချက် အာကာသတွင်းနက်(ကွာဆာ)တစ်ခုကို သြစတြေးလျ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း သြဂုတ် ၂၈ ရက်သတင်းများအရ သိရသည်။

J 0529-4351 အမည်ရှိ အဆိုပါ ကြယ်စု ဗဟိုချက်တွင်းနက်ကို ဥရောပတောင်ပိုင်း နက္ခတ္တရူပဗေဒ လေ့လာရေးစခန်း၏ ဗွီအယ်တီ ရေဒီယိုတယ်လီစကုပ် အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

J 0529-4351 ကွာဆာ၏ အလင်းအားသည် နေအစင်းပေါင်း ထရီလီယံ ၅၀၀ ကျော်၏ အလင်းအားနှင့်ညီမျှသည်ဟု သြစတြေးလျ သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

ထို့ပြင် J 0529-4351 ကွာဆာသည် ရှာဖွေတွေ့ရှိခဲ့ဖူးသမျှ ကြီးထွားနှုန်းအမြန်ဆုံး ကွာဆာဖြစ်ပြီး တစ်ရက်လျှင် နေတစ်စင်းနှုန်းနှင့် ညီမျှသည့်နှုန်းဖြင့် ကြီးထွားနေကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

J 0529-4351 သည် ဒြပ်ထုအားဖြင့် နေအစင်း ၁၇ ဘီလီယံ၏ ဒြပ်ထုနှင့်ညီမျှပြီး တစ်ရက်လျှင် နေတစ်စင်းနှုန်း ဝါးမျိုနေမှုကြောင့် ကြီးထွားမှုနှုန်းအမြန်ဆုံး ကွာဆာတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

J 0529-4351 ကွာဆာသည် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၁၂ ဘီလီယံအကွာတွင် တည်ရှိကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

Ref : Russia Today

Trs : KKO

## Space-X ကုမ္ပဏီကလွှတ်တင်ခဲ့သည့် ဖယ်လ်ကွန်-၉ ဒုံးပျံတစ်စင်း၏ ပထမအဆင့်ပင်မဒုံးယာဉ် ပြန်လည်ဆင်းသက်ချိန်တွင် မီးလောင်ကျွမ်းခဲ့

**ဝါရှင်တန် သြဂုတ် ၂၉**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာ ကုမ္ပဏီက လွှတ်တင်ခဲ့သည့် ဖယ်လ်ကွန်-၉ ဒုံးပျံတစ်စင်း၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် မောင်းသူမဲ့တွဲရေယာဉ်ပေါ် ပြန်လည်ဆင်းသက်ချိန်တွင် မီးလောင်ကျွမ်း၍ ပေါက်ကွဲပျက်စီးခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် သြဂုတ် ၂၈ ရက်တွင် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၁ စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့သည်။

အဆိုပါမစ်ရှင်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့် ဒုံးယာဉ်သည် စတားလင့်ခ်ဂြိုဟ်တု ၂၁ စင်းကို ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်နိုင်ခဲ့ကြောင်း သိရသည်။




သို့ရာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပင်မဒုံးယာဉ်ကမူ အတ္တလန္တိတ် သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ ပြန်လည်ဆင်းသက်ပြီးချိန်တွင် မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ပြီး သင်္ဘောပေါ်၌ ပျက်စီးခဲ့ရကြောင်း Space-X ကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားသည်။

Space-X ကုမ္ပဏီသည်အဆိုပါ ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပင်မဒုံးယာဉ်ကို သြဂုတ် ၂၈ ရက် စတားလင့်ခ်မစ်ရှင်အပါအဝင် မစ်ရှင်ပေါင်း ၂၃ ခုအတွက် စံချိန်တင် အသုံးပြုခဲ့ပြီးဖြစ်သည်။

Space-X ကုမ္ပဏီသည် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ပင်မဒုံးယာဉ်များ ပြန်လည်ဆင်းသက်မှုကို အကြိမ်ပေါင်း ၂၆၇ ကြိမ်ထိ ဆက်တိုက်အောင်မြင်စွာ လုပ်ဆောင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်း နယ်မြေ၏အနောက်ဘက်အနားစွန်းနယ်မြေပေါ်သို့ စတင်တက်ရောက်နေ

**ဝါရှင်တန် သြဂုတ် ၂၉**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် သြဂုတ် ၂၇ ရက်တွင် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်း နယ်မြေ၏အနောက်ဘက် အနားစွန်းနယ်မြေပေါ်သို့ စတင်တက်ရောက်နေပြီဖြစ်ကြောင်း သြဂုတ် ၂၈ ရက် သတင်းများအရ သိရသည်။

ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ် မျက်နှာပြင် လေ့လာရေးယာဉ်သည် ဂျီဇီးရိုး ဥက္ကာချိုင့်ဝှမ်းနယ်မြေအတွင်း သုံးနှစ်ခွဲကြာ လှည့်ပတ်သွားလာခဲ့ပြီးနောက် ဥက္ကာချိုင့်ဝှမ်းအနောက်ဘက် အနားစွန်းပေါ်သို့ စတင်တက်ရောက်နေခြင်းဖြစ်ကြောင်း သိရသည်။

ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်း တွင်းနှုတ်ခမ်းသားထက် ရောက်ရှိရန် ပေ ၁၀၀၀ ခန့် တက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။

တွင်းနှုတ်ခမ်းသားထက် ရောက်ရှိပြီးချိန်တွင် ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် ကျောက်သားနမူနာများ တူးဖော်ရယူမည်ဖြစ်ကြောင်း နာဆာက ကြေညာထားသည်။

ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် ၂၀၂၁ ခုနှစ်တွင် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းနယ်မြေ၌ ဆင်းသက်ခဲ့ပြီးနောက် ကျောက်သားနမူနာ တူးဖော်ရယူမှု ၂၂ ကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## ဆူညံရပ်ကွက်များ၌ နေထိုင်သူများ နှလုံးဖောက်နိုင်ခြေ ပုံမှန်ထက်မြင့်မား

**ဘာလင် သြဂုတ် ၂၉**

ဆူဆူညံညံလူနေရပ်ကွက်များ၌ နေထိုင်သူများတွင် နှလုံးရုတ်တရက် ဖောက်နိုင်ခြေပုံမှန်ထက် မြင့်မားကြောင်း သုတေသနပညာရှင်များက သြဂုတ် ၂၈ ရက်တွင် ပြောကြားသည်။

နှလုံး ရုတ်တရက်မဖောက်မီနှင့် ဖောက်ပြီးချိန် နှလုံးကျန်းမာရေးအခြေအနေအပေါ် လူနာနေထိုင်ရာရပ်ကွက် မည်မျှဆူညံခြင်း ရှိ၊ မရှိ ဟူသည့် အချက်က အကျိုးသက်ရောက်မှုရှိနေတတ်ကြောင်း ဂျာမနီ သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ ဆူညံသည့်ရပ်ကွက်များတွင် နေထိုင်ကြသည့် အသက် ၅၀ အောက်အရွယ်ရှိသူများမှာ နှလုံးရုတ်တရက်ဖောက်မှုပြဿနာဖြင့် ရင်ဆိုင်ရနိုင်ခြေပုံမှန်ထက်မြင့်မားနေသည်ကိုတွေ့ရကြောင်း ဂျာမနီ သုတေသန ပညာရှင်များက ပြောကြားသည်။

ဆောက်လုပ်ရေးလုပ်ငန်း ဆူညံသံများ၊ ကားဟွန်းတီးသံများ၊ လူစုလူဝေးဆူညံသံများသည် မြို့ပြနေသူများ စိတ်ဖိအားဝင်ရမှု၏ အဓိကနောက်ခံအကြောင်းတရားများဖြစ်ကြကြောင်း သိရသည်။

စိတ်ဖိအား ဝင်ရောက်မှုပြဿနာကို နှလုံးကျန်းမာရေးပြဿနာများပေါ်ထွက်လာရမှု၏ အဓိက နောက်ခံအကြောင်းတရားတစ်ရပ်အဖြစ် နိုင်ငံတကာ ဆေးပညာရှင်များက လက်ခံထားသည်။

ဂျာမနီ သုတေသနပညာရှင်များသည် နှလုံးရုတ်တရက်ဖောက်မှုဖြင့် ရင်ဆိုင်ခဲ့ရသည့် အသက် ၅၀ အောက် မြို့ပြနေပြည်သူ ၄၃၀ တို့ကို အချိန်ယူစောင့်ကြည့်လေ့လာခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## လက်ရှိ ကိုဗစ်ရောဂါမျိုးကွဲသစ်အတွက် ဖန်တီးထားသော ကာကွယ်ဆေးများ အသုံးပြုခွင့်ကို FDA အတည်ပြု

**နယူးယောက် သြဂုတ် ၂၉**

လက်ရှိကူးစက်နေသောကိုဗစ်ရောဂါမျိုးကွဲသစ်အတွက် ရည်ရွယ်မွမ်းမံဖန်တီးထားသော ကိုဗစ်ရောဂါ ကာကွယ်ဆေးများ အသုံးပြုခွင့်ကို အမေရိကန်အစိုးရ အစားအစာနှင့်ဆေးဝါးလုံခြုံရေး အေဂျင်စီ (FDA)က အတည်ပြုပေးထားကြောင်း သြဂုတ် ၂၈ ရက် သတင်းများအရ သိရသည်။

Pfizer နှင့် Moderna ကုမ္ပဏီက ထုတ်လုပ်ထားသည့် အဆိုပါ ကိုဗစ်ရောဂါ ကာကွယ်ဆေးသစ်များကို အသက် ခြောက်လနှင့် အထက်ရှိသူများ ထိုးနှံနိုင်ကြောင်း FDA သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Pfizer နှင့် Moderna တို့၏ ကိုဗစ်ရောဂါ ကာကွယ်ဆေးသစ်များသည် အမေရိကန်နိုင်ငံ၌ လက်ရှိကူးစက်နေသည့် ကိုဗစ်ရောဂါ မျိုးကွဲသစ်များအတွက် ရည်ရွယ်သည့် ကာကွယ်ဆေးများဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၌ လက်ရှိကူးစက်နေသည့် ကိုဗစ်ရောဂါ အမျိုးအစားသစ်မှာ အိုမီခရွန်မျိုးကွဲမှ ထပ်မံဆင့်ကဲထွက်ပေါ်လာသော KP-2 ခေါ် ဗိုင်းရပ်မျိုးကွဲဖြစ်ကြောင်း သိရသည်။

တုပ်ကွေးရောဂါကာကွယ်ဆေးများကဲ့သို့ပင် ကိုဗစ်ရောဂါကာကွယ်ဆေးများကိုလည်း နှစ်စဉ်မွမ်းမံပေးနေရန်လိုကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

## နိုင်ငံလက်ရွေးစင် ကစားသမားဘဝမှ အနားယူကြောင်း မန်ယူကစားသမား အီဗန် ထုတ်ပြန်

မန်ချက်စတာ ဩဂုတ် ၂၉

မန်ယူအသင်း ခံစစ်ကစားသမား အီဗန်သည် ပြီးခဲ့သည့်ဇွန်လက စပိန်အသင်းနှင့် နောက်ဆုံးကစားခဲ့သည့် ချစ်ကြည်ရေးခြေစမ်းပွဲစဉ်တွင် မြောက်အိုင်ယာလန် အသင်းအတွက် ပါဝင်ကစားခဲ့ပြီးနောက် ယခုအခါ နိုင်ငံလက်ရွေးစင်အသင်းမှ အနားယူမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ခံစစ်ကစားသမား အီဗန်သည် စပိန်အသင်းနှင့် ကစားခဲ့သည့် ပွဲစဉ်တွင် ငါးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း မြောက်အိုင်ယာလန်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၀၇ ပွဲထိရှိလာခဲ့ကာ နောက်ဆုံးပွဲစဉ်ပါဝင်ကစားခဲ့ပြီးနောက် ယခုအခါ လက်ရွေးစင်အသင်းမှ အနားယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အီဗန်သည် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလက စပိန်အသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် မြောက်အိုင်ယာလန် အသင်းအတွက် ပထမဆုံး စတင်ပွဲထွက်ခွင့်ရရှိခဲ့ပြီး အသင်းနှင့်အတူ ယူရိုပြိုင်ပွဲနှင့် ကမ္ဘာ့ဖလား ခြေစစ်ပွဲတို့အပါအဝင် ပြိုင်ပွဲစုံတွင် ပါဝင်ကစားခဲ့ရာ ပွဲပေါင်း ၁၀၇ ပွဲတွင် သွင်းဂိုး ခြောက်ဂိုးထိ သွင်းယူနိုင်ခဲ့ပြီးနောက် လာမည့်စက်တင်ဘာလတွင် ကစားရမည့် နိုင်ငံပွဲစဉ်များမတိုင်မီ လက်ရွေးစင်အသင်းမှ အနားယူခဲ့ကြောင်း သိရသည်။

Ref : 90 Min

Trs : ML

## ကွာရာဘောင်းဖလား တတိယအဆင့်တွင် လက်ရှိချန်ပီယံ လီဗာပူးနှင့် ဝက်ဟမ်းအသင်းတို့ ထိပ်တိုက်တွေ့ဆုံ



လန်ဒန် ဩဂုတ် ၂၉

ကွာရာဘောင်းဖလား တတိယအဆင့် မဲခွဲပွဲတွင် လက်ရှိချန်ပီယံ လီဗာပူးအသင်းသည် ဘုန်းမောက်အသင်းကို အနိုင်ရခဲ့သည့် ပရီးမီးယားလိဂ်ပြိုင်ဘက် ဝက်စ်ဟမ်းအသင်းနှင့် ထိပ်တိုက်တွေ့ဆုံနေကြောင်း သိရသည်။

ကွာရာဘောင်း ဖလားပြိုင်ပွဲတွင် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီ ပရီးမီးယားလိဂ် အမှတ်ပေးဇယားတွင် ဥရောပပြိုင်ပွဲဝင်ခွင့်ရသည့် မန်စီးတီး၊ အာဆင်နယ်၊ လီဗာပူး၊ အေဗီလာ၊ စပါး၊ မန်ယူ၊ ချဲလ်ဆီးအသင်းတို့ အနေဖြင့် တတိယအဆင့်မှ စတင်ယှဉ်ပြိုင်ခဲ့ရပြီး အသင်းငယ်များဖြင့်သာ တွေ့ဆုံခဲ့သည်။

တတိယအဆင့်တွင် အာဆင်နယ်အသင်းအနေဖြင့် လိဂ်-၂ က ကလပ် ဘော်တန်အသင်းနှင့်လည်းကောင်း၊ မန်စီးတီးအသင်းက ဝက်ဖို့ဒ်အသင်းနှင့်လည်းကောင်း၊ မန်ယူအသင်းက ဘာန်စလေအသင်းနှင့် လည်းကောင်း၊ ဝိုင်ကွမ်ဘီအသင်းက အေဗီလာအသင်းနှင့်လည်းကောင်း၊ ကိုဗင်ထရီအသင်းက စပါးအသင်းနှင့်လည်းကောင်း၊ ဝါဆောအသင်းက လက်စတာအသင်းနှင့်လည်းကောင်း၊ ဘရန့်ဖို့ဒ်အသင်းက လေတန်အသင်းနှင့်လည်းကောင်း၊ ဘလက်ပူးအသင်းက ရှက်ဖီး(w)အသင်းနှင့်လည်းကောင်း၊ ပရက်စတန်အသင်းက ဖူလ်ဟမ်အသင်းနှင့်လည်းကောင်း၊ အဲဗာတန်အသင်းက ဆောက်သမ်တန်အသင်းနှင့်လည်းကောင်း၊ ကျူပီအာအသင်းက ပဲလေ့စ်အသင်းနှင့်လည်းကောင်း၊ စတုတ်အသင်းက ဖလက်ဝုဒ် အသင်းနှင့်လည်းကောင်း၊ ဘရိုက်တန်အသင်းက ဝုဗ်အသင်းနှင့်လည်းကောင်း၊ ဝင်ဘယ်ဒန်အသင်းက နယူးကာဆယ်အသင်းနှင့်လည်းကောင်း၊ ချဲလ်ဆီးအသင်းက ဘာရိုးအသင်းနှင့်လည်းကောင်း တွေ့ဆုံခဲ့ကြောင်း သိရသည်။

တတိယအဆင့်တွင် ပြိုင်ပွဲဝင်အသင်း ၃၂ သင်းထိရှိလာခဲ့ပြီး အဆိုပါပွဲစဉ်များကို လာမည့်စက်တင်ဘာ ဒုတိယပတ်နှင့် တတိယပတ်တို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Ref : Efl.com

Trs : ML

## ပရီးမီးယားလိဂ် ပွဲစဉ်(၃) ပွဲကြိုသုံးသပ်ချက်

ML

**အာဆင်နယ် Vs ဘရိုက်တန်**

ကစားမည့်ရက်/အချိန် ၃၁-၈-၂၀၂၄ (ည ၆း၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဘရိုက်တန် ၀ - ၃ အာဆင်နယ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | |
|---|---|---|---|
| အာဆင်နယ် | - အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(နိုင်) |
| ဘရိုက်တန် | - ဝေး(နိုင်) | အိမ်(နိုင်) | အိမ်(နိုင်) |

အာဆင်နယ်အသင်းဟာ အသင်းလိုက် ကစားအားကောင်းနေတာကြောင့် နောက်ဆုံးသုံးပွဲမှာ ခြောက်ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး ခံစစ်ပိုင်း ပေးဂိုးမရှိတာကိုတွေ့ရမှာပါ။ ဘရိုက်တန်ကလဲ ပြီးခဲ့တဲ့ပွဲမှာ မန်ယူကို အနိုင်ရခဲ့လို့ ယုံကြည်မှုပိုကောင်းနေပေမဲ့ ခံစစ်ပိုင်းအားနည်းချက်က အာဆင်နယ်ရဲ့တိုက်စစ်ကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့တော့ ခက်မှာပါ။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ ပုံစံကောင်းရနေတဲ့ အာဆင်နယ်အသင်းကို အားပေးရမှာပါ။

ခန့်မှန်းရလဒ် - အာဆင်နယ် ၂-၁ ဘရိုက်တန်

## US Open တင်းနစ်ပြိုင်ပွဲတတိယအဆင့်သို့ ဂျိုကိုဗစ်တက်ရောက်

နယူးယောက် ဩဂုတ် ၂၉

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပနေသည့် US Open အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ၏ ဒုတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဆာဘီးယား နိုင်ငံသားများဖြစ်သည့် ဂျိုကိုဗစ်နှင့် လက်စလိုတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က (၆-၄၊ ၆-၄၊ ၂-၀) ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်သည် ပထမပွဲငယ်နှင့် ဒုတိယပွဲငယ်တို့တွင် အနိုင်ရရှိခဲ့ပြီး တတိယပွဲငယ်အား ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ လက်စလိုသည် ကစားနေရင်း ဒဏ်ရာရရှိခဲ့သည့်အတွက် ပွဲပြီးဆုံးအောင် ကစားနိုင်ခဲ့ခြင်းမရှိဘဲ ပွဲအား ရပ်နားခဲ့ရသည်။

ဂျိုကိုဗစ်က "ပထမပွဲငယ်မှာ အဆင်ပြေပြေနဲ့ အနိုင်ရအောင် ကစားနိုင်ခဲ့ပေမဲ့လဲ ဒုတိယပွဲငယ်မှာတော့ အနိုင်ရဖို့ခက်ခဲခဲ့တယ်။ လက်စလိုအနေနဲ့ အခွင့်အရေးကောင်းတွေကိုသာ အသုံးချနိုင်မယ်ဆိုရင် ဒုတိယပွဲငယ်မှာ သူအနိုင်ရသွားနိုင်တယ်။ တတိယပွဲငယ်မှာတော့ လက်စလိုအနေနဲ့ ဒဏ်ရာ ရရှိသွားခဲ့တဲ့အတွက် ပွဲပြီးအောင် ကစားနိုင်ခဲ့ခြင်းမရှိတော့ပါဘူး။ လက်စလိုရဲ့ ဒဏ်ရာ အမြန်ဆုံး သက်သာလာပါစေလို့ ဆုတောင်းပေးပါတယ်။ ကျွန်တော့်အနေနဲ့ အောင်မြင်မှုရဖို့ဆိုရင်တော့ ကစားပုံ ဒီထက်ပိုတိုးတက်လာဖို့ လိုအပ်နေပါသေးတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

## အတ္တလန်တာကစားသမား ကူမိုင်နာကို ခေါ်ယူနိုင်ခဲ့ကြောင်း ဂျူဗင်တပ်အသင်းထုတ်ပြန်

ရောမ ဩဂုတ် ၂၉

ဂျူဗင်တပ် အသင်းသည် နွေရာသီ အပြောင်းအရွှေ့ကာလ မတိုင်ခင်ကတည်းက ကူမိုင်နာကို ခေါ်ယူရန် ကြိုးပမ်းခဲ့ရာ ယခုအခါ ပြောင်းရွှေ့ကြေး ယူရို သန်း ၆၀ ဖြင့် ခေါ်ယူနိုင်ခဲ့ပြီး ငါးနှစ်စာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ကွင်းလယ် ခံစစ်ကစားသမား ကူမိုင်နာကို ပရီးမီးယားလိဂ် ကလပ် လီဗာပူးအသင်းကလည်း ခေါ်ယူရန် အစွမ်းကုန်ကြိုးပမ်းခဲ့သော်လည်း ဂျူဗင်တပ်အသင်းကသာ လက်ဦးမှုရယူနိုင်ခဲ့ပြီး ကနဦးပြောင်းရွှေ့ကြေး ယူရို ၅၁ ဒသမ ၃ သန်းကို လေးနှစ် အရစ်ကျပေးချေရန် သဘောတူညီမှုရခဲ့ကာ လေးနှစ်အတွင်း အပိုကုန်ကျစရိတ် ၃ ဒသမ ၄ သန်းပါဝင်ခဲ့ပြီး ကစားသမားအတွက် အပိုဆုကြေး ယူရို ၆ သန်းအပါအဝင် စုစုပေါင်း ယူရိုသန်း ၆၀ ကျော် အသုံးပြုခဲ့ရသောကြောင့် ယခုနွေရာသီ စီးရီးအေပြိုင်ပွဲတွင် ပြောင်းရွှေ့ကြေး အများဆုံးဖြင့် ခေါ်ယူခဲ့ရသည့် ကစားသမားတစ်ဦးဖြစ်ခဲ့ကြောင်း သိရသည်။

ကူမိုင်နာသည် အတ္တလန်တာအသင်းသို့ ၂၀၂၁ ခုနှစ်က စတင်ရောက်ရှိခဲ့ပြီးနောက် အသင်းနှင့် ကစားခဲ့သည့် ဘောလုံးရာသီ သုံးရာသီအတွင်း စီးရီးအေပြိုင်ပွဲ ၉၇ ပွဲတွင် သွင်းဂိုး ၂၆ ဂိုးထိ သွင်းယူနိုင်ခဲ့သည့်အပြင် ပြီးခဲ့သည့် ဘောလုံးရာသီက အတ္တလန်တာအသင်းအား ယူရိုပါလိဂ်ဆုဖလား ရရှိအောင် အဓိကနေရာမှ ပါဝင်ကူညီပေးခဲ့ကာ စီးရီးအေသွင်းဂိုး ၁၂ ဂိုးထိ သွင်းယူခဲ့သောကြောင့် ဂိုးသွင်းအများဆုံး နယ်သာလန် ကွင်းလယ် ကစားသမားအဖြစ်




ရပ်တည်နိုင်ခဲ့သည်။

ဂျူဗင်တပ် အသင်းသည် လက်ရှိ အပြောင်းအရွှေ့ကာလတွင် ပေါ်တိုအသင်းမှ ကွန်စီကာအို၊ ဖီအိုရင်တီးနားအသင်းမှ ဂွန်ဇာလက်ဇ်၊ အေစီမီလန်မှ ကာလူလူ၊ နိုက်အသင်းမှ မားကပ်သူရမ်၊ ဗီရိုနာအသင်းမှ ကာဘယ်၊ အေဗီလာအသင်းမှ ဒေါက်ကလပ်လူးဝစ်၊ မွန်ဇာအသင်းမှ ဂိုးသမား ဂရီဂိုရီတို့ကို ခေါ်ယူနိုင်ခဲ့ပြီးနောက် ကူမိုင်နာကို ရှစ်ယောက်မြောက် ကစားသမားအဖြစ် ခေါ်နိုင်ခဲ့ပြီး ၎င်းသည် အသင်း၏ ကျောနံပါတ် ၈ ကို ဝတ်ဆင်ကစားမည်ဖြစ်ကြောင်း သိရသည်။

Ref : Jventus

Trs : ML

## အားကစားသတင်းအတိုအထွာများ

- အာဆင်နယ်အသင်း ဂိုးသမား ရမ်ဒေးလ်ကို ဆောက်သမ်တန်အသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၅ သန်းဖြင့် ခေါ်ယူရန် နောက်ဆုံးအဆင့် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။
- အာဆင်နယ်အသင်းက စိတ်ဝင်စားနေသည့် တိုက်စစ်မှူး ဒါဝင်နူနက်ကို လီဗာပူးအသင်းက ပြောင်းရွှေ့ကြေး ယူရိုသန်း ၁၁၀ ရရှိပါက ရောင်းချမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ဂျာအိုဖီးလစ်ကို ခေါ်ယူနိုင်ခြင်းမရှိသည့် အေဗီလာအသင်းက ဘာစီလိုနာအသင်း တောင်ပံကစားသမား ရာဖင်ဟာကို ခေါ်ယူရန် ထပ်မံကြိုးပမ်းနေကြောင်း သိရသည်။

ML

# WBO အဖွဲ့ချုပ်က WBA၊ WBO လိုက်မစ်ဒယ်ဝိတ်တန်း ယာယီကမ္ဘာ့ချန်ပီယံ ခရောဖို့ဒ်အား ဖန်ဒိုရာနှင့်ထိုးသတ်ရန် ညွှန်ကြား

ဆန်ဂျူအန် ဩဂုတ် ၂၉

ပွာတိုရီကို နိုင်ငံအခြေစိုက် ကမ္ဘာ့လက်ဝှေ့အဖွဲ့အစည်း(WBO) က WBA၊ WBO လိုက်မစ်ဒယ်ဝိတ်တန်း ယာယီကမ္ဘာ့ချန်ပီယံ အမေရိကန်လက်ဝှေ့သမား ခရောဖို့ဒ်အားWBO၊ WBC လိုက်မစ်ဒယ်ဝိတ်တန်း ယာယီကမ္ဘာ့ချန်ပီယံ တစ်ဦးဖြစ်သည့် အမေရိကန်လက်ဝှေ့သမား ဖန်ဒိုရာနှင့် ထိုးသတ်သွားရန် ညွှန်ကြားလိုက်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။





ဖန်ဒိုရာသည် အမေရိကန်လက်ဝှေ့သမား အဲရိုလ်စပန့်နှင့် ထိုးသတ်သွားရန် ဆန္ဒရှိနေသကဲ့သို့ ခရောဖို့ဒ်ကလည်း မက္ကဆီကိုလက်ဝှေ့သမား ကန်နဲလိုနှင့် ထိုးသတ်သွားရန် ဆန္ဒရှိနေသည်။

သို့သော်လည်း WBO က စည်းမျဉ်းစည်းကမ်းအရ ခရောဖို့ဒ်အနေဖြင့် ဖန်ဒိုရာနှင့် ထိုးသတ်သွားရမည် ဖြစ်သည့်အတွက် ၎င်းတို့ကြား ဆွေးနွေးမှုပြုလုပ်သွားရန် ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

WBO အဖွဲ့ချုပ်က "WBO လိုက်မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် ဆုကြေးငွေကို အမေရိကန်ဒေါ်လာ ၂၀၀၀၀၀ သတ်မှတ်ထားပါတယ်။ စိန်ခေါ်ပွဲအတွက် စည်းမျဉ်းစည်းကမ်းနဲ့ ကိုက်ညီတဲ့ ခရောဖို့ဒ်နဲ့ ဖန်ဒိုရာတို့ကို ထိုးသတ်သွားဖို့ ညွှန်ကြားလိုက်ပါတယ်။ ဆွေးနွေးညှိနှိုင်းမှုအချိန်အနေနဲ့ ရက် ၃၀ သတ်မှတ်ပေးထားပါတယ်။ သတ်မှတ်ပေးထားတဲ့ အချိန်အတွင်း သဘောတူညီချက်ရယူပြီး နှစ်ဦးသဘောတူစာချုပ်ကို ရက် ၃၀ အတွင်း WBO အဖွဲ့ချုပ်ထံ ပေးပို့သွားရမှာဖြစ်ပါတယ်"ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# အမျိုးသမီးအာရှချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်တွင် မြဝတီအမျိုးသမီးအသင်းက Abu Dhabi Country Club အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်ရှုံးနိမ့်



ရန်ကုန် ဩဂုတ် ၂၉

ဆော်ဒီနိုင်ငံ ရီယာ့ဒ်မြို့တွင် ကျင်းပလျက်ရှိသည့် အမျိုးသမီးအာရှချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်အဖြစ် ဩဂုတ် ၂၈ ရက် မြန်မာစံတော်ချိန် ည ၉ နာရီက မြန်မာကလပ် မြဝတီအမျိုးသမီးအသင်းနှင့် ယူအေအီးကလပ် Abu Dhabi Country Club အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြဝတီအမျိုးသမီးအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မြဝတီ အမျိုးသမီးအသင်းက ဂိုးသမား နေရာတွင် အိစန္ဒာဇော်၊ ဖြူဖြူဝင်း၊ ပုံ့ပုံ့ပြည့်မောင်၊ ရူပါခိုင်၊ အေးမျိုးမြတ်၊ လာအယ်ဝါ၊ ခိုင်သဇင်၊ ခင်ဇာဇာဝင်း၊ အေးအေးမိုး၊ ဇင်မာထွန်းနှင့် ပန်းအိခိုင် အစရှိသည့် အဓိက ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ပြီး ပွဲစကတည်းက နှစ်သင်းစလုံး အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ဒုတိယပိုင်းတွင်လည်း ပိုမိုတိုက်စစ်ဆင် ဖိအားပေးမှုများကြောင့် ပိုမိုအကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၈၈ မိနစ်တွင် ဖာတီမအယ်မာဇူကီက Abu Dhabi Country Club အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုး သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် Abu Dhabi Country Club အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မြဝတီ အမျိုးသမီးအသင်းသည် အမျိုးသမီးအာရှချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ် နှစ်ပွဲကစားခဲ့ရာ အယ်နာဆာ အမျိုးသမီးအသင်းကို သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ Abu Dhabi Country Club အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း ရှုံးနိမ့်ခဲ့ပြီး အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဩဂုတ် ၃၁ ရက်တွင် လာအိုကလပ် Young Elephant အမျိုးသမီးအသင်းနှင့် ဆက်လက် ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

STA

# AYA Pay Futsal Championship 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဩဂုတ် ၂၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် AYA Pay Futsal Championship 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက် ၉ နာရီမှစတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium တွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့နံနက် ၉ နာရီတွင် FCT Youth အသင်းနှင့် YRG FC အသင်းတို့ ကစားခဲ့ရာ YRG FC အသင်းက ခြောက်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၀ နာရီခွဲတွင် Sar Bal Gyi Doh FC အသင်းနှင့် MH Dream Team အသင်းတို့ ကစားခဲ့ရာ MH Dream Team အသင်းက လေးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ မွန်းတည့် ၁၂ နာရီတွင် Generations FC အသင်းနှင့် SGF FC အသင်းတို့ ကစားခဲ့ရာ SGF FC အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြသည်။

နေ့လယ် ၁ နာရီခွဲတွင် Pyae Son FC အသင်းနှင့် Gold Dream FC အသင်းတို့ကစားခဲ့ရာ Pyae Son FC အသင်းက ၁၂ ဂိုး ပြတ်ဖြင့်လည်းကောင်း၊ ညနေ ၃ နာရီ၌ Futsal 19 အသင်းနှင့် TG United အသင်းတို့ ကစားခဲ့ရာ TG United အသင်းက သုံးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ ညနေ ၄ နာရီခွဲ၌ RPG FC အသင်းနှင့် Let Wel Youth အသင်းတို့ ကစားခဲ့ရာ RPG FC အသင်းက ရှစ်ဂိုး သုံးဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြောင်း သိရသည်။ STA

# စပိန်လာလီဂါ ပွဲစဉ်(၄) ပွဲကြိုသုံးသပ်ချက်

STA

**ဘီလ်ဘာအို Vs အေတီကို**

ကစားမည့်ရက်/အချိန် ၃၁-၈-၂၀၂၄ (ည ၁၁း၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

အေတီကို ၃ - ၁ ဘီလ်ဘာအို

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | |
|---|---|---|---|
| ဘီလ်ဘာအို - | အိမ်(သရေ) | ဝေး(ရှုံး) | အိမ်(နိုင်) |
| အေတီကို - | ဝေး(သရေ) | အိမ်(နိုင်) | အိမ်(သရေ) |

ဘီလ်ဘာအိုအသင်းဟာ အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံ တည်ငြိမ်မှုရှိတယ်ဆိုပေမယ့် ဒီရာသီမှာတော့ ရလဒ်ကောင်းဖို့ ရုန်းကန်နေရပါတယ်။ အေတီကိုအသင်းအနေနဲ့ ဘီလ်ဘာအိုအသင်းနဲ့ တွေ့ဆုံတိုင်း ရလဒ်ကောင်းလေ့ရှိပါတယ်။ ဒါကြောင့် ခြေစွမ်းပိုင်း ကွာခြားမှုမရှိပေမယ့် တွေ့ဆုံမှုတိုင်း ရလဒ်ကောင်းလေ့ရှိတဲ့ အေတီကိုအသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် - ဘီလ်ဘာအို ၁ - ၂ အေတီကို

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ်(၂) ပွဲကြိုသုံးသပ်ချက်များ

STA

**စတုဂတ် Vs မိန့်**

ကစားမည့်ရက်/အချိန် ၃၁-၈-၂၀၂၄ (ည ၈း၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

စတုဂတ် ၃ -၁ မိန့်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | |
|---|---|---|---|
| စတုဂတ် - | ဝေး(သရေ) | ဝေး(ရှုံး) | ဝေး(နိုင်) |
| မိန့် - | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(သရေ) |

စတုဂတ်အသင်းဟာ အဖွင့်ပွဲစဉ်က ရှုံးပွဲကြုံတွေ့ခဲ့လို အခု အိမ်ကွင်းပွဲစဉ်မှာတော့ အမှားခံမှာမဟုတ်ပါဘူး။ ဒ့ါပြင် အိမ်ကွင်းဆိုရင် တိုက်စစ်ပိုင်းကလဲ ဂိုးသွင်းအားကောင်းပါတယ်။ မိန့်အသင်း ကတော့ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရပါတယ်။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးကစားလာမယ့် စတုဂတ် အသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် - စတုဂတ် ၂ - ၀ မိန့်

**ဖရန့်ဖတ် Vs ဟော်ဖန်ဟိမ်း**

ကစားမည့်ရက်/အချိန် ၃၁-၈-၂၀၂၄ (ည ၈း၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဖရန့်ဖတ် ၃ - ၁ ဟော်ဖန်ဟိမ်း

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | |
|---|---|---|---|
| ဖရန့်ဖတ် - | ဝေး(ရှုံး) | ဝေး(နိုင်) | ဝေး(ရှုံး) |
| ဟော်ဖန်ဟိမ်း - | အိမ်(ရှုံး) | ဝေး(သရေ) | အိမ်(နိုင်) |

အဖွင့်ပွဲစဉ်မှာ ရှုံးပွဲကြုံတွေ့ခဲ့တဲ့ ဖရန့်ဖတ်အသင်းဟာ အိမ်ကွင်းမှာ နိုင်ပွဲရရှိအောင် ကြိုးစားလာမှာပါ။ ဖရန့်ဖတ်အသင်းဟာ အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံ တည်ငြိမ်မှုရှိပါတယ်။ ဟော်ဖန်ဟိမ်းအသင်း ကတော့ ပြီးခဲ့တဲ့ပွဲစဉ်မှာ နိုင်ပွဲရရှိခဲ့ပေမယ့် ခံစစ်ပိုင်းကတော့ စိတ်ချလို့မရပါဘူး။ ဒါကြောင့် အိမ်ကွင်းကစားပုံတည်ငြိမ်မှုရှိတဲ့ ဖရန့်ဖတ် အသင်းပဲ ရလဒ်ကောင်းသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် - ဖရန့်ဖတ် ၂ - ၁ ဟော်ဖန်ဟိမ်း

# ပြင်သစ်လီဂူး ပွဲစဉ်(၃) ပွဲကြိုသုံးသပ်ချက်

STA

**တူးလော့ Vs မာဆေး**

ကစားမည့်ရက်/အချိန် ၁-၉-၂၀၂၄ (နံနက် ၀၁း၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

တူးလော့ ၂ - ၂ မာဆေး

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | |
|---|---|---|---|
| တူးလော့ - | အိမ်(ရှုံး) | အိမ်(သရေ) | ဝေး(သရေ) |
| မာဆေး - | ဝေး(နိုင်) | ဝေး(နိုင်) | အိမ်(သရေ) |

နည်းပြဒီဇာဘီလက်အောက်မှာ ပုံစံကောင်းပြသနေတဲ့ မာဆေးအသင်းဟာ အဝေးကွင်းဆိုပေမယ့် တူးလော့အသင်းကို ခြေစွမ်းပိုင်းအသာနဲ့ ဖိအားပေးကစားနိုင်မှာပါ။ နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ တူးလော့အသင်းရဲ့ ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရပါတယ်။ ဒ့ါကြောင့် အဝေးကွင်းဆိုပေမယ် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ မာဆေးအသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် - တူးလော့ ၂ - ၃ မာဆေး

# ဗီယက်နမ်ခေါင်းဆောင်၏ တရုတ်ခရီးစဉ်နှင့်နှစ်နိုင်ငံဆက်ဆံရေးအလားအလာ

ဗီယက်နမ်သမ္မတနှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး(CPV)ဖြစ်သူ တိုလမ်းသည် ဩဂုတ် ၁၈ ရက်မှ ၂၀ ရက်ထိ တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။ ယခုလအစောပိုင်းတွင် CPV အထွေထွေအတွင်းရေးမှူးတာဝန် စတင်ထမ်းဆောင်ပြီးနောက် ပြည်ပနိုင်ငံများသို့ ပထမဆုံးချစ်ကြည်ရေးခရီး သွားရောက်ခဲ့ခြင်းဖြစ်သည်။


တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယိသည် ပေကျင်းနိုင်ငံတကာလေဆိပ်၌ ဗီယက်နမ်သမ္မတနှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး(CPV)ဖြစ်သူ တိုလမ်းကို သွားရောက်ကြိုဆိုခဲ့ပြီးနောက် တရုတ်နိုင်ငံအနေဖြင့် တိုလမ်းကို နိုင်ငံတော်အကြီးအကဲတစ်ဦးအဖြစ် အမြောက် ၂၁ ချက်ဖောက်ကာ ဂုဏ်ပြုကြိုဆိုခဲ့သည်။ ဝမ်ယိသည် ရုရှားသမ္မတပူတင်ကဲ့သို့သော အခြားနိုင်ငံခေါင်းဆောင်များကို လေဆိပ်သို့ သွားရောက်ကြိုဆိုလေ့မရှိသော်လည်း တိုလမ်းကို သွားရောက်ကြိုဆိုခဲ့ခြင်းသည် တရုတ်နိုင်ငံခြားရေးမူဝါဒတွင် ဗီယက်နမ်၏လွှမ်းမိုးမှုကို ဖော်ပြနေခြင်းပင်ဖြစ်သည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် နိုင်ငံရေးဆိုင်ရာ အပြန်အလှန်ဖလှယ်မှု၊ ကုန်သွယ်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဘဏ်လုပ်ငန်းနှင့် အခြေခံအဆောက်အအုံဆိုင်ရာတို့တွင် ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက် ၁၄ ခု လက်မှတ်ရေးထိုးသည့်အခမ်းအနားသို့ တက်ရောက်အားပေးခဲ့သည်။ တရုတ်နိုင်ငံသည် ဗီယက်နမ်ဆိုရှယ်လစ်အစိုးရအပြင် ဗီယက်နမ်၏ အခြေအနေနှင့် လိုက်လျောညီထွေရှိသော ဆိုရှယ်လစ်ဝါဒမြှင့်တင်မှုတို့ကို ထောက်ခံကြောင်းနှင့် ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံ၏ အိမ်နီးချင်းသံခင်းတမန်ခင်းမူဝါဒတွင် ဦးစားပေးဖြစ်ကြောင်း ထပ်လောင်းအတည်ပြုခဲ့သည်။ အပြန်အလှန်အားဖြင့် ဗီယက်နမ်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုတွင် ဗီယက်နမ်-တရုတ် ပြီးပြည့်စုံသော မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး၏အရေးပါမှုအခန်းကဏ္ဍနှင့် ကာကွယ်ရေးဆိုင်ရာမူဝါဒတို့ကို ထပ်လောင်းအတည်ပြုခဲ့သည်။

ဗီယက်နမ်သမ္မတနှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး(CPV)ဖြစ်သူ တိုလမ်းသည် တရုတ်နိုင်ငံသို့သွားရောက်စဉ် ဂေါင်ကျိုးမြို့သို့ ခေတ္တဝင်ရောက်ခဲ့သည်။ ၎င်းမြို့သည် CPV ၏သမိုင်းကြောင်းတွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်ခဲ့ပြီး ဗီယက်နမ်သမ္မတဟောင်း ဟိုချီမင်းသည် ဗီယက်နမ်နိုင်ငံ၏ ပထမဆုံးသောကွန်မြူနစ်ပါတီဝင်များကို အဆိုပါမြို့၌ သင်တန်းတက်ရောက်စေခဲ့သည်။ တိုလမ်းသည် ဗီယက်နမ်တော်လှန်ရေးလူငယ်အဖွဲ့ ဌာနချုပ်သို့ သွားရောက်ခဲ့ပြီးနောက် Huang Hua Gang အာဇာနည်သူရဲကောင်းများဗိမာန်ရှိ လွတ်လပ်ရေးတိုက်ပွဲဝင် Pham Hong Thai အုတ်ဂူသို့ သွားရောက်ဂါရဝပြုခဲ့သည်။ တိုလမ်းသည် ဗီယက်နမ်၏တော်လှန်ရေးသမိုင်းကြောင်းနှင့် ဗီယက်နမ်-တရုတ်တော်လှန်ရေးနှင့် အစဉ်အလာကောင်းမွန်သောဆက်ဆံရေးတို့၏ အမှတ်သင်္ကေတများကို ထိန်းသိမ်းထားမှုနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံနှင့် ဂေါင်ကျိုးပြည်နယ်အစိုးရတို့ကို ကျေးဇူးတင်ရှိပါကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဗီယက်နမ်သမ္မတနှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး(CPV)ဖြစ်သူ တိုလမ်းသည် ပေကျင်းမြို့၌ တရုတ်ခေါင်းဆောင်ဟောင်း မော်စီတုံး၏ အမှတ်တရ နေအိမ်သို့ သွားရောက်ခဲ့ပြီး ဂါရဝပြုခဲ့သည်။ ဗီယက်နမ်သမ္မတသည် မော်စီတုံးနှင့် ဟိုချီမင်းတို့ကြား ရဲဘော်ရဲဘက်ဆက်ဆံရေးကို အလေးထားပြောကြားခဲ့ပြီး ဗီယက်နမ်၏လွတ်လပ်ရေးတိုက်ပွဲဝင်မှုနှင့် ပြည်လည်ပေါင်းစည်းရေးကာလတို့တွင် တရုတ်နိုင်ငံ၏ ပံ့ပိုးကူညီမှုကို ကျေးဇူးတင်ရှိပါကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ဗီယက်နမ်-တရုတ် ကွန်မြူနစ်ပါတီဝင်ရဲဘော်စိတ်အထိမ်းအမှတ်ဖြစ်သည့် သမိုင်းဝင်နေရာများသို့ တိုလမ်း၏ သွားရောက် လည်ပတ်မှုသည် နှစ်နိုင်ငံဘုံအသိုက်အဝန်း၏ သမိုင်းဝင်ထူးခြားလေးနက်မှုကို ထပ်လောင်းထင်ဟပ်စေခဲ့သည်။

တရုတ်နှင့် ဗီယက်နမ်တို့ကြား နှစ်နိုင်ငံဆက်ဆံရေးသည် နှစ်နိုင်ငံကြား ပြီးပြည့်စုံသောမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးထူထောင်ထားသည့်တိုင်အောင် အမေရိကန်နှင့်ဗီယက်နမ်တို့ကြား ဆက်ဆံရေးထူထောင်ထားသဖြင့် နိုင်ငံရေးဆိုင်ရာအားနည်းချက်ကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။



ဗီယက်နမ်၏ လေယူရာယိမ်းသံခင်းတမန်ခင်းသည် ကွန်မြူနစ်စည်းမျဉ်းစည်းကမ်း ထိန်းသိမ်းရန်နှင့် အင်အားကြီးနိုင်ငံများနှင့် တိုင်းပြည်၏ထိတွေ့ဆက်ဆံမှုအထူးသဖြင့် တရုတ်နှင့် အမေရိကန်တို့၏ဆက်ဆံရေးကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ သို့သော် ဗီယက်နမ်သည် နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက်ဆက်ဆံရေးကို ဆက်လက်ထူထောင်သွားလိုသော ဆန္ဒရှိနေသည်။

အမှန်တွေ့ ဗီယက်နမ်သည် တရုတ်နိုင်ငံမှ အပြုသဘောဆောင်သောထောက်ခံချက်များ ရှာဖွေလျက်ရှိပြီး တရုတ်နှင့် ဗီယက်နမ်တို့သည် ကွန်မြူပါတီနိုင်ငံကို အုပ်ချုပ်မှုနှင့် ပြည်တွင်းနှင့် ပြည်ပခြိမ်းခြောက်မှုများရင်ဆိုင်ရာတွင် နိုင်ငံရေးဆိုင်ရာတည်ငြိမ်အေးချမ်းမှုထိန်းသိမ်းရာ၌ တစ်နိုင်ငံချင်းစီ၏ အတွေ့အကြုံကို လေ့လာသင်ယူဖော်ထုတ်နိုင်မည်ဖြစ်သည်။

ဗီယက်နမ်- တရုတ် နိုင်ငံရေးဆိုင်ရာနီးစပ်သော ပူးပေါင်းဆောင်ရွက်မှုသည် ဗီယက်နမ်အနေဖြင့် ကွန်မြူနစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ရေးအတွက် တရုတ်နိုင်ငံ၏ ပံ့ပိုးကူညီမှုမလိုအပ်သော်လည်း တရုတ်နိုင်ငံ၏အတွေ့အကြုံများကိုလေ့လာဖော်ထုတ်ခြင်းသည် ဗီယက်နမ်နိုင်ငံကို စီးပွားရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများနှင့် နိုင်ငံတကာပေါင်းစည်းမှုများတွင် အထောက်အကူပြုစေလျက်ရှိသည်။ တိုလမ်း၏ခရီးစဉ်အတွင်း ဗီယက်နမ်နှင့်တရုတ်တို့သည် နိုင်ငံရေးဆိုင်ရာ ဟိုချီမင်းအမျိုးသားအကယ်ဒမီနှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုပါတီကျောင်းတို့ကြား ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့သွားရန် ကတိကဝတ်ပြုခဲ့ကြသည်။

ဗီယက်နမ်သမ္မတနှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး(CPV)ဖြစ်သူ တိုလမ်းကို တာဝန်ထမ်းဆောင်မှု အစောပိုင်းကာလတွင် အဆင့်မြင့်ပုဂ္ဂိုလ်အဖြစ် အခမ်းအနားဖြင့် ကြိုဆိုသွားရန် တရုတ်နိုင်ငံ၏ဆုံးဖြတ်ချက်သည် CPV အတွင်း သိမ်မွေ့စွာအာဏာလွှဲပြောင်းလက်ခံမှုနှင့် လုပ်ပိုင်ခွင့်အာဏာကို လေးစားတန်ဖိုးထားခြင်းပင်ဖြစ်သည်။ တရုတ်နိုင်ငံသည် ၂၀၂၄ ခုနှစ် ပထမ ခုနစ်လအတွင်း ဗီယက်နမ်နိုင်ငံ၌ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံရာ၌ ထိပ်ဆုံးမှ ရပ်တည်လျက်ရှိသကဲ့သို့ ဗီယက်နမ်နိုင်ငံအနေဖြင့်လည်း အာဆီယံတွင် တရုတ်နိုင်ငံ၏ ထိပ်တန်းကုန်သွယ်ဖက်အဖြစ် ထိန်းသိမ်းထားရှိသည်။ တိုလမ်းနှင့် တရုတ်သမ္မတရှီကျင့်ဖျင်တို့အနေဖြင့် အကောက်ခွန်ဆိုင်ရာလွယ်ကူရှင်းလင်းရေးနှင့် ချိတ်ဆက်မှုအဆင့်မြှင့်တင်သွားရန် ကတိကဝတ်ပြုထားသောကြောင့် ကုန်သွယ်မှုတန်ဖိုးသည် ပိုမိုမြင့်တက်လာဖွယ်ရာရှိနေသည်။

အမေရိကန်၊ တရုတ်တို့နှင့် ဗီယက်နမ်၏နိုင်ငံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအဆင့်တွင် မတူကွဲပြားမှုသည် တရုတ်နိုင်ငံကို ဗီယက်နမ်၏ မူဝါဒပိုင်းဆိုင်ရာတွင် ထိပ်တန်းနိုင်ငံအဖြစ် ဆက်လက်ထိန်းသိမ်းထားရှိခြင်းပင်ဖြစ်သည်။ တရုတ်နိုင်ငံအနေဖြင့် ပထဝီမြေအနေအထားအရ ဗီယက်နမ်နိုင်ငံအပေါ် ဖိအားပေးလျက်ရှိသည့်အပြင် ဗီယက်နမ်နိုင်ငံတွင် နိုင်ငံရေးဆိုင်ရာတည်ငြိမ်မှုကိုလည်း လိုလားလျက်ရှိသည်။ အမေရိကန်အနေဖြင့် ဗီယက်နမ်နှင့် ပထဝီမြေအနေအထားဆိုင်ရာဝေးကွာမှုသည် ဗီယက်နမ်အကူအညီလိုအပ်ချိန်တွင် အမေရိကန်က အကူအညီမပေးနိုင်ကြောင်း အဓိပ္ပာယ်သက်ရောက်စေလျက်ရှိသည်။

ဗီယက်နမ်-တရုတ်သည် ၁၉၉၁ ခုနှစ်တွင် နှစ်နိုင်ငံကြား ဆက်ဆံရေးကို စတင်ထူထောင်ခဲ့သည်။ အထူးသဖြင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တာဝန်ယူချိန်မှစ၍ ဆက်ဆံရေး ပိုမိုတိုးတက်လာခဲ့သည်။ တောင်တရုတ်ပင်လယ်အရေးနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံကြား ယာယီပြဿနာများရှိခဲ့သော်လည်း နှစ်နိုင်ငံသည် အနာဂတ်မျှဝေခံစားမည့် တရုတ်-ဗီယက်နမ်အသိုက်အဝန်းကို ထူထောင်နိုင်ခဲ့သည်။ တရုတ်သမ္မတရှီကျင့်ဖျင်နှင့် CPV အထွေထွေအတွင်းရေးမှူးဟောင်း ငုယင်ဖူထရောင်တို့ကြား ပုဂ္ဂိုလ်ရေးဆိုင်ရာခင်မင်မှုများကြောင့် ဗီယက်နမ်-တရုတ် ဆက်ဆံရေး ပိုမိုတည်ငြိမ်တိုးတက်လာခဲ့သည်။ ခေါင်းဆောင်နှစ်ဦးစလုံးသည် ကွန်မြူနစ်ပါတီ အာဏာကျစ်လျစ်ခိုင်မြဲရေးအတွက် အလေးထားလုပ်ဆောင်ခဲ့ပြီး ပါတီသန့်ရှင်းရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ခဲ့သည်။

ထို့ပြင် တရုတ်သမ္မတရှီကျင့်ဖျင်သည် ၂၀၂၄ခုနှစ် ဒီဇင်ဘာ ၁၂ ရက်မှ ၁၃ ရက်ထိ ဗီယက်နမ်သို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။ ခရီးစဉ်အတွင်း သမ္မတရှီကျင့်ဖျင်က အနာဂတ်ကိုမျှဝေခံစားနိုင်မည့် တရုတ်-ဗီယက်နမ်အသိုက်အဝန်းတစ်ရပ် ထူထောင်နိုင်သည်ထိ နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်နိုင်ခဲ့ကြောင်း၊ လွန်ခဲ့သောခြောက်လကျော်ကာလအတွင်း နှစ်နိုင်ငံမှ အဆင့်မြင့်ပုဂ္ဂိုလ်များကြား အပြန်အလှန်သွားရောက်လည်ပတ်မှုများနှင့် နယ်ပယ်ပေါင်းစုံတွင် ပူးပေါင်းမှုများဆောင်ရွက်ခဲ့သဖြင့် နှစ်နိုင်ငံပြည်သူများအတွက် သိသာထင်ရှားသော အကျိုးကျေးဇူးများဖြစ်ထွန်းခဲ့ကြောင်း၊ မျက်မှောက်ကာလ ကမ္ဘာကြီးတွင် မမျှော်မှန်းနိုင်သောပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ တရုတ်နှင့် ဗီယက်နမ်နှစ်နိုင်ငံစလုံးသည် အလျင်အမြန် စီးပွားရေးတိုးတက်မှုများနှင့် ရေရှည်လူမှုရေးတည်ငြိမ်မှုတို့ကို ဆက်လက်ထိန်းသိမ်းထားရှိနိုင်သဖြင့် ဆိုရှယ်လစ်စနစ် ခိုင်မာအားကောင်းမှုကို ပြသလျက်ရှိကြောင်း ပြောကြားသွားခဲ့သည်။

တရုတ်နှင့်ဗီယက်နမ်ကြား အဆင့်မြင့်ပုဂ္ဂိုလ်များ အပြန်အလှန် သွားရောက်လည်ပတ်မှုသည် မကြာသေးမီနှစ်များအတွင်း ခပ်စိပ်စိပ်ပေါ်ထွက်လာခဲ့သဖြင့် ခိုင်မာသောအခြေခံအုတ်မြစ်ဖြစ်လာခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေး ခိုင်မာအားကောင်းမှုကို ဦးတည်စေလျက်ရှိသည်။ အဆိုပါ အဆင့်မြင့်ပုဂ္ဂိုလ်များ၏ အလည်အပတ်ခရီးစဉ်များသည် တရုတ်နှင့်ဗီယက်နမ်ကြား မဟာဗျူဟာမြောက် ယုံကြည်မှုမြှင့်တင်ရေးဆိုင်ရာ အခြေခံအုတ်မြစ်ကို ပိုမိုခိုင်မာအားကောင်းစေလျက်ရှိသည်။ နှစ်နိုင်ငံသည် အပြန်အလှန်လေးစားမှု၊ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေသော ပူးပေါင်းဆောင်ရွက်မှုများကို အခြေခံလျက် နိုင်ငံရေးဆိုင်ရာ ယုံကြည်မှုတည်ဆောက်သွားရန်နှင့် အပြန်အလှန်ဆက်ဆံရေးတိုးမြှင့်သွားရန်လည်း သဘောတူညီထားပေသည်။

မည်သို့ပင်ဆိုစေ တရုတ်-ဗီယက်နမ် နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မြဲစေသော အရင်းခံအကြောင်းတရားသည် စီးပွားရေးလုပ်ငန်းများပင်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံသည် ကုန်ထုတ်လုပ်မှုစွမ်းအားမြင့်တက်လာလျက်ရှိသောကြောင့် တရုတ်နိုင်ငံ၏ ကုန်ကြမ်းပစ္စည်းများ၊ အရင်းအနှီးနှင့် နည်းပညာများကို မှီခိုအားထားရလျက်ရှိသည်။ စင်စစ်အားဖြင့် ဗီယက်နမ်နိုင်ငံ၏ ပြည်ပပို့ကုန်အများစုတွင် တရုတ်အစိတ်အပိုင်းများ ပါဝင်လျက်ရှိသောကြောင့် ဗီယက်နမ်၏ စီးပွားရေးတိုးတက်မှုကို အထောက်အကူဖြစ်စေလျက်ရှိသည်။ တရုတ်နိုင်ငံအတွက်မူ ဗီယက်နမ်နိုင်ငံသည် အနောက်နိုင်ငံများ၏ ပိတ်ဆို့မှုကို ရှောင်ရှားရာ၌ အရေးပါသော ပလက်ဖောင်းတစ်ခုဖြစ်သည့်အပြင် ကမ္ဘာလုံးဆိုင်ရာ အရောင်းကွင်းဆက် ကျဆင်းလာမှုကိုလည်း ဟန့်တားပေးလျက်ရှိသည်။

**ကိုးကား**

- **With China Visit, Vietnam's To Lam Reinforces Bilateral Political Trust By The Diplomat.**
- **The Significance of the Vietnamese Communist Party Chief's Visit to China By The Diplomat.**
- **Xi meets Vietnam PM, calls for maintaining solidarity and friendship By Global Times**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# မင်းရှိမယ့်နေရာ ရုပ်ရှင်ဇာတ်ကား Premiere Show ကျင်းပ



ရန်ကုန် ဩဂုတ် ၂၉

Triple Six Film Production က ရိုက်ကူးထုတ်လုပ်သည့် မင်းရှိမယ့်နေရာ ရုပ်ရှင်ဇာတ်ကား Premiere Show ကို ဩဂုတ် ၂၈ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတ အဆင့်မြင့် ရုပ်ရှင်ရုံတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူပုံဖော် ရိုက်ကူးထားသူ ဒါရိုက်တာ ညွန့်မြန်မာ ညီညီအောင်က ပြောပြ၍ သိရသည်။

မင်းရှိမယ့်နေရာ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဇွဲရောင်နီက ရေးသားထားကာ ဒါရိုက်တာ ညွန့်မြန်မာ ညီညီအောင်က Triple Six Film Production အတွက် တာဝန်ယူပုံဖော် ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားထဲမှာ အဓိက ဇာတ်ကောင်တွေက မြင့်မြတ်၊ အိချောပိုနဲ့ နန်းခင်ဇေယျာ သုံးယောက်ပါ။ သူတို့အားလုံးကို ထုတ်လုပ်သူက ရွေးချယ်တာပါ။ အချစ်ကားကိုမှ ဇာတ်သိမ်းပိုင်းကို ဘယ်လိုသိမ်းမလဲဆိုတာ ပရိသတ်တွေပဲကြည့်ပြီး ဆုံးဖြတ်စေချင်ပါတယ်"ဟု ဒါရိုက်တာ ညွန့်မြန်မာ ညီညီအောင်က ပြောပြသည်။

မင်းရှိမယ့်နေရာ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် မြင့်မြတ်၊ ဘုန်းလျှံ၊ မင်းသူ၊ ဇင်မျိုး၊ မင်းညီ အိချောပို၊ နန်းခင်ဇေယျာ၊ တင်ဇာဝင်းပြည့်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# နတ်ပန်းမဉ္ဇူ အော်ပရာအစီအစဉ်နှင့် ကြေးစည်စင်တင်ပြဇာတ်ကို Channel K ရုပ်သံလိုင်းနှင့် YouTube Channel မှ ထုတ်လွှင့်မည်

ရန်ကုန် ဩဂုတ် ၂၉

မမေ့စေချင် ဇာတ်သဘင် သဘင့်ပွဲတော် Season 4 အစီအစဉ်အဖြစ် မြို့ရွှေမန်းသား ဖိုးချစ်တို့ကတဲ့ ဇာတ်အလှသဘင်၏ နတ်ပန်းမဉ္ဇူ အော်ပရာအစီအစဉ်နှင့် ကြေးစည်စင်တင်ပြဇာတ်ကို ဩဂုတ် ၃၁ ရက်တွင် Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ မမေ့စေချင် ဇာတ်သဘင် သဘင့်ပွဲတော်ကြီး Season 4 တွင် ပါဝင်ဖျော်ဖြေမည့် ဇာတ်မင်းသား ဖိုးချစ်က ပြောပြ၍ သိရသည်။

အဆိုပါ မမေ့စေချင် ဇာတ်သဘင် သဘင့်ပွဲတော် Season 4 ဇာတ်သဘင်ဖျော်ဖြေမှု အစီအစဉ်ကို Channel K ရုပ်သံလိုင်းအပြင် Channel K ၏ Official YouTube Channel အသစ်တစ်ခုဖြစ်သည့် Channel K Entertainment YouTube Channel မှ တစ်ပြိုင်နက်တည်း ထုတ်လွှင့်ပြသပေးသွားမည် ဖြစ်ကြောင်း သိရသည်။



"မြန်မာ့ဇာတ်သဘင်ကို ချစ်မြတ်နိုးတဲ့သဘင်ချစ်ပရိသတ်တွေအတွက် Channel K ရုပ်သံလိုင်းကနေ ထပ်မံစီစဉ်တင်ဆက်ပေးလိုက်တဲ့ မြို့ရွှေမန်းသားဖိုးချစ်တို့ကတဲ့ ဇာတ်အလှသဘင် ဇာတ်အဖွဲ့မှ ဦးဆောင်တင်ဆက်မှုနဲ့ အတူ ကပွဲအစီအစဉ်တွေ၊ နတ်ပန်းမဉ္ဇူအော်ပရာ အစီအစဉ်၊ ကြေးစည် စင်တင်ပြဇာတ်ကြီး အစရှိတဲ့ ဇာတ်သဘင် အစီအစဉ်များစွာတို့ကို ဖျော်ဖြေတင်ဆက်သွားမှာ ဖြစ်ပါတယ်။ ဩဂုတ် ၃၁ ရက် စနေနေ့ ည ၉ နာရီမှာ ထုတ်လွှင့်မှာ ဖြစ်ပါတယ်။ အားပေးကြည့်ရှုပေးကြပါအုံး"ဟု ဇာတ်မင်းသား ဖိုးချစ်က ပြောပြသည်။

အဆိုပါ မမေ့စေချင် ဇာတ်သဘင် သဘင့်ပွဲတော်ကြီး၏ Season 4 ထုတ်လွှင့်မှု အစီအစဉ်တွင် ရွှေမန်းချမ်းသာကတဲ့ သစ္စာမေတ္တာ ရွှေမန်းသဘင်၊ မြို့ရွှေမန်းသား ဖိုးချစ် ဇာတ်သဘင်အဖွဲ့၊ မန်းပန်တျာ ချစ်စွမ်းသာ ဇာတ်သဘင်အဖွဲ့၊ မန်းပန်တျာ ပိုင်ထက်ဝေ ဇာတ်သဘင်အဖွဲ့တို့က အော်ပရာများ၊ ပြဇာတ်များ၊ နှစ်ပါးသွား အကအလှများ၊ အခြားဇာတ်သဘင် အစီအစဉ်များစွာတို့နှင့် အတူ ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# သဘင်သည်မြန်နှင်းဆီ ရုပ်ရှင်ဇာတ်ကား အထူးပွဲကို လမ်းမတော်မြို့နယ် Sein John City Mall JCGV ၌ ပြသ

ရန်ကုန် ဩဂုတ် ၂၉

ယခုနှစ် စက်တင်ဘာလတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည့် သဘင်သည် မြန်နှင်းဆီ ရုပ်ရှင်ဇာတ်ကား အထူးပွဲကို ဩဂုတ် ၂၈ ရက်က ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ Sein John City Mall JCGV တွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူ ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ မင်းဆက်သစ်က ပြောပြ၍ သိရသည်။

သဘင်သည်မြန်နှင်းဆီ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ကိုဆက်က ရေးသားထားခြင်းဖြစ်ပြီး အင်ကြင်းဟန်က ဇာတ်ညွှန်း ရေးသားထားကာ စိန်ဋ္ဌေးရုပ်ရှင် ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ မင်းဆက်သစ်က တာဝန်ယူ ပုံဖော် ရိုက်ကူးထားကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ မြစမ်းကြည်ဇာတ်ရုပ်နေရာမှာ မေမီကိုကို သရုပ်ဆောင်ခဲ့တာနဲ့ ပတ်သက်ပြီး ကျေနပ်မှုရှိခဲ့ပါတယ်။ ဒီဇာတ်ကားမှာ မြေဝိုင်းအကအတွက် မီးတိုင်တွေ အစအဆုံး သေချာ ပြင်ဆင်ခဲ့လို့လဲ သဘင်ပညာရှင် တချို့ကတောင် ချီးကျူးလာကြတာရှိတယ်။ မေမီကိုကို အိုက်တင်တွေကိုလဲ သဘောကျတဲ့အပြင် ပါဝင်ထားတဲ့ သရုပ်ဆောင်တွေ တစ်ယောက်ချင်းစီရဲ့ လုပ်ဆောင်မှုတွေကိုလဲ ပရိသတ်တွေ ဝေဖန်သုံးသပ် ပေးစေချင်ပါတယ်"ဟု ဒါရိုက်တာ မင်းဆက်သစ်က ပြောပြသည်။

သဘင်သည်မြန်နှင်းဆီ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် မင်းအာကာ၊ ဂူဂူး၊ ထူးမြတ်၊ ဟင်နရီစံ၊ မေမီကိုကို၊ စင်ဒီမြတ်၊ ဆုရတနာထိုက်၊ ယွန်းသဒ္ဒါဟန်၊ ဒေါ်စမ်းစမ်းဝင်း၊ သံစဉ်ဖြိုးပိုင်၊ ရွှန်းလဲ့ရွှေရည်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# The First Exorcist ဇာတ်ကားကို ဒါရိုက်တာ ဂရက်မက္ကလိန်း ရိုက်ကူးမည်

နယူးယောက် ဩဂုတ် ၂၉

The First Exorcist အမည်ရှိ နတ်ဆိုးမိစ္ဆာထိတ်လန့်သည်းဖို ဇာတ်ကားကို ဒါရိုက်တာ ဂရက်မက္ကလိန်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း ဩဂုတ် ၂၈ ရက် သတင်းများအရ သိရသည်။

ဒါရိုက်တာ ဂရက်မက္ကလိန်းသည် ဩစတြေးလျ ထိတ်လန့်သည်းဖို ဇာတ်ကားများဖြစ်သည့် Wolf Creek နှင့် Wolf Creek-2 တို့ကို ရိုက်ကူးပေးခဲ့သူဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် ခရစ်ယာန်ဘာသာဝင်များ၏ သဘာဝလွန်ဖြစ်ရပ်များကို အခြေခံ၍ ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် The First Exorcist ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင်များကို ထုတ်လုပ်သူများက ကြေညာခဲ့ကြောင်း သိရသည်။


သို့ရာတွင် The First Exorcist ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှု လုပ်ငန်းများကို လာမည့်နှစ်အတွင်း ဩစတြေးလျနိုင်ငံ၌ စတင်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် The First Exorcist ဇာတ်ကားရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO





# Caught Stealing ဇာတ်ကား၌ မင်းသား ဘက်ဘန်နီ ပါဝင်သရုပ်ဆောင်မည်

နယူးယောက် ဩဂုတ် ၂၉

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Caught Stealing အမည်ရှိ မှုခင်းလျှို့ဝှက်သည်းဖိုဇာတ်ကားသစ်၌ မင်းသား ဘက်ဘန်နီပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၂၈ ရက် သတင်းများအရ သိရသည်။

Caught Stealing ဇာတ်ကားသစ်တွင် မင်းသားဘက်ဘန်နီသည် မင်းသမီး ဇိုးကရာဗစ်၊ မင်းသား အော်စတင်ဘတ္တလာ တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Caught Stealing ဇာတ်ကားကို ကမ္ဘာကျော်ဒါရိုက်တာ ဒါရန်အာရွန်နော့စကီးက တာဝန်ယူ ရိုက်ကူးမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားကို အမေရိကန် စာရေးဆရာ ချားဟူစတန်၏ Caught Stealing ဝတ္ထုကို အခြေခံရိုက်ကူးမည်ဖြစ်သည်။

Caught Stealing ဇာတ်ကား၌ ဘက်ဘန်နီ ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

လက်ရှိအချိန်တွင် Caught Stealing ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့်ရုံတင်ပြသမည့်ရက်တို့ကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO







# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win delivers speech at third coordination meeting of Leading Committee for Organizing 5th National Sports Festival 2024



Vice-Senior General Soe Win delivers speech at third coordination meeting of Leading Committee for Organizing 5th National Sports Festival 2024.

**Nay Pyi Taw August 29**

The Leading Committee for Organizing the 5th National Sports Festival 2024 held its third coordination meeting at the assembly meeting hall of the Ministry of Sports and Youth Affairs in Nay Pyi Taw this afternoon, with an address by Patron of the Leading Committee Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Also present at the meeting were leading committee member Union ministers, the Auditor-General of the Union, deputy ministers, the Nay Pyi Taw Council member, departmental heads and officials.

Speaking on the occasion, the Vice-Senior General said that sports are defined that sports is a symbol for a polite society. Sports can bring a happy and pleasant activity leading to health and fitness of humans, creating humanely bilateral relations between individuals, human groups, human societies, races and countries. On the other hand, everybody believes that sports can flourish the moral principles such as liberty, justice and friendship as a diplomatic landscape for the world's peace.

Outstanding athletes who can uplift prestige of the State will come out in the upcoming 5th National Sports Festival and some of them would break records of sports set at the national level and ASEAN level. Likewise, as outstanding athletes from ministries and regions and states will emerge in the sports festival, officials need to provide aid for those outstanding athletes for their long-lasting standing. Athletes who will take part in the sports festival have to try hard to be able to bring honour to the State.

Although it can take some three months ahead of the sports festival, officials from committees and subcommittees have to make preparations in relevant sectors, hold the opening and closing ceremonies on a grand scale and manage all measures without weaknesses along the sports festival. It is necessary to nurture the athletes to have good morale and practices. Ministries and regions and states have to deservedly honour outstanding athletes from the sports festival. In the terms of previous governments, those outstanding athletes were honoured. So also, the government of the State Administration Council in its term honoured those outstanding athletes deservedly.

The athletes who represented the nation have competed in 22 international sports events, including Asian and Southeast Asian levels, winning a total of 77 gold, 87 silver, and 159 bronze medals, bringing honor to the country. Ceremonies were held, and the Chairman of the State Administration Council Prime Minister personally attended, awarding the athletes with a total of 7,452.3 million kyats and 133,900 US dollars in recognition of their achievements. This recognition aims to inspire the new generation of youth to aspire to national pride.

At the event celebrating "International Youth Day 2024" held at Wunnatheikdi Sports Complex (A) in Nay Pyi Taw on August 12, the Chairman of the State Administration Council Prime Minister discussed the government's youth policy. He emphasized three social directives, including the aim to develop youth as the main driving force in the country's development processes by enhancing the five capabilities. He also highlighted the importance of further and more effectively promoting youth development compared to the past.

Additionally, the government encouraged today's youth to pursue various sports for their physical fitness, and from among these youths, national athletes who can bring honor to the country should emerge. This responsibility is considered a national duty. The directives were noted as operational guidelines to be implemented by ministries, regions, and states.

Regarding the verification of accurate ages of athletes competing in the upcoming national sports festival, the Ministry of Immigration and Population will utilize E-id Software for checks. Previously, instances of bypassing age restrictions in regions and states due to a desire to win have been noted. Therefore, accurate age verification is necessary. Additionally, to prevent the use of banned substances, medical professionals from the Ministry of Health will ensure thorough checks, aiming for fair competition.

Those responsible for the successful organization of the upcoming national sports festival were urged to collaborate with a sense of national spirit, and if unforeseen challenges arise, responsible individuals should address them promptly.

Following this, the Chairman of the leading committee Union Minister for Sports and Youth Affairs U Min Thein Zan, provided an update on the implementation status of previous meeting decisions, details of event categories, programs, and award ceremonies.

Subsequently, Union Ministers, the Union Auditor General, Deputy Ministers, and Nay Pyi Taw Council members, who are members of the leading committee, discussed plans to conduct the opening and closing ceremonies of the 5th National Sports Festival in a grand and appropriate manner. They reported on preparations and plans relevant to their respective sectors.

Additionally, the chairpersons of various subcommittees, such as those for transport and communication, security, finance and awards, media and documentation, health, invitations and reception, ceremony arrangements, auditing, competition and techniques, accommodation and hospitality, and tribunal, along with Deputy Ministers, the Deputy Auditor General, and Director Generals, presented updates on their respective sectors, their progress, and upcoming plans for the successful organization of the 5th National Sports Festival.

Later, the. Vice-Senior General coordinated necessary matters based on the discussions and presentations made at the meeting. The meeting was then concluded with a concluding remark by the Vice-Senior General.

100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Mawlamyinegyun Township sends 85,000 bags of Ziya rice to Yangon market in July


Bags of rice stockpiled in a warehouse.

**Mawlamyinegyun August 29**

A total of 85,000 bags of Ziya rice were sent by Mawlamyinegyun Township of Ayeyawady Region to Yangon market in July, said Daw Win Maw, the owner of rice and paddy depot in Mawlamyinegyun Township.

Local merchants sold 58,000 bags of Ziya rice to Yangon market in June, in comparison with 85,000 bags in July.

Daw Win Maw explained: "Local merchants dispatched bags of Ziya rice to Yangon market in July. Local merchants prioritize sending of their agricultural produce to Yangon. Ziya is involved in the strip rice variety. It faces high demand from Yangon market. Merchants connect with local businesspersons from Mawlamyinegyun Township to purchase Ziya rice. Such kind of rice is in high demand due to merchants from Yangon market in July."

At present, a bag of Ziya rice from Mawlamyine fetches K105,000. As Yangon market rises demand to trading of Ziya rice, local farmers, merchants and those in the production chain of rice are convenient in their livelihoods.

Kyaw Kyaw Lin

# Successful cultivation of 1,996 acres of vegetables achieved in Kalaywa Township using GAP practices

**Kalaywa August 29**

In Kalaywa Township, Kalay District, Sagaing Region, a total of 1,996 acres of vegetables have been cultivated during this year's rainy season planting period, according to records from the Kalaywa Township Agriculture Department.

For the 2024-2025 rainy season planting period, the plan was to cultivate 1,935 acres of vegetables in Kalaywa Township. Starting from May this year, the planting began, and as of today, 1,996 acres have been cultivated.

"This year's plan was to cultivate 1,935 acres of vegetables in Kalaywa Township during the rainy season planting period. As of today, 1,996 acres have been completed. The crops include mustard greens, chilies, herbs, potatoes, coffee plants, eggplants, and okra. All vegetables are cultivated using the GAP (Good Agricultural Practices) system, and farmers are provided with technical training to grow the vegetables using minimal chemical inputs and in a health-conscious manner," said U Myo Naing, Head of the Kalaywa Township Agriculture Department.

This year, the Kalaywa Township Agriculture Department has been conducting technical training for vegetable farmers on growing crops using the GAP system. The department also provides guidance to ensure that vegetables harvested are healthy and meet safety standards. Additionally, they are assisting farmers in expanding vegetable cultivation.

In Kalaywa Township, a variety of vegetables are cultivated seasonally each year, leading to successful crop production and providing income for the families involved. The Agriculture Department also educates farmers on correct farming techniques, pest prevention, and the use of natural fertilizers and pesticides to maintain proper crop health and safety.

206

# Katha District cultivates 163 acres of rain-fed white jute

**Katha August 29**

A total of 163 acres of white jute have been planted in Katha District of Sagaing Region in this year rain crops planting season, according to statistics from Department of Agriculture for Katha District.

During the 2024-2025 rain crops planting season, 148 acres of white jute were earmarked to be planted in Katha District. Since May this year, the locals have planted 55 acres in Katha Township, 20 acres in Indaw Township, and 88 acres in Htigyaing Township, totaling 163 acres of white jute.

"White jute can withstand drought. It can grow in any type of soil. It is also a tropical forest plant. It can plant in areas with low rainfall and stones. We can expand white jute planting in such areas," said U Myint Soe, head of the Department of Agriculture for Katha District.

During the 2024-2025 rain crops planting season in Katha District, the department earmarked to plant 40 acres in Katha Township, 20 acres in Indaw Township and 88 acres in Htigyaing Township, totaling 148 acres of white jute.

206

# 26 children die of malnutrition in Afghanistan's Badakhshan

**Kabul August 29**

At least 26 children under five have died due to malnutrition and inadequate food in north Afghanistan's Badakhshan province over the past five months, a hospital source said Thursday.

According to local medical doctor Abdul Malik Rofi, 365 children under five have been admitted to the hospital in Badakhshan during this period, with 26 of them succumbing to malnutrition, the Afghan media outlet TOLO news reported on Thursday.

The report said that since March 20, a total of 2,696 children have been brought to the hospital.

Doctors have attributed the rising malnutrition cases to a combination of factors, a lack of nutritious food, inadequate healthcare services, poverty and limited access to healthcare facilities in the impoverished region.

According to reports from aid agencies, approximately 2.9 million children under five are facing acute food shortages or at risk of malnutrition across Afghanistan.

Xinhua

# Xi meets U.S. national security advisor


Chinese President Xi Jinping meets with U.S. National Security Advisor Jake Sullivan at the Great Hall of the People in Beijing, capital of China, Aug. 29, 2024.

**Beijing August 29**

Chinese President Xi Jinping met with U.S. National Security Advisor Jake Sullivan at the Great Hall of the People here on Thursday.

Xi pointed out that in this changing and turbulent world, countries need solidarity and coordination, not division or confrontation. People want openness and progress, not exclusion or regress. As two major countries, China and the United States should be responsible for history, for the people and for the world, and should be a source of stability for world peace and a propeller for common development.

While great changes have taken place in the two countries and in China-U.S. relations, China's commitment to the goal of a stable, healthy and sustainable China-U.S. relationship remains unchanged, the principle of handling the relationship based on mutual respect, peaceful coexistence and win-win cooperation remains unchanged, its position of firmly safeguarding the country's sovereignty, security and development interests remains unchanged, and its efforts to carry forward the traditional friendship between the Chinese and American people remain unchanged, Xi said.

Xi expressed the hope that the U.S. side will work with China in the same direction, view China and its development in a positive and rational light, see each other's development as an opportunity rather than a challenge, and work with China to find a right way for two major countries to get along. Xinhua

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## မော်စကိုမြို့တော်သို့ တိုက်ခိုက်လာသော ယူကရိန်းဒရုန်းများကိုတန်ပြန်ရန် ရုရှားက Flaktürme အသုံးပြုခဲ့



ရုရှားနိုင်ငံ မော်စကိုမြို့တော်သို့ ဦးတည်၍ ပစ်မှတ်ထားတိုက်ခိုက်လာသော ယူကရိန်းဒရုန်းများကို တန်ပြန်ရန် ရုရှားက လေကြောင်းရန်ကာကွယ်ရေးမျှော်စင် (Flaktürme)ကို ပြန်လည်အသုံးပြုခဲ့ကြောင်း Army Recognition သတင်းဌာနက ဩဂုတ် ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဩဂုတ် ၂၁ ရက်တွင် မော်စကိုမြို့တော်ကို ဒရုန်းများဖြင့် တိုက်ခိုက်ခဲ့မှုအပေါ် ရုရှားနိုင်ငံက ဒရုန်းများ၊ ဒုံးကျည်များ ရာနှင့်ချီအသုံးပြု၍ ယူကရိန်းဒေသ ၁၅ ခုကို လက်တုံ့ပြန်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီးဖြစ်သည်။ သမိုင်းတွင် အသုံးပြုခဲ့ဖူးသော Flaktürme ဟုလူသိများခဲ့သည့် လေကြောင်းရန်ကာကွယ်ရေးမျှော်စင်များ ပြန်လည်အသုံးပြုခဲ့ကြောင်း သိရသည်။

မော်စကိုမြို့တော်ဝန် Sergey Sobyanin က မော်စကိုမြို့ဘက်သို့ ဦးတည်လာသောယူကရိန်းဒရုန်း ၁၀ စင်းကို ရုရှားလေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့များက ကြားဖြတ်ပစ်ချနိုင်ခဲ့ပြီး မြို့တော်၏ လေကြောင်းရန်ကာကွယ်ရေး ထိရောက်မှုရှိကြောင်း ပြောကြားခဲ့သည်။

ရုရှားသည် ဒုတိယကမ္ဘာစစ်အတွင်း နာဇီဂျာမနီတို့ အသုံးပြုခဲ့သော မဟာဗျူဟာမြောက် ကာကွယ်ရေးနည်းဗျူဟာများကို ပြန်လည်ကျင့်သုံးခဲ့သည်။ Flaktürme ကို အသုံးပြုခြင်းသည် ခံတပ်နည်းဗျူဟာပုံစံကို သရုပ်ဖော်ထားခြင်းလည်းဖြစ်သည်။ ၎င်းတို့သည် ပုံမှန်အားဖြင့် အမြင့်မီတာ ၇၀ ရှိပြီး မဟာမိတ်တို့၏ ဗုံးကြဲတိုက်ခိုက်မှုများမှ မြို့ပြများကိုကာကွယ်ရန်အတွက် ၁၂၈ မမနှင့် ၈၈ မမ အမြောက်များတပ်ဆင်ထားလေ့ရှိကြသည်။

မြင့်မားသောနေရာများ၌ လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်များကို တိုက်ပွဲဝင် နေရာချထားခြင်းသည် ရေဒါ၏မြင်နိုင်စွမ်းနယ်ပယ်ကို ပိုမိုကောင်းမွန်စေပြီး ပိုဝေးသော အကွာအဝေးတွင်အနိမ့်ပျံသန်းဝင်ရောက်လာနိုင်သော လေကြောင်းပစ်မှတ်များကိုအလွယ်တကူရှာဖွေကာ တုံ့ပြန်တိုက်ပွဲဝင်နိုင်စွမ်းရည်ကို သိသာစွာတိုးတက်စေမည်ဖြစ်ကြောင်း သိရသည်။

ယေဘုယျအားဖြင့် ရုရှားနိုင်ငံက ဖော်ဆောင်နေသော Flaktürme မျှော်စင်များသည် ခေတ်ပုံများတွင် မြင်တွေ့မှုအရ ယခင်မျှော်စင်ကြီးများလောက် မြင့်မားမှုမရှိသော်လည်း လေဝင်လေထွက်စနစ်ကို အနည်းငယ်အဆင့်မြှင့်တင်ပေးထားပြီး ကွန်ကရစ်ဖြင့် အထပ်မြင့်တည်ဆောက်ထားသည့် သာမန်မျှော်စင်ပုံစံမျိုးများသာဖြစ်ကြသည်။

Pantsir-S1 စနစ်ကဲ့သို့သော လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်များကို မော်စကိုမြို့တော်ရှိ အဆောက်အအုံမြင့်များ၏ ခေါင်မိုးများပေါ်တွင်လည်း တပ်ဆင်ထားပြီး လေကြောင်းမှ တိုက်ခိုက်မှုကို နောက်ဆုံးခံစစ်စည်းအဖြစ် အသုံးပြုထားခြင်းဖြစ်ကြောင်း သိရသည်။

**Russia uses old Flaktürme tactics to defeat Ukrainian drones flying towards Moscow ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်တပ်မတော်က အပေါ့စားစက်ရုပ်တိုက်ခိုက်ရေးယာဉ်၏ ပထမဆုံးရှေ့ပြေးပုံစံများ လက်ခံရရှိ

အမေရိကန်တပ်မတော်သည် မျိုးဆက်သစ် တိုက်ခိုက်ရေးယာဉ် (NGCV) ပဏာမခြေလှမ်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် တီထွင်ထားသည့် အပေါ့စားစက်ရုပ်တိုက်ခိုက်ရေးယာဉ် (RCV-L) ၏ ပထမဆုံး ရှေ့ပြေးပုံစံများကို လက်ခံရရှိခဲ့ကြောင်း Army Recognition သတင်းဌာနက ဩဂုတ် ၂၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါရှေ့ပြေးပုံစံများကို ဩဂုတ် ၁၅ ရက်တွင် Textron Systems ကုမ္ပဏီထံမှလည်းကောင်း၊ ဩဂုတ် ၁၉ ရက်တွင် Oshkosh Defense ကုမ္ပဏီထံမှလည်းကောင်း လက်ခံရရှိခဲ့ခြင်းဖြစ်ပြီး Aberdeen စမ်းသပ်ရေးကွင်းတွင် စမ်းသပ်မှုများ စတင်ပြုလုပ်သွားရန်ရှိသည်။

၎င်းရှေ့ပြေးပုံစံတိုက်ခိုက်ရေးယာဉ်များသည် အဆင့်မြင့် စစ်ဘက်နည်းပညာများ အကောင်အထည်ဖော် လက်ခံကျင့်သုံးနိုင်ရန် အရှိန်မြှင့်လုပ်ဆောင်နေသည့် Middle Tier Acquisition – Rapid Prototyping စီမံကိန်းတစ်ရပ်၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။

Textron ကုမ္ပဏီထုတ် RIPSAW M3 မော်ဒယ်တွင် ဟိုက်ဘရစ်လျှပ်စစ်ခေတ်အားနှင့် ဆန်းသစ်သောဆိုင်းထိန်းစနစ်တို့ တပ်ဆင်ထားသောကြောင့် အကွာအဝေး ၂၂၅ ကီလိုမီတာကျော်ထိ အသံတိတ်စောင့်ကြည့်ထောက်လှမ်းရေးတာဝန် ထမ်းဆောင်နိုင်မည်ဖြစ်သည်။ ၎င်း၏ ပြောင်းလွယ်ပြင်လွယ် ဖွဲ့စည်းတည်ဆောက်ပုံဒီဇိုင်းသည် Payloads အမျိုးမျိုးတပ်ဆင်အသုံးပြုရန် လိုက်လျောညီထွေ ဖြစ်စေသည်။

ရွှံ့လျားစစ်ကစားနိုင်စွမ်းမြင့်မားကောင်းမွန်စေရန် ဒီဇိုင်းထုတ်ထားသော Oshkosh ကုမ္ပဏီထုတ် ရှေ့ပြေးပုံစံယာဉ်သည်လည်း Payload အမျိုးမျိုး သယ်ဆောင်တိုက်ပွဲဝင်နိုင်ရန် ပြောင်းလွယ်ပြင်လွယ်၊ အဆင့်မြှင့်တင်ရန်လွယ်ကူသောမော်ဂျူလာဒီဇိုင်းဖွဲ့စည်းပုံမျိုးပင်ဖြစ်သည်။ အမေရိကန် တပ်မတော်၏ သီးခြားလိုအပ်ချက်များနှင့် ကိုက်ညီစေရန် တပ်ဖွဲ့ဝင်များထံမှ အကြံပြုချက်ကို ပေါင်းစပ်အသုံးပြုထားခြင်းဖြစ်သည်။

ထိုကုမ္ပဏီများအပြင် General Dynamics Land Systems နှင့် McQ/HDT Global တို့သည် အပြန်အလှန် လုပ်ဆောင်နိုင်မှု၊ အသွင်ပြောင်းလဲအဆင့်မြှင့်တင်နိုင်မှုနှင့် အဆင့်မြင့်ပစ္စည်းများအသုံးပြုမှုကို အလေးပေးအဆိုပြုတင်သွင်း၍ အမေရိကန်တပ်မတော်၏ Middle Tier Acquisition – Rapid Prototyping စီမံကိန်းတင်ဒါပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။ ၎င်းကုမ္ပဏီများက ထုတ်လုပ်လျက်ရှိသော မောင်းသူမဲ့စနစ်သုံးယာဉ်များအတွက် ဝိသေသလက္ခဏာသတ်မှတ်ချက်များတွင် ဟိုက်ဘရစ်လျှပ်စစ်တွန်းကန်အားစနစ်နှင့် ဉာဏ်ရည်တု နည်းပညာသုံးစွမ်းရည်များ ပါဝင်ကြောင်း သိရသည်။

အမေရိကန်တပ်မတော်သည် အဆိုပါရှေ့ပြေးပုံစံယာဉ်များ၏ စွမ်းဆောင်ရည်၊ ရွှံ့လျားစစ်ကစားနိုင်မှု၊ အချိန်ကြာမြင့်စွာ တိုက်ပွဲဝင်ထမ်းဆောင်နိုင်မှုနှင့် ယုံကြည်စိတ်ချရမှုတို့ကို လာမည့်လများအတွင်း အကဲဖြတ်ဆန်းစစ်ရန် စီစဉ်ထားသည်။ ၂၀၂၇ ခုနှစ်ထိ အစီအစဉ်ရေးဆွဲထားသော ထုတ်လုပ်မှုဆုံးဖြတ်ချက်နှင့်အတူ ၂၀၂၆ ခုနှစ်တွင် ပြီးပြည့်စုံသော ရှေ့ပြေးပုံစံယာဉ် ကိုးစီးထိ ထုတ်လုပ်သွားနိုင်ရန်စီစဉ်ထားပြီး တာဝန်ပေးအပ်မည့် ကုမ္ပဏီကို ၂၀၂၅ ခုနှစ်တွင် အပြီးသတ်ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။



၎င်းမောင်းသူမဲ့စနစ်သုံးယာဉ်များ တိုးတက်ဖွံ့ဖြိုးထုတ်လုပ်ရေးစီမံကိန်းသည် အမေရိကန်တပ်မတော် ခေတ်မီတိုးတက်ရေးရည်မှန်းချက်များ၊ ကာဗွန်ဒိုင်အောက်ဆိုက် အသုံးပြုမှုလျှော့ချခြင်းမူဝါဒများနှင့်အညီ ၂၀၃၀ ပြည့်နှစ်တွင် လျှပ်စစ်တွန်းကန်အားစနစ်ကို ထိရောက်စွာအသုံးပြုနိုင်ရေးအတွက် အမေရိကန်တပ်မတော်က ချမှတ်အကောင်အထည်ဖော်လျက်ရှိသည့် မဟာဗျူဟာတစ်စိတ်တစ်ပိုင်းဖြစ်သည်။ အပေါ့စားစက်ရုပ်တိုက်ခိုက်ရေးယာဉ်(RCV-L)များသည် စစ်မြေပြင်ရှိ လူလိုက်ပါမောင်းနှင်ရသောယာဉ်များ၏ ဘေးကင်းလုံခြုံရေးကို အဆင့်မြှင့်တင်ပေးနိုင်ကာ ကင်းထောက်နှင့် အစောင့်အကြပ် အခန်းကဏ္ဍများအတွက်လည်း တာဝန်ပေးအပ်နိုင်ရန် မျှော်မှန်းထားသည်။ အဆိုပါ စက်ရုပ်တိုက်ခိုက်ရေးယာဉ်များ ပေါင်းစည်းအသုံးပြုလာခြင်းသည် နိုင်ငံတကာတပ်မတော်များအတွက် စစ်ဆင်ရေးများကို ပိုမိုလွတ်လပ်၊ လုံခြုံစွာတိုက်ပွဲဝင်လုပ်ဆောင်နိုင်မှုစွမ်းရည်ကို မြှင့်တင်ရာတွင် အဓိကခြေလှမ်းအဖြစ် ရှုမြင်နေကြကြောင်း သိရသည်။

**US Army Receives First Prototypes for Next-Generation Robotic Light Combat Vehicle Testing Program ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ဧက ၂၀၂၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ချောင်းဦး ဩဂုတ် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံဧက ၂၀၂၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ချောင်းဦးမြို့နယ်တွင် ပဲစင်းငုံ ဧက ၂၀၃၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၂၀၂၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ပဲစင်းငုံ ဧက ၂၀၃၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၂၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ပဲစင်းငုံ စိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲစိုက်ပျိုးကြပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ယခုနှစ် ချောင်းဦးမြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေး၊ အထွက်နှုန်း ကောင်းမွန်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ချောင်းဦးမြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ရွက်ဖျန်းမြေဩဇာဝယ်ယူမှု လျှော့ချနိုင်စေရန်အတွက် ယူရီးယားနှင့် လက်ချားဓာတ်မြေဩဇာပေါင်း စပ်သုံးစွဲသည့် နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ယူရီးယားနှင့် လက်ချားသုံးစွဲခြင်းကြောင့် စိုက်ပျိုးစရိတ် သက်သာပြီး အပင်များပိုးမွှားကင်းစင်ပြီး အပင်ဖြစ်ထွန်းကောင်းမွန်ကြောင်း သိရသည်။ (၂၀၆)

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးခုံးမ ပိဿာချိန် ၈၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့

ညောင်တုန်း ဩဂုတ် ၂၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးခုံးမ ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးခုံးမပိဿာချိန် ၆၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ ငါးခုံးမ ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသက ငါးခုံးမများအပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ အများဆုံးတင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

"ညောင်တုန်းမြို့နယ်က ငါးခုံးမတွေကို ရန်ကုန်မြို့က ဝယ်လိုအားကောင်းနေပါတယ်။ ပြည်တွင်း ငါးစားသုံးမှုများလာတာကြောင့် ရန်ကုန်ဈေးကွက်က အဝယ်လိုက်လာတာဖြစ်ပါတယ်။ ဇူလိုင်လတစ်လအတွင်း ငါးခုံးမ ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ညောင်တုန်းမြို့နယ်က ထွက်ရှိတဲ့ ငါးခုံးမတွေက ရန်ကုန်ဈေးကွက်ကို ဇွန်လကထက် ပိဿာချိန် ၂၀၀၀၀ ထိ ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့ပါတယ်'' ဟု ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။



ညောင်တုန်းမြို့နယ်မှ ငါးခုံးမများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်နှင့် အခြားဒေသများသို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးများ ပိုမိုတင်ပို့ရောင်းချလာရသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# စလင်းမြို့နယ် ကံဆွယ်လေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

စလင်း ဩဂုတ် ၂၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကံဆွယ်လေးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) စီမံကိန်းရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၂၈ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်အင်ဂျင်နီယာဝန်ထမ်းများက ကံဆွယ်လေးကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကံဆွယ်လေးကျေးရွာ၌ လမ်းအရှည် ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ ပထမပတ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **သန်းသန်းစိုး**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၉-၈-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၇၀၀၀/၁၇၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၉၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၂၈၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၆၈၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၀၅၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၁၉၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)




ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄ ခုနှစ် ပဋ္ဌမအကြိမ်အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီ တတိယအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**ရှေ့ဖုံးမှအဆက်**

ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် အားကစားနှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုမှုများစွာရှိသည့်အနက် **“အားကစားသည် ယဉ်ကျေးသော လူ့အဖွဲ့အစည်းတစ်ရပ်၏ အထိမ်းအမှတ်လက္ခဏာဖြစ်သည်ဟု မှတ်ယူကြသည်၊ တစ်နည်းအားဖြင့် အားကစားသည် လူသားထုတစ်ရပ်လုံး၏ ကျန်းမာကြံ့ခိုင်ရေးကိုရှေးရှုသော ပျော်ရွှင်ရင်ခုန်ကြည်နူးဖွယ်လှုပ်ရှားမှုအဖြစ် လူတစ်ဦးချင်း၊ လူတစ်စုလူတစ်ဖွဲ့မှသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၊ လူမှုအသိုင်းအဝိုင်းတစ်ရပ်လုံးမှသည် လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံချင်းစီအကြား လူသားဆန်သော အပြန်အလှန်ရင်းနှီးချစ်ကြည်မှုကို ဖန်တီးပေးနိုင်သည့် အရာဟုသိရှိရပါကြောင်း၊ တစ်နည်းအားဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေး၏ သံတမန်အခင်းအကျင်းတစ်ရပ်အဖြစ် လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ ချစ်ကြည်ခြင်းတည်းဟူသော လောကပါလတရားများကိုပင် ဖြစ်ထွန်းစေနိုင်သည်ဟု မျှော်လင့်ယုံကြည်ကြသည်”**ဟုလည်း အဓိပ္ပာယ်ဖွင့်ဆိုကြကြောင်း။

ပဋ္ဌမအကြိမ်ကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီးတွင် ထူးချွန်ထက်မြက်ပြီး နိုင်ငံဂုဏ်ဆောင်သည့် အားကစားသမားများ ထွက်ပေါ်လာနိုင်ပြီး နိုင်ငံတော်အဆင့်၊ အာဆီယံအဆင့်စံချိန်ချိုးနိုင်သည့် အားကစားသမားများလည်းထွက်ပေါ်လာနိုင်ကြောင်း၊ ထို့အတူ ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ထူးချွန်ထက်မြက်သည့်အားကစားသမားများ ထွက်ပေါ်လာမည်ဖြစ်သည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အဆိုပါထူးချွန်အားကစားသမားများကို ရေရှည်ရပ်တည်နိုင်ရေး ပံ့ပိုးပေးရန်လိုကြောင်း၊ အမျိုးသားအားကစားပွဲတော်ကြီးတွင် ပါဝင်ယှဉ်ပြိုင်ကြမည့်အားကစားသမားများအနေဖြင့်လည်း နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့်အားကစားသမားများအဖြစ် မျှော်မှန်းကြိုးစားယှဉ်ပြိုင်သွားကြရမည်ဖြစ်ကြောင်း။

အမျိုးသားအားကစားပွဲတော် ကျင်းပရန် သုံးလဝန်းကျင်ခန့် အချိန်ရရှိသေးသော်လည်း ကော်မတီဝင်များ၊ဆပ်ကော်မတီများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်မျှော်မှန်းဆောင်ရွက်ထားရန်နှင့် ဖွင့်ပွဲ၊ပိတ်ပွဲ အခမ်းအနားများခမ်းနားထည်ဝါစွာကျင်းပနိုင်ရေးနှင့် ပြိုင်ပွဲ ပွဲစဉ်တစ်လျှောက်လစ်ဟာမှုမရှိအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများကို အောင်မြင်လိုသည့် စိတ်ဓာတ်ကောင်းများ၊ အလေ့အကျင့်ကောင်းများ ပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း၊**ထူးချွန်အောင်မြင်စွာထွက်ပေါ်လာမည့် အားကစားသမားများကိုလည်း ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ထိုက်တန်စွာဂုဏ်ပြုချီးမြှင့်သွားကြရမည်ဖြစ်ကြောင်း၊** ယခင်အစိုးရများလက်ထက်တွင်လည်း ထူးချွန်အောင်မြင်ခဲ့သည့် အားကစားသမားများကို ဂုဏ်ပြုချီးမြှင့်ခဲ့သကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်လျက်ရှိကြောင်း။

**ပဋ္ဌမအကြိမ်ကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီးတွင် ထူးချွန်ထက်မြက်ပြီး နိုင်ငံဂုဏ်ဆောင်သည့် အားကစားသမားများထွက်ပေါ်လာနိုင်ပြီး နိုင်ငံတော်အဆင့်၊ အာဆီယံအဆင့်စံချိန်ချိုးနိုင်သည့် အားကစားသမားများလည်း ထွက်ပေါ်လာနိုင်၊ ထူးချွန်အောင်မြင်စွာထွက်ပေါ်လာမည့် အားကစားသမားများကို ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ထိုက်တန်စွာဂုဏ်ပြုချီးမြှင့်သွားကြရမည်ဖြစ်. . .**

ထိုသို့ချီးမြှင့်ခဲ့မှုအနေဖြင့် အာရှနှင့် အရှေ့တောင်အာရှအဆင့် အားကစားပြိုင်ပွဲကြီးများအပါအဝင် နိုင်ငံတကာအားကစားပြိုင်ပွဲကြီးပေါင်း ၂၂ ခုသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် ၇၇ ခု၊ ငွေတံဆိပ် ၈၇ ခုနှင့် ကြေးတံဆိပ် ၁၅၉ ခုရရှိအောင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် နိုင်ငံ့လက်ရွေးစင်အားကစားသမားများကို အခမ်းအနားများကျင်းပပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင်တက်ရောက်၍ ဆုကြေးငွေအားဖြင့် ငွေကျပ် ၇၄၅၂၃ သိန်းနှင့်အမေရိကန်ဒေါ်လာ ၁၃၃၉၀၀ တို့ကို အားကစားသမားများအား ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးခဲ့ကြောင်း၊ ထိုသို့ ချီးမြှင့်ခြင်းသည် မျိုးဆက်သစ်လူငယ်များအနေဖြင့် နိုင်ငံ့ဂုဏ်ဆောင်လိုသည့် စိတ်ဓာတ်ပေါ်ပေါက်လာစေရန်ရည်ရွယ်ပြီး ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ ဩဂုတ် ၁၂ ရက်တွင်ကျင်းပခဲ့သည့် **“၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့”**အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လူငယ်ကဏ္ဍနှင့်ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် လူမှုရေးဦးတည်ချက်(၃)ရပ်တွင် **“နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး”**ဟု ထည့်သွင်းချမှတ်ထားရှိပြီး လူငယ်ကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ယခင်ကထက် ပိုမိုထိရောက်ကျယ်ပြန့်စွာ မြှင့်တင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း။

၎င်းပြင် ယနေ့လူငယ်များဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်တိုင်းကျန်းမာကြံ့ခိုင်အောင် အားကစားနည်းတစ်မျိုးမျိုးကို လေ့လာလိုက်စားစေပြီး အဆိုပါလူငယ်များထဲမှ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ပေါ်ထွက်လာအောင် ဆောင်ရွက်ကြရေးသည်အလေးထားဆောင်ရွက်ရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်ကို အသိပေးမှာကြားလိုသည်ဟု လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ အဆိုပါမှာကြားချက်ကို လုပ်ငန်းလမ်းညွှန်ချက်အဖြစ်မှတ်သားပြီး ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အားကစားသမားများ၏ အသက်တိကျမှန်ကန်ရေးနှင့်ပတ်သက်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ E-id Software အသုံးပြုစစ်ဆေးပေးရန်လိုကြောင်း၊ ယခင်က မိမိဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အောင်နိုင်လိုစိတ်ဖြင့် အသက်ကန့်သတ်ချက်များအား ကျော်လွှားဆောင်ရွက်ခဲ့မှုများ ရှိကြောင်း၊ သို့ဖြစ်၍ အသက်တိကျမှန်ကန်ရေးအတွက် မှန်မှန်ကန်ကန် ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် တားမြစ်ဆေးဝါးသုံးစွဲပြီး ယှဉ်ပြိုင်ခြင်းမရှိစေရန်လည်း ကျန်းမာရေးဝန်ကြီးဌာနက ဆေးပညာရှင်များနှင့် သေချာစွာကြပ်မတ်စစ်ဆေးမှသာ မှန်ကန်မျှတသည့် ပြိုင်ပွဲဖြစ်လာမည်ဖြစ်ကြောင်း။

ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တာဝန်ရှိသူများက ကဏ္ဍအလိုက် အမျိုးသားရေးအသိစိတ်ဓာတ်နှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်နှင့် မမျှော်မှန်းနိုင်သည့် လုပ်ငန်းအခက်အခဲများ ပေါ်ပေါက်လာပါကလည်း တာဝန်ရှိသူအဆင့်ဆင့်ကအချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ပြိုင်ပွဲအမျိုးအစားသတ်မှတ်ခြင်းနှင့် ပြိုင်ပွဲအစီအစဉ်များ၊ ဆုချီးမြှင့်မည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျင်းပရေးကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးနှင့် နေပြည်တော်ကောင်စီဝင်တို့က ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများကို ခေတ်ကာလနှင့် လျော်ညီစွာ နိုင်ငံတော်အဆင့်ခမ်းနားထည်ဝါစွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်သွားမည့်အစီအစဉ် လျာထားချက်များနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးနှင့်ဆုချီးမြှင့်ရေးဆပ်ကော်မတီ၊ သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းတင်ရေးဆပ်ကော်မတီ၊ကျန်းမာရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေးဆပ်ကော်မတီ၊ ပြိုင်ပွဲကျင်းပရေးနှင့် နည်းစနစ်ဆပ်ကော်မတီ၊တည်းခိုနေထိုင်ရေးနှင့်ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီနှင့် ခုံသမာဓိဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော် အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်ချက်များ၊ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားကြမည့်အစီအမံများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပဋ္ဌမအကြိမ်အမျိုးသားအားကစားပွဲတော်ကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပဲခူးမြို့တွင် ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကျင်းပ

ပဲခူး ဩဂုတ် ၂၉

ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်တို့ တက်ရောက်ချီးမြှင့်ကြသည်။



ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng phang နော်တောင်နှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းတို့က ကရင်ဖားစည်အား ကိုးချက်တီး၍ အခမ်းအနားကိုဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng phang နော်တောင်နှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းတို့က နှုတ်ခွန်းဆက်စကားပြောကြားကာ ကရင်ရိုးရာ ချည်ဖြူဖွဲ့ခြင်းဖြစ်ပေါ်လာပုံနှင့်ပတ်သက်၍ ကရင်တိုင်းရင်းသားဘာသာစာပေသင်ဆရာမတစ်ဦးက ရှင်းလင်းပြောကြားသည်။

ယင်းနောက် သရက်ကုန်း၊ ညောင်အင်း၊ ပျဉ်းမငူကျေးရွာတို့မှ ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများက ဖဲကြိုးကျစ်အကနှင့် ကရင်ရိုးရာအကများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြပြီး ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးဆောင်၍ ကရင်လူငယ်မောင်မယ်များက ကရင်အမျိုးသားအလံနှင့် လက်ချည်ဖွဲ့မည့် ပစ္စည်းများကို သတ်မှတ်နေရာများသို့ သယ်ဆောင်ခြင်း၊ ဘိုးဘွားများ နေရာယူခြင်းတို့ ဆောင်ရွက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများအား ချည်ဖြူဖွဲ့ပေးကြပြီး ကရင်အဘိုးအဘွားများအတွက် ထောက်ပံ့ငွေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ကလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီအတွက် ထောက်ပံ့ငွေများကို ပြည်ထောင်စုဝန်ကြီးက လည်းကောင်း၊ ကရင်ရိုးရာဒုံးယိမ်းအဖွဲ့များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ညောင်လေးပင်ခရိုင် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဝင် ဦးစောလင်းအောင်က ကျေးဇူးတင်စကားပြောကြားပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကာ အခမ်းအနား တက်ရောက်လာကြသူများကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိမိတို့မျှော်မှန်းသည့် Digital အခွင့်အလမ်းများကို အမိအရဆုပ်ကိုင်နိုင်ရန်အတွက် ဒစ်ဂျစ်တယ်နည်းပညာများ၏ ခြိမ်းခြောက်မှုနှင့် အန္တရာယ်များ လျော့ပါးလာစေရေးတို့ကို အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်




နေပြည်တော် ဩဂုတ် ၂၉

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့်GNE Co., Ltd တို့ ပူးပေါင်းဖွင့်လှစ်သည့်e-Government ဆိုင်ရာ Firewall Administration User Training (Cyber Security) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီးJeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အရာထမ်း၊ အမှုထမ်းများ၊ GNE Co., Ltd မှ Branch Office Managerၢသင်တန်းနည်းပြဆရာများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ဒစ်ဂျစ်တယ်ခေတ်တွင် ဆက်သွယ်ရေးစနစ်များနှင့် ICT နည်းပညာများမြန်ဆန်စွာဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် အကျိုးကျေးဇူးများရှိသကဲ့သို့ တစ်ချိန်တည်းတွင် ဆိုက်ဘာတိုက်ခိုက်မှုဆိုက်ဘာရာဇဝတ်မှုများ စသည့် စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်လာရပါကြောင်း၊ ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဝန်ကြီးဌာန ဆိုက်ဘာလုံခြုံရေးအတွက် GNE Co., Ltd နှင့်ပူးပေါင်း၍ Firewall-FortiGate 101F (Hardware)ကို တပ်ဆင်ထားရှိပြီးဖြစ်၍ Firewall တပ်ဆင်အသုံးပြုဆောင်ရွက်ထားရှိမှုများနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အစီအမံများနှင့်ပတ်သက်၍ သိရှိနားလည်စေရန် ဤသင်တန်းကိုဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းမှပို့ချမည့်သင်ခန်းစာများအပေါ် သေချာစွာလေ့လာသင်ယူကာ e-Government ပုံရိပ်ကို တိုးမြှင့်ဆောင်ရွက်သွားကြရန်နှင့် မိမိတို့မျှော်မှန်းသည့် Digital အခွင့်အလမ်းများကို အမိအရဆုပ်ကိုင်နိုင်ရန်အတွက် ဒစ်ဂျစ်တယ်နည်းပညာများ၏ ခြိမ်းခြောက်မှုနှင့် အန္တရာယ်များလျော့ပါးလာစေရေးတို့ကို အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ICT ပညာရပ်ဆိုင်ရာကျွမ်းကျင်သည့် ဝန်ထမ်းများ ပိုမိုထွက်ပေါ်လာပါက ဝန်ကြီးဌာန၏ ရည်မှန်းချက်၊ မျှော်မှန်းချက်များကိုအကောင်အထည်ဖော်ရာတွင် ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်သဖြင့် အထူးကြိုးစားသင်ယူသွားကြရန် အလေးအနက်ထားမှာကြားလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ GNE Co., Ltd မှ Branch Office Manager က သင်တန်းနည်းပြဆရာများနှင့်မိတ်ဆက်ပေးပြီး Powerpoint ဖြင့် ရှင်းလင်းတင်ပြကာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် သင်တန်းနည်းပြဆရာများ၊ သင်တန်းသား၊ သင်တန်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ အဆိုပါ သင်တန်းကာလမှာ သုံးရက်ခန့်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၁၄ ဦး တက်ရောက်ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်း အောင်နှင့်အတူ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးသို့လည်းကောင်း၊ ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးသို့လည်းကောင်း ရုံးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဘတ်ဂျက် ရန်ပုံငွေများကို ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီစနစ်တကျမှန်ကန်စွာသုံးစွဲရေး၊ အလေအလွင့်၊ ဆုံးရှုံးမှုနှင့် မသမာမှုများမရှိစေရေးနှင့် နိုင်ငံတော်၏ ခြိုးခြံချွေတာရေးမူများကိုလည်း အထူးအလေးဂရုပြုလိုက်နာဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ အထူးသဖြင့် ဝန်ထမ်းများသည် တိုင်းရင်းသားလူမျိုးများရေးရာလုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်ကပြဋ္ဌာန်းထားရှိသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျမှန်ကန်စွာ ဆောင်ရွက်ရန်လိုအပ်ပါကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ဝန်ထမ်းများနှင့်တွေ့ဆုံစဉ် ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးတို့က တိုင်းဒေသကြီးအတွင်း တိုင်းရင်းသားရေးရာ ကိစ္စရပ်များနှင့် တိုင်းရင်းသားဒေသများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ထမ်းများက လုပ်ငန်းလိုအပ်ချက်များတင်ပြကြရာ ညွှန်ကြားရေးမှူးချုပ် ဦးမင်းအေးကိုက ဖြည့်စွက်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ၏ တင်ပြချက်များနှင့်ဌာနဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၄ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**၂၀၂၄ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၄ /၂၀၂၄)**

၁၃၈၆ ခုနှစ် ဝါခေါင်လပြည့်ကျော် ၉ ရက်

(၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၈ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **၂၀၂၄ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ အကျိုးသက်ရောက်စေရမည်။

၃။ ၂၀၂၄ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၁၄ ပုဒ်မခွဲ(က)၏ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲဇယားများ အမှတ်စဉ် ၃၉ တွင်ပါရှိသော "ရွှေစင်၊ ရွှေတုံးများ (စံချိန်မီရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ)နှင့်" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၄။ ၂၀၂၄ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၁၄ ပုဒ်မခွဲ(ဈ)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ဈ) ရွှေစင်၊ ရွှေတုံးများ (စံချိန်မီရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ) နှင့် ရွှေထည်လက်ဝတ်ရတနာများ ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းအတွက် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ သို့ရာတွင် ရွှေစင်၊ ရွှေတုံးများ (စံချိန်မီရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ)နှင့် ရွှေထည်လက်ဝတ်ရတနာများကို ပြည်တွင်း၌ ဝယ်ယူစဉ် သို့မဟုတ် ပြည်ပမှ တင်သွင်းစဉ်က ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ပြည်တွင်း၌ရောင်းချစဉ် သို့မဟုတ် ပြည်ပသို့တင်ပို့စဉ် ပေးဆောင်ရသည့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ခုနှိမ်ခွင့်မရှိစေရ။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်

**ဗိုလ်ချုပ်မှူးကြီး**

**ဥက္ကဋ္ဌ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# လျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

၁၃၈၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၁ ရက်

၂၀၂၄ခုနှစ် ဩဂုတ်လ ၃၀ ရက်

**ပြည်သူသို့ အသိပေးကြေညာခြင်း**

**လျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်း**

၁။ နိုင်ငံတော်၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် လျှပ်စစ်ဓာတ်အားရရှိရေးသည် အဓိကကျသောကြောင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများနှင့် ဓာတ်အားလိုင်းကြီးများ အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းများကို ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် ဆောင်ရွက်ပြီး လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများသို့ တည်ငြိမ်သောလျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးဆောင်ရွက်ရာတွင် ဘဏ္ဍာရေးနှစ်အလိုက် ထုတ်လုပ်မှုစရိတ်မြင့်မားလာပါသဖြင့် ဓာတ်အားခနှုန်းထားများကို ပြင်ဆင်သတ်မှတ်ရန် လိုအပ်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ၂၀၁၄ ခုနှစ် လျှပ်စစ်ဥပဒေပုဒ်မ ၄၁ နှင့်အညီ လျှပ်စစ်ဓာတ်အားခနှုန်းထား ပြင်ဆင်သတ်မှတ်ရန်ကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခဲ့ရာ ၂၀၂၄ ခုနှစ် ဇူလိုင် ၅ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၅/၂၀၂၄)၏ သဘောတူညီချက်အရ လျှပ်စစ်ဓာတ်အားခနှုန်းထားများကို အောက်ပါအတိုင်းပြင်ဆင်သတ်မှတ်သွားမည်ဖြစ်ပါသည်-

| စဉ် | ဓာတ်အားသုံးစွဲသူအမျိုးအစား | ဓာတ်အားခနှုန်းထား | |
|---|---|---|---|
| | | ယူနစ်အလွှာ | ကျပ် |
| (က) | **အိမ်သုံးအမျိုးအစား**<br>[နေအိမ်သုံး၊ အိမ်သုံးပါဝါ၊ တစ်လုံးတစ်ခဲတည်း (အိမ်သုံး)၊ စီးပွားရေးလုပ်ငန်းမပါသော ဘာသာ/သာသနာ အဆောက်အအုံ] | ၁ မှ ၅၀ ယူနစ်ထိ | ၅၀ |
| | | ၅၁ မှ ၁၀၀ ယူနစ်ထိ | ၁၀၀ |
| | | ၁၀၁ မှ ၂၀၀ ယူနစ်ထိ | ၁၅၀ |
| | | ၂၀၁ ယူနစ်နှင့် အထက် | ၃၀၀ |
| (ခ) | **အိမ်သုံးမဟုတ်သည့်အမျိုးအစား**<br>[စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ တစ်လုံးတစ်ခဲတည်း၊ ယာယီသုံး၊ လမ်းမီး၊ အစိုးရရုံးဌာနအဖွဲ့အစည်းများ၊ နိုင်ငံပိုင်စက်မှုလုပ်ငန်းများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၊ မြစ်ရေတင်လုပ်ငန်း၊ စည်ပင်သာယာရုံးဌာန/ လုပ်ငန်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံခြားသံရုံးများ၊ နိုင်ငံတကာအဖွဲ့အစည်းများ] | ၁ မှ ၅,၀၀၀ ယူနစ်ထိ | ၂၅၀ |
| | | ၅,၀၀၁ မှ ၂၀,၀၀၀ ယူနစ်ထိ | ၄၀၀ |
| | | ၂၀,၀၀၁ ယူနစ်နှင့် အထက် | ၅၀၀ |

၃။ ယခုပြင်ဆင်သတ်မှတ်လိုက်သော ဓာတ်အားခနှုန်းထားများသည် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁ ရက်

# ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**နေပြည်တော် ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ယနေ့မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေး စကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ၂၀၂၄ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၂၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄ ခုနှစ် ဩဂုတ် ၂၈ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၅၄ /၂၀၂၄ ဖြင့် ၂၀၂၄ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအား အတည်ပြုထုတ်ပြန်ခဲ့ပါသည်။ အဆိုပါဥပဒေသည် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၅ ခုနှစ် မတ် ၃၁ ရက်ထိ အကျိုးသက်ရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# သဘောသဘာဝမတူညီသည့် စက်ကိရိယာပစ္စည်းများကို စီမံခန့်ခွဲနိုင်ရေးအတွက် ပြီးပြည့်စုံသည့် လုပ်ထုံးလုပ်နည်းဖြစ်စေရန် ဝန်ကြီးဌာနများက ပူးပေါင်းပါဝင်ဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၂၉**

စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၂/၂၀၂၄-၂၀၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရုံးအမှတ်(၃၀) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ စက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနအသီးသီးမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ စက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ယနေ့အစည်းအဝေးတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း စက်ပစ္စည်းကြီးကြပ်မှုကော်မတီသို့ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းနှင့် စီမံကိန်းတန်ဖိုးပြောင်းလဲခြင်း အမှာစာ ၁၃ စောင်တို့ကိုအတည်ပြုနိုင်ရန် ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ စက်ကိရိယာပစ္စည်းဝယ်ယူရေးလုပ်ငန်းစဉ်များ၊ ပစ္စည်းလက်ကျန်စီမံခန့်ခွဲခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊ စံကိုက်ချိန်ညှိခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ခြင်း၊ မှတ်တမ်းနှင့် အချက်အလက်ထိန်းသိမ်းခြင်း စသည့်အကြောင်းအရာများနှင့်စပ်လျဉ်းသည့် ကိစ္စများကို ဦးစီးဌာန အဖွဲ့အစည်းအသီးသီးက တစ်ပြေးညီ လိုက်နာဆောင်ရွက်နိုင်ရေး လိုအပ်သဖြင့် စက်ကိရိယာပစ္စည်း စီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းကို ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ မူဝါဒလုပ်ငန်းတာဝန်များနှင့်အညီ လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန် အဖွဲ့ဝင်များက ကြိုးပမ်းဆောင်ရွက်ပေးကြရန်နှင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် ပြောကြားသည်။

ယင်းနောက် စက်ပစ္စည်းကြီးကြပ်မှုကော်မတီသို့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများက တင်ပြသည့် အမှာစာများကို ကော်မတီဝင်များနှင့် ဝန်ကြီးဌာနကိုယ်စားလှယ်များက ရှင်းလင်းတင်ပြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးက စက်ကိရိယာပစ္စည်းစီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်း ရေးဆွဲရာတွင် ပါဝင်သင့်သည့် အချက်အလက်များကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စက်ပစ္စည်းကြီးကြပ်ရေးကော်မတီသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအများ၊ ဝန်ကြီးဌာနများတွင် အသုံးပြုလျက်ရှိသည့် သဘောသဘာဝမတူညီသည့် စက်ပစ္စည်းကိရိယာများကို ကြီးကြပ်စီမံခန့်ခွဲရမည်ဖြစ်၍ စီမံခန့်ခွဲရန်စနစ်လိုအပ်သောကြောင့် လုပ်ထုံးလုပ်နည်းကို ပြုစုရေးဆွဲရခြင်းဖြစ်ကြောင်း၊ ရေးဆွဲထားရှိသည့် လုပ်ထုံးလုပ်နည်းမူကြမ်းကို ကော်မတီဝင်များသို့ ဖြန့်ဝေထားပြီးဖြစ်ကြောင်း၊ သဘောသဘာဝမတူညီသည့် စက်ကိရိယာပစ္စည်းများကို စီမံခန့်ခွဲနိုင်ရေးအတွက် ပြီးပြည့်စုံသည့် လုပ်ထုံးလုပ်နည်းဖြစ်စေရန် ဝန်ကြီးဌာနများက ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကော်မတီဝင်များက စက်ကိရိယာပစ္စည်းစီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းရေးဆွဲခြင်းနှင့် ပတ်သက်၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသားရေဥပဒေရေးဆွဲပြုစုရေးလုပ်ငန်းကော်မတီ (၂/ ၂၀၂၄) ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဩဂုတ် ၂၉**

အမျိုးသားရေဥပဒေ တတိယမူကြမ်းကို ဆွေးနွေးတည်းဖြတ်ရန်နှင့် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးရန် အမျိုးသားရေဥပဒေရေးဆွဲပြုစုရေးလုပ်ငန်းကော်မတီ၏ (၂/၂၀၂၄) ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၂၉) အစည်းဝေးခန်းမ၌ ကျင်းပရာ အမျိုးသားရေဥပဒေရေးဆွဲပြုစုရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း တက်ရောက်သည်။

အစည်းအဝေးသို့ ရေနှင့်ဆက်နွှယ်သည့် ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာနများနှင့် စည်ပင်သာယာရေးကော်မတီများမှ အမျိုးသားရေဥပဒေရေးဆွဲပြုစုရေး လုပ်ငန်းကော်မတီဝင်များနှင့်ဆက်စပ်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ယနေ့အစည်းအဝေးတွင် အမျိုးသားရေဥပဒေ တတိယမူကြမ်းအပေါ် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များထံမှ ပြန်ကြားလာသည့် သဘောထားမှတ်ချက်များအရ မိမိတို့နိုင်ငံတွင် လက်တွေ့ကျင့်သုံးနိုင်မည့် အခြေအနေများ၊ နိုင်ငံတော်၏ လိုအပ်ချက်များနှင့် ကိုက်ညီစေရန် ပုဒ်မ၊ ပုဒ်မခွဲ တစ်ခုချင်းစီအလိုက် အသေးစိတ်ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ အမျိုးသားရေဥပဒေ တတိယမူကြမ်းကို အချောသတ်ပြုစုပြီးပါက မိမိတို့နိုင်ငံနှင့် အကောင်းဆုံး၊ အသင့်လျော်ဆုံးဖြစ်မည့်ရေဥပဒေတစ်ရပ်ကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံ၏ရေကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လိုအပ်ချက်တစ်ခုဖြစ်သည့် အမျိုးသားရေဥပဒေတစ်ရပ် ပေါ်ပေါက်ရန် အမျိုးသားရေဥပဒေ ရေးဆွဲပြုစုရေး လုပ်ငန်းကော်မတီဝင်များအနေဖြင့် တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားရေဥပဒေရေးဆွဲပြုစုရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး (၁) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းလှိုင်က အမျိုးသားရေဥပဒေရေးဆွဲရေး ဆောင်ရွက်ထားရှိမှုများ၊ ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုများနှင့် ရှေ့လုပ်ငန်းစဉ် လျာထားချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသည့် အမျိုးသားရေဥပဒေရေးဆွဲပြုစုရေး လုပ်ငန်းကော်မတီဝင်များနှင့် ဆက်စပ်အဖွဲ့အစည်းများမှ အစည်းအဝေးတက်ရောက်သူများက အမျိုးသားရေဥပဒေတတိယမူကြမ်းအပေါ် ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

☆ **ကျောဖုံးမှအဆက်**

ငါးရှဉ့်မျိုးဆက်ပြတ်လပ်မှုကို ကြိုတင်ကာကွယ်နိုင်ရန် ဖမ်းဆီးရောင်းချသူများကို ဒိုင်များက အသိပညာပေးခြင်း၊ သဘာဝအတိုင်းဖမ်းဆီးရာတွင် ငါးရှဉ့်သားပေါက်များကိုပြန်လည်လွှတ်ပေးခြင်း၊ ကန်လှောင်မွေးမြူမှုထက် သဘာဝတွင်မွေးမြူသောစနစ်ကို တွင်ကျယ်စွာလုပ်ဆောင်ခြင်း၊ ထိုသို့လုပ်ဆောင်နိုင်ရန် နည်းပညာဖြန့်ဝေပေးခြင်းတို့ကို ငါးလုပ်ငန်းအဖွဲ့ချုပ်က ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

"မြန်မာ့ငါးရှဉ့် မျိုးဆက်ပြတ်လပ်မှု မရှိအောင် ငါးရှဉ့်မွေးမြူမှုကို စမ်းသပ်လုပ်ဆောင်ပေမယ့် နည်းစနစ်ပိုင်းဆိုင်ရာလိုအပ်ချက်တွေရှိနေပါတယ်။ နောက်တစ်ခုက သဘာဝမှာမွေးမြူတာကရှင်သန်နှုန်း၊ ပေါက်ဖွားနှုန်း ကောင်းမွန်တာကို သုတေသနပြုရထားတာရှိပါတယ်။ နှစ်စဉ် သဘာဝမှုရင်းဒေသမှာရှိနေတဲ့ ငါးရှဉ့်ပေါက်တွေ သန်းနဲ့ချီပြီး ဆုံးရှုံးနေရာမှာ သိန်းဂဏန်းပဲ သဘာဝမှာ မွေးမြူသွားကြမယ်ဆိုရင် ဝယ်လိုအားရှိနေတဲ့ မြန်မာ့ငါးရှဉ့်ရဲ့ အနာဂတ်ဟာ ငါးရှဉ့်တောင်သူတွေရဲ့ လူမှုစီးပွားကို အထောက်အပံ့ကောင်းရရှိစေမှာပါ" ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အကြီးတန်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အနာဂတ်တွင် ငါး၊ ပုစွန်နှင့် ရေထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရန် အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပြီး လယ်ငါးရှဉ့် သားဖောက်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးလာရေးအတွက် ပညာရှင်များနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်နိုင်ရန် တောင်သူနည်းပညာဆွေးနွေးပွဲများ ကျင်းပပေးလျက်ရှိသည်။

ထို့ပြင် လယ်ငါးရှဉ့်များကို မျိုးစိတ်ခွဲခြားခြင်း၊ မျိုးငါးရှဉ့်ရွေးချယ်ခြင်း၊ ဆေးထိုးသားဖောက်ပြုလုပ်ခြင်း၊ မွေးမြူနိုင်ရန် ပြင်ဆင်ဆောင်ရွက်ခြင်း၊ ငါးရှဉ့်သားပေါက်စုဆောင်းခြင်းနှင့် ထိန်းသိမ်းခြင်း၊ မတူညီသောဟော်မုန်းဆေးများဖြင့် ဆေးထိုးသားဖောက်၍ ဥချသားပေါက်မှုအပေါ် အကျိုးသက်ရောက်မှုကို လေ့လာခြင်း၊ လယ်ငါးရှဉ့်မျိုးစိတ်များ မျိုးပွားမှုဆိုင်ရာ ဇီဝဗေဒကိုအခြေခံ၍ သားပေါက်ရာသီ၊ မြေဆီလွှာနှင့် မျိုးပွားမှုတို့ကို ပညာရှင်များ၊ သုတေသီများနှင့် ဆွေးနွေးအကြံပြုခြင်းနှင့်အတူ နိုင်ငံတော်က ချမှတ်ထားသည့် မွေးမြူရေးရေလုပ်ငန်းသုတေသနဆိုင်ရာ မူဝါဒများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံက ငါးရှဉ့်ပါးမွဲကို ကမ္ဘာ့နိုင်ငံ ၁၈ နိုင်ငံသို့ နှစ်စဉ်တင်ပို့မှုမှ နိုင်ငံခြားဝင်ငွေရရှိလျက်ရှိပြီး ယမန်နှစ်က မြန်မာနိုင်ငံမှ ပြည်ပသို့ မြန်မာ့ငါးရှဉ့် တန်ချိန် ၁၃၀၀၀ ခန့်တင်ပို့နိုင်ခဲ့၍ ပြည်ပဝယ်လိုအားနှင့်အညီ တင်ပို့နိုင်ရန် အသင့်ရှိနေသည့်အတွက် ရေသယံဇာတကြွယ်ဝသော မြန်မာနိုင်ငံအနေဖြင့် ရေထွက်ကုန်များ အနာဂတ်ကာလတွင် တိုးမြှင့်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ရေရှည်တွင် မြန်မာ့ငါးရှဉ့်မျိုးဆက်ပြတ်လပ်မှုမရှိစေရန် နိုင်ငံတော်နှင့် ပုဂ္ဂလိကအသင်းအဖွဲ့များ လက်တွဲ၍ဆောင်ရွက်လျက်ရှိပြီး ကန်လှောင်မွေးမြူမှုထက် သဘာဝမှုရင်းဒေသတို့တွင် မွေးမြူပါက ပိုမိုရှင်သန်ထုတ်လုပ်နိုင်မှုကို မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်က သုတေသနပြုတွေ့ရှိထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူများထံ အသိပေးပန်ကြားချက်

❖ ပြည်တွင်းတွင် သာမန်မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားလာမှုနှင့် ပတ်သက်၍ ၁-၉-၂၀၂၄ ရက်မှစ၍ စာအုပ်ဖိုးငွေကျပ် ၃၅၀၀၀ မှ ငွေကျပ် ၄၀၀၀၀ သို့ ပြောင်းလဲသတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဩဂုတ် ၂၉

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ခရမ်းကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၅ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ရောဂါရှာဖွေစစ်ဆေးကုပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ ခရမ်းကျောင်းတိုက် ဆရာတော်အမှူးပြုသောသံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့်နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး။

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး။

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အားပူးပေါင်းဆောင်ရွက်ရေး။

# အလုပ်သမားရေးရာအငြင်းပွားမှု လျှော့နည်းပပျောက်စေရေး အလုပ်ရှင်၊ အလုပ်သမားများက ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၉

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း)သို့ရောက်ရှိပြီး လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်းနှင့် မော်တော်ယာဉ်စက်ပြင်သင်တန်းပို့ချနေမှုကို ကြည့်ရှုအားပေးသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း၌ သင်တန်းသားများနှင့် တွေ့ဆုံပြီး NSSA မှတ်ပုံတင်ထားသည့် သင်တန်းကျောင်း ၂၁ ကျောင်းနှင့် ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရရှိထားပြီး NSSA အသိအမှတ်ပြုမှတ်ပုံတင်ထားသည့် သင်တန်းကျောင်း ၁၄ ကျောင်းရှိကြောင်း၊ သင်တန်းကျောင်းအလိုက် ဆောက်လုပ်ရေးလုပ်သားနှင့် လက်သမားသင်တန်း၊ ငြမ်းဆင်သင်တန်း၊ ကြွေပြားကပ်သင်တန်း၊ ပိုက်ဆက်သင်တန်း၊ အုတ်စီသင်တန်း၊ ကျောက်ပုန်းရိုက်လုပ်သားသင်တန်း၊ အဆောက်အအုံ လျှပ်စစ်ဒီဇိုင်းသင်တန်း၊ ဂဟေဆက်သင်တန်း၊ အထည်ချုပ်သင်တန်း၊ အရောင်းဆိုင်ငွေကိုင်သင်တန်း၊ ဧည့်ကြိုလုပ်သားသင်တန်း၊ အိပ်ခန်းဆောင် ထိန်းသိမ်းရေးလုပ်သားသင်တန်း၊ စက်ကိရိယာကိုင်တွယ်မောင်းနှင်သူသင်တန်း၊ အခြေခံမော်တော်ယာဉ်စက်ပြင်နှင့် အဆင့်မြင့်မော်တော်ယာဉ်စက်ပြင်သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ သင်တန်းဆင်းလုပ်သားများအနေဖြင့် သင်တန်းက ပို့ချပေးခဲ့သည့် သင်ခန်းစာများကို လက်တွေ့လုပ်ငန်းခွင်တွင် ထိရောက်စွာအသုံးချရန်နှင့် ခေတ်နှင့်အညီ စဉ်ဆက်မပြတ်လေ့လာဆည်းပူးကြရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မင်္ဂလာဒုံစက်မှုဇုန်ရှိ Honey Garment Factory 1 Co.,Ltdနှင့် K.M.H Co.,Ltd အထည်ချုပ်စက်ရုံတို့သို့ ရောက်ရှိရာ စက်ရုံတာဝန်ခံများ၊ မန်နေဂျာများ၊ ကြီးကြပ်ရေးမှူးများနှင့် စက်ရုံအလုပ်သမားအဖွဲ့အစည်းဝင်များ၊ လုပ်ငန်းခွင်ညှိနှိုင်းရေးကော်မတီဝင်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးတာဝန်ခံများက လုပ်ငန်းခွင်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းပေးပြီး အလုပ်သမားရေးရာအငြင်းပွားမှုလျှော့နည်းပပျောက်စေရေးတည်ဆဲအလုပ်သမားရေးရာဥပဒေများနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားများက ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ပေးကြရန် ဆွေးနွေးမှာကြားကာ စက်ရုံအတွင်းလှည့်လည်ကြည့်ရှု၍ လုပ်သားများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## Mpox (မျောက်ကျောက်) ရောဂါကာကွယ်ရေးနှိုးဆော်ချက်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ၂၀၂၄ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် Mpox (မျောက်ကျောက်) ရောဂါကူးစက်မှုအား နိုင်ငံတကာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပါသည်။

**ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ**

- ရောဂါပိုးရှိသူနှင့်လိင်ဆက်ဆံခြင်းမှ ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် အရေပြားခြင်းထိတွေ့ခြင်း၊ နမ်းရှုပ်ခြင်း၊ ပွေ့ဖက်ခြင်းတို့မှတစ်ဆင့်ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် မျက်နှာချင်းဆိုင် အနီးကပ်တွေ့ဆုံခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊ (စကားပြောခြင်း၊ အသက်ရှူခြင်း)
- ရောဂါပိုးရှိသူ၏ အနာများ၊ အညစ်အကြေးများနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးများ ကပ်တင်ကျန်နေသည့် အသုံးအဆောင်ပစ္စည်းများ၊ မျက်နှာပြင်များကို လက်ဖြင့်ကိုင်တွယ်ထိတွေ့ခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊
- မသန့်ရှင်းသောဆေးထိုးအပ်နှင့်ဆေးရုံသုံးပစ္စည်းများမှတစ်ဆင့် ကူးစက်ခြင်း၊
- Mpox ဗိုင်းရပ်စ်ရောဂါပိုးကူးစက်ခံထားရသည့် တိရစ္ဆာန်များနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- မိခင်မှကလေးသို့ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီးနောက်တွင် ကူးစက်ခြင်း၊

**ရောဂါပျိုးရက်**

- ရောဂါပိုးစတင်ဝင်ရောက်ပြီး တစ်ရက်မှ ၂၁ ရက်အတွင်း ရောဂါလက္ခဏာများ စတင်ဖြစ်ပွားနိုင်ပါသည်။

**သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ**

- မျက်နှာ၊ ပါးစပ်၊ လက်နှင့် ခြေထောက်၊ ခန္ဓာကိုယ်၊ စအိုဝန်းကျင်နှင့်လိင်အင်္ဂါများတွင် အနီကွက်များထွက်ခြင်း၊ အရည်ကြည်ဖုများပေါက်ခြင်း၊
- ဖျားခြင်း (>38.5˚C)၊
- အကြိတ်များရောင်ရမ်းခြင်း၊
- လည်ချောင်းနာခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ ကျောအောင့်ခြင်း၊
- မောပန်းနွမ်းနယ်ခြင်း၊

(လွန်ခဲ့သည့် ၂၁ ရက်အတွင်း ရောဂါပိုးတွေ့ရှိရာ နိုင်ငံ၊ ဒေသများမှ ပြန်လည်ဝင်ရောက်လာသူများတွင် အထက်ပါလက္ခဏာ များဖြစ်ပွားလာပါက ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ရန် လိုအပ်ပါသည်။)

**ကာကွယ်နိုင်မည့် နည်းလမ်းများ**

- Mpox (မျောက်ကျောက်) ရောဂါလက္ခဏာခံစားနေရသူနှင့် အရေပြားချင်းထိတွေ့ခြင်း၊ မျက်နှာချင်းဆိုင် အနီးကပ်ထိတွေ့ခြင်း၊ လိင်ပိုင်းဆိုင်ရာထိတွေ့ဆက်ဆံခြင်းများကို ရှောင်ကြဉ်ပါ၊
- အနီးကပ်ထိတွေ့မှုကို ရှောင်လွှဲ၍မရပါက လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း (Mask) ကို တပ်ဆင်ပါ၊
- သံသယရောဂါလက္ခဏာခံစားနေရသူ၏ အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ရာတွင် လက်အိတ်ဝတ်ဆင်ခြင်းနှင့်
နှာခေါင်းစည်း (Mask)ကို တပ်ဆင်ခြင်းကို ပြုလုပ်ပါ၊
- လက်ကိုဆပ်ပြာနှင့်ရေ သို့မဟုတ် အယ်လ်ကိုဟောအနည်းဆုံး (၆၀%)ပါဝင်သော ရေမလိုလက်သန့်စင်ဆေးရည်အသုံးပြု၍ စနစ်တကျဆေးကြောပါ၊ လက်မဆေးဘဲ ပါးစပ်၊ နှာခေါင်းနှင့် မျက်လုံးများကို ကိုင်တွယ်ခြင်းမပြုပါနှင့်၊
- တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးကောင်းမွန်စေရန် ဆောင်ရွက်ပါ၊
- နှာချေ၊ ချောင်းဆိုးသည့်အခါတွင် လက်ကိုင်ပဝါ သို့မဟုတ် တံတောင်ကွေးဖြင့် လုံခြုံစွာဖုံးအုပ်ပါ၊
- အသုံးအဆောင်ပစ္စည်းများ (အိပ်ရာခင်း၊ မျက်နှာသုတ်ပဝါ၊ အဝတ်အထည်စသည့်...)များကို ရေဆပ်ပြာနှင့်စနစ်တကျလျှော်ဖွပ်၍အသုံးပြုပါ၊
- တိရစ္ဆာန်များကို အကာအကွယ်မပါဘဲ မထိတွေ့ပါနှင့်၊အသားများကိုကျက်အောင်ချက်ပြုတ်စားပါ၊

**Mpox (မျောက်ကျောက်)ရောဂါလူနာနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်း(သို့မဟုတ်) ရောဂါသံသယလက္ခဏာများခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပေးပို့၍ လိုအပ်သောစစ်ဆေးစမ်းသပ်မှုနှင့် ကုသမှုခံယူပါ။**

ကျန်းမာရေးဝန်ကြီးဌာန
ဩဂုတ်လ၊ ၂၀၂၄

# ယဉ်ကျေးမှုအမွေအနှစ်များနှင့် မန္တလေးမြို့တော်ကြီးကို ကာကွယ်ရန်၊ စစ်ဘေးမဖြစ်စေရန်အတွက် သံဃာတော်များနှင့် မျိုးချစ်ဒေသခံပြည်သူများက ဆန္ဒထုတ်ဖော်




ယဉ်ကျေးမှုအမွေအနှစ်များနှင့် မန္တလေးမြို့တော်ကြီးကို ကာကွယ်ရန်၊ စစ်ဘေးမဖြစ်စေရန်အတွက် သံဃာတော်များနှင့် မျိုးချစ်ဒေသခံပြည်သူများက ဆန္ဒထုတ်ဖော်စဉ်။

နေပြည်တော် ဩဂုတ် ၂၉

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ယဉ်ကျေးမှုအမွေအနှစ်များနှင့်မြို့တော်ကြီးအား ကာကွယ်ရန်၊ စစ်ဘေးမဖြစ်စေရန်အတွက် ပြည်သူများက ဆန္ဒထုတ်ဖော်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက် ၁၄ လမ်း၊ ၆၃ လမ်းနှင့် ၆၄ လမ်းကြား မန္တလေးတောင်ခြေရှိ ခြင်္သေ့ကြီးနှစ်ကောင်ရှေ့တွင် သံဃာတော်များနှင့် မျိုးချစ်ဒေသခံပြည်သူများစုပေါင်း၍ ပြုလုပ်ခဲ့ကြသည်။

အဆိုပါဆန္ဒထုတ်ဖော်ပွဲသို့ မန္တလေးမြို့နှင့် အနီးပတ်ဝန်းကျင်များမှသံဃာတော်များနှင့် မျိုးချစ်ဒေသခံပြည်သူများက မန္တလေးတောင်ခြေရှိ ခြင်္သေ့ကြီးနှစ်ကောင်ရှေ့တွင် စုရပ်ပြုလုပ်၍ ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်အဝိုင်းသို့ စနစ်တကျစီတန်းလှည့်လည်ချီတက်၍ ဆန္ဒထုတ်ဖော်ရာ လမ်းတစ်လျှောက်တွင် ယဉ်ကျေးမှုအမွေအနှစ်များတည်တံ့ဖို့ ဒို့မန္တလေးသားတွေစောက်ရှောက်စို့၊ မန္တလေးမြို့ကြီး မပျက်စီးဖို့ မန်းပြည်သူတွေစည်းလုံးစို့၊ ရာဇဝင်ကောင်းတဲ့ ဒို့မန္တလေး ဒို့မျိုးဆက်အတွက် ဆက်ထိန်းပေး၊ အကြမ်းဖက်မှုများတိုက်ခိုက်ဖို့ မန်းပြည်သူတွေညီကြစို့၊ တိုင်းရင်းသားညီအကိုမောင်နှမများ စည်းလုံးညီညွတ်ရေး ဒို့အရေး၊မန္တလေးမြို့ကြီးတည်ငြိမ်အေးချမ်းရေး ဒို့အရေး၊ ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောက်ရှောက်ရေး ဒို့အရေး၊ အကြမ်းဖက်မှုမှန်သမျှဆန့်ကျင်ကြစသည့် ကြွေးကြော်သံများဖြင့်ကြွေးကြော်၍ ပိုစတာများ၊ ဆိုင်းဘုတ်များကိုင်ဆောင်ကာ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် မြင်းခြံ-နဘူးအိုင်လမ်းပိုင်းတွင် ဖြတ်သန်းသွားလာနေသည့် မော်တော်ယာဉ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဓားပြတိုက်နေကြောင်း သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၉

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် မြင်းခြံ-နဘူးအိုင်လမ်းပိုင်းတွင် ဖြတ်သန်းသွားလာနေသည့် မော်တော်ယာဉ်များကို ဩဂုတ် ၂၇ ရက်တွင် ဓားပြတိုက်လျက်ရှိပြီး ဓားပြတိုက်သူများမှာ ရဲတပ်ဖွဲ့၊တပ်မတော်နှင့်ပျူစောထီးများဖြစ်ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ယခုလိုဥပဒေမဲ့လုပ်ရပ်မျိုး လုပ်ဆောင်ခြင်းမရှိကြောင်း၊ ယင်းကဲ့သို့ ဥပဒေမဲ့လုပ်ရပ်များကိုအကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းများက လုပ်ဆောင်လေ့ရှိကြောင်း၊ ပြည်သူလူထုကို အမြဲတစေထိခိုက်အောင် ကြံစည်ဆောင်ရွက်နေကြသူများသည် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ၎င်းတို့၏လက်ဝေခံပြည်ဖျက်မီဒီယာများသာဖြစ်သည်ကိုလည်း အများပြည်သူများအားလုံး အသိပင်ဖြစ်ကြောင်း ဒေသခံပြည်သူတစ်ဦးထံမှ သိရှိရသည်။

ယခုသတင်းသည် PDF အမည်ခံ အကြမ်းဖက်သမားများက ဒေသခံတိုင်းရင်းသားပြည်သူများကို လက်နက်အားကိုးဖြင့် ဆက်ကြေးကောက်ခံခြင်းများ လုပ်ဆောင်လျက်ရှိပြီး မပေးသူများအား အဓမ္မဖမ်းဆီးနှိပ်စက်သတ်ဖြတ်လျက်ရှိသည်ကို ဖုံးကွယ်ရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံဖန်တီးဝါဒဖြန့်ရေးသားခြင်းသာဖြစ်ကြောင်း သိရှိရသည်။ (၅၀၁)




# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၂၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်း၊ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့်နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကိုအကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရသိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်း ခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Sithu Lin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် မဇင်းရပ်ကွက်နေ စည်သူလင်းအား ညနေ ၄ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ "aungkoaung ko799"TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ဖောင်ဇင်းကျေးရွာနေ အောင်သက်ခိုင်နှင့် "Aungko2772"TikTokအကောင့်ပိုင်ရှင်ဖြစ်သူ စဉ့်ကိုင်မြို့နယ် ဖောင်ဇင်းကျေးရွာနေ ကျော်မင်းဦးတို့ကို ညနေ ၅ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကိုဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

## ရေဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊

(ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များကို စနစ်တကျမီးရှို့ခြင်း (သို့) မြေမြှုပ်ခြင်းများ ပြုလုပ်ပါ၊

(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ၊

(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊

(င) ကယ်ဆယ်ရေးနှင့်အရေးပေါ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ၊

(စ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်းမဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်၊

(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

(ဇ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများမစားပါနှင့်၊

(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ၂၄ နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့သို့ဆက်သွယ်၍ အကူညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာထားသည်။

# မန္တလေးမှ ရန်ကုန်သို့ထွက်ခွာလာသည့် အမှတ်(၁၂)အစုန် လူစီးအမြန်ရထားပေါ်မှ WY စာတန်းပါ စိတ်ကြွမူးယစ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၂၉

မန္တလေးမှ ရန်ကုန်သို့ ထွက်ခွာလာသည့် အမှတ်(၁၂)အစုန် လူစီးအမြန်ရထားပေါ်မှ WY စာတန်းပါ စိတ်ကြွမူးယစ်ဆေးပြားများသိမ်းဆည်းရမိခဲ့ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ်၂၇ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀တွင် မန္တလေးမှ ရန်ကုန်သို့ ထွက်ခွာလာသည့်အမှတ်(၁၂)အစုန်လူစီးအမြန်ရထားသည် ပျဉ်းမနားနှင့်ပြည်ဝင်ဘူတာအကြားရောက်ရှိစဉ် ရထား၏ အထက်တန်းတွဲ(၁) ခုံအမှတ် A-3, A-4 ၏အပေါ်ဘက်ပစ္စည်းတင်စင်နှင့် ထိုင်ခုံ၏ ရှေ့တို့တွင် ကျောပိုးအိတ်နှစ်လုံးနှင့် မြွေရေခွံအိတ်များ ထည့်ထားသည့် ခြင်းနှစ်လုံးတို့ကို ပိုင်ရှင်မဲ့တွေ့ရှိရသဖြင့် မသင်္ကာ၍ ရထားလုံခြုံရေးရဲတပ်ဖွဲ့နှင့် မြန်မာ့မီးရထားတာဝန်ရှိသူများက စစ်ဆေးခဲ့ရာ WY စာတန်းပါ စိတ်ကြွမူးယစ်ဆေးပြားများထည့်ထားသည့် ပလတ်စတစ်အထုပ်ကြီး ၅၀ကို တွေ့ရှိခဲ့ပြီး အထုပ်ကြီးတစ်ထုပ်အတွင်း၌ အထုပ်ငယ် ငါးထုပ်ပါရှိကာ အထုပ်ငယ်တစ်ထုပ်အတွင်း ဆေးပြား ၇၅၀၀ ခန့်ပါရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

စစ်ဆေးတွေ့ရှိချက်အရ WY စာတန်းပါ စိတ်ကြွမူးယစ်ဆေးပြား စုစုပေါင်း ၄၆၁၇၄၅ ပြား၊ အလေးချိန် ၃၆ ဒသမ ၉၆ ကီလိုဂရမ် စုစုပေါင်းတန်ဖိုး ငွေကျပ် သိန်းကိုးထောင်ကျော်ခန့်ဖြစ်ပြီး အမှတ်(၁၂)အစုန် လူစီးအမြန်ရထား၏ ထိုင်ခုံဇယားကိုစိစစ်ရာ အဆိုပါခုံအမှတ် A-3, A-4 တို့တွင် သာစည်-ရန်ကုန်ခရီးစဉ်အဖြစ် သန်းဇော်ဦး၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၈/စလန(နိုင်)၁၃၉၈၁၇နှင့် စိုင်းသက်အောင် နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၁၃/တကန(နိုင်)၃၂၁၆၉၆ တို့က ဝယ်ယူထားကြောင်းသိရှိရသဖြင့် ပိုင်ရှင်အား ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်းနှင့် အမှုအမှတ်(ပ)၂၀/၂၀၂၄၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က)၊ ၂၀(က) ဖြင့် ပျဉ်းမနားမြို့မရဲစခန်းတွင် အမှုဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



နေပြည်တော် ဩဂုတ် ၂၉

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၆ ရက် ည ၆ နာရီ မိနစ် ၅၀ တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၂၈)ရပ်ကွက် ပြည်ထောင်စုလမ်းနှင့် ဆရာစံလမ်းထောင့်တွင် မသင်္ကာဖွယ် တွေ့ရှိသူ စောနောင်(ခ) ကိုထက်(ခ) အောင်လေးနှင့် သန်းနိုင်ဇော်(ခ) ကိုနိုင်တို့ကို စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း၊ ထို့ပြင် ဩဂုတ် ၂၇ ရက် နံနက် ၁၀ နာရီတွင် ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ် တောင်ကြီး-လွိုင်လင်သွားကားလမ်း ရွာသစ်ကျေးရွာအနီးတွင် ထွန်းထွန်းဦး(ခ)အာခွင်း မောင်းနှင်ပြီး ယွန်းဂျူလိုင်ဖူးလိုက်ပါလာသည့် ဆိုင်ကယ်ကိုစစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ပြောင်းဆေးဝါး Happy Water သုည ဒသမ ၇၈၃ ကီလို၊ ကက်တမင်း သုည ဒသမ ၀၄၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ နံနက် ၁၁ နာရီခွဲတွင် စိုင်းစွမ်ဆိုင်မိုင်းအား တောင်ကြီးမြို့ ကံကြီးရပ်ကွက် ရွှေတောင်ကြားအိမ်ရာတွင်လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် မျိုးမင်းထက်(ခ) ကိုထက်အား တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်တွင် ကက်တမင်း သုည ဒသမ ၀၀၉ ကီလိုကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့ ဈေးတန်းရပ်ကွက်ရှိ ကားဂိတ်တွင် ဆိုင်ကယ်နှင့် ပါဆယ်ပစ္စည်းများလာရောက်ပို့ဆောင်သူ ခွန်တင်ဝင်းအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၁၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ **တရားမဝင်ကျွန်းသစ်မှ အဆက်**

နေပြည်တော်၊ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်းသစ် ၂၆ ဒသမ ၁၁၈၂ တန်၊ သစ်မာ ၉ ဒသမ ၃၈၆၆ တန်၊ အခြား ၂ ဒသမ ၃၇၁၈ တန် စုစုပေါင်း ၃၇ ဒသမ ၈၇၆၆ တန်နှင့် ယာဉ်၊ ယန္တရား လေးစီး၊ တရားခံ တစ်ဦး ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိမှုများအနက် အများဆုံး ဖမ်းဆီးရမိမှုမှာ လယ်ဝေးမြို့နယ် မြို့မတိနယ် ပေါက်ပင်သာဘုန်းကြီးကျောင်းဝင်းအနီးဝန်းကျင်မှ တရားမဝင်ကျွန်းသစ် လုံး၊ ခွဲခြမ်း၊ လုံးပတ် သုံးပေအောက် သစ်စုစုပေါင်း ၂၂၇ လုံး၊ ခြမ်း ၁၉ ဒသမ ၈၀၄၀ တန်တို့ကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် ဩဂုတ် ၂၉

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် MG Rising R7 (Standard) နှင့် MG Rising F7 (Luxury) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# အရွယ်မရောက်သေးသည့် ကလေးသူငယ်အား အဓမ္မအလုပ်ခိုင်းစေပြီး လုပ်အားခများခေါင်းပုံဖြတ် ရယူခဲ့သူများကို အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဩဂုတ် ၂၉

အရွယ်မရောက်သေးသည့် ကလေးသူငယ်အား အဓမ္မအလုပ်ခိုင်းစေပြီး လုပ်အားခများ ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်နေ ဒေါ်ရွှေဇင်ဝင်း(ခ)အိတီမနှင့် ၎င်း၏သမီးဖြစ်သူ မေသန္တာဝင်းတို့က ရွှေပြည်သာမြို့နယ်နေ မ---- ၁၂/ ၂၀၂၄ နှစ်အား နေ့စဉ် နံနက် ၅ နာရီမှ ည ၁၂ နာရီထိ ရွှေဂုံတိုင် ကားမှတ်တိုင်အနီးတွင် ပန်းရောင်းရန် ခိုင်းစေခဲ့ပြီး ပန်းရောင်းမကုန်သည့်နေ့များတွင် ရိုက်နှက်ခြင်းများပြုလုပ်၍ အဓမ္မအလုပ်ခိုင်းစေပြီး လုပ်အားခများ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ဗဟန်းမြို့မရဲစခန်း (ပ)၃၉/၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့သည်။

ကမာရွတ်ခရိုင်တရားရုံးက ဩဂုတ် ၂၇ ရက်တွင် တရားခံဒေါ်ရွှေဇင်ဝင်း(ခ) အိတီမနှင့် မေသန္တာဝင်းတို့ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

**ခရီးသွားဆောင်းပါး**

# ခွေးတောက်ရေတောရကျောင်း

**သက်နိုင်(ပြင်ဦးလွင်)**

အပန်းဖြေအလည်အပတ်ခရီးအဖြစ် ထွက်ခွာလာခဲ့ကြတာ မြစ်သားမြို့နယ်နဲ့ ရွာငံမြို့နယ်အစပ်မြေတောင်ရွာ မီးကျည်တောင်ကိုရောက်ရှိကြပါပြီ။ ရောက်ရှိနေတဲ့နေရာဒေသက မန္တလေးတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်တောင်ပိုင်း နယ်နိမိတ်နေရာတစ်ခုဆိုပေမဲ့ ဒေသခံတွေရဲ့ ပြောပြချက်အရ ရွာငံမြို့နယ်အတွင်းမှာ ပါဝင်နေကြောင်း သိလိုက်ရတယ်။ နေရာဒေသရဲ့အခြေအနေ၊ အနေအထားက ရွာငံမြို့နဲ့ အလွန်ဝေးကွာနေပြီး ကူမဲ၊ မြစ်သား စတဲ့မြို့တွေနဲ့ နီးနီးကပ်ကပ်ရှိနေတယ်။

ခရီးစဉ်အရ မီးကျည်တောင်နဲ့ မီးကျည်တောရကျောင်းတွေကို လေ့လာပြီးတဲ့အခါ ကားရပ်နားခဲ့တဲ့တောင်ခြေကို ပြန်လည်ရောက်ရှိလာခဲ့ကြသလို တောင်ခြေပတ်ဝန်းကျင်ကိုလဲ ဆက်လက်လေ့လာကြည့်ရှုကြတယ်။ ပွင့်တော်မူပြီး ဘုရားလေးဆူ၊ နဂါးရုံဘုရား၊ သဘာဝရေထွက်နဲ့လိုဏ်ဂူတွေရှိရာကို သွားရောက်ခဲ့ကြအပြီးမှာ သစ်ပင်အရိပ်ကောင်းကောင်းတစ်ခုအောက်မှာရှိတဲ့ အုတ်ခုံလေးတွေပေါ်ထိုင်ရင်း ခေတ္တခဏနားကြရသေးတယ်။ ရာသီဥတုအခြေအနေက ပူလဲမပူ၊ အေးလဲမအေး၊ နေလဲမသာ၊ မိုးလဲမရွာနဲ့ သင့်တင့်မျှတ နေလို့ထိုင်လို့ကောင်းတဲ့အနေအထားမျိုးပါ။

မိမိတို့အဖွဲ့ ထိုင်နားနေတဲ့ပတ်လည်မှာ ကျောင်းဆောင်တွေ၊ ဇရပ်ဆောင်တွေကိုလဲ တွေ့မြင်နေရတယ်။ ဒီလိုထိုင်နားနေကြရင်းနဲ့ မျက်နှာချင်းဆိုင်ရှိ မကျယ်လွန်း၊ မကျဉ်းလွန်း အဆောင်တစ်ခုကို မြင်တွေ့နေကြရသလို အဆောင်ထဲမှာ အမျိုးသမီးကြီးတစ်သိုက်က အလုပ်ကိုယ်စီ လုပ်ကိုင်နေကြတယ်။ နားနေရင်း အချိန်လဲရနေတာကြောင့် ဒေသန္တရဗဟုသုတလဲရအောင် သူတို့ရှိရာကို သွားလိုက်တဲ့အခါ သံဃာတော်တွေအတွက် နေ့ဆွမ်းပြင်ဆင်ပေးနေကြတာဖြစ်ကြောင်း သိလိုက်ရတယ်။ အချိန်က မနက် ၁၀ နာရီ မိနစ် ၃၀ ရှိနေပါပြီ။ တစ်ဆက်တည်းမှာပဲ ကျောင်းဆောင်လေးတွေမှာ သီတင်းသုံးနေထိုင်ကြတဲ့ သံဃာတော်လေးပါးရှိကြောင်း၊ နေ့စဉ် ၁၁ နာရီမှာ နေ့ဆွမ်းဘုဉ်းပေးလေ့ရှိကြောင်း၊ ဆွမ်းနဲ့ဆွမ်းဟင်းတွေကို ခံဆွမ်း၊ ချိုင့်ဆွမ်းတွေက ရရှိကြောင်း၊ အနီးပတ်ဝန်းကျင်ရွာတွေက လှူဒါန်းကြကြောင်းနဲ့ လုံလောက်တဲ့ဆွမ်းတွေရရှိကြောင်း ထပ်မံသိရှိလိုက်ရတယ်။ တောရကျောင်းလေးတွေဖြစ်နေပေမဲ့ ဖွယ်ဖွယ်ရာရာဆွမ်းဟင်းတွေကို တွေ့မြင်နေရလို့ ဝမ်းသာကြည်နူးခဲ့ရတယ်။

အမောပြေနားပြီးကြတာနဲ့ ခွေးတောက်ရေတောရကျောင်းကိုခရီးဆက်ခဲ့ကြတယ်။ ခွေးတောက်ရေတောရကျောင်းက အနီးအနားတောင်ပေါ်မှာရှိနေပြီး တောင်တက်ကားလမ်းရှိနေတာကြောင့် ကျောင်းကိုရောက်တဲ့ထိ ကားမောင်းပြီး တက်ခဲ့ရတယ်။ ဒါပေမဲ့ တောင်အတက်အကွေ့တစ်နေရာက အလွန်မတ်စောက်နေလို့ ကားပေါ်မှာ လိုက်ပါလာကြတဲ့သူတွေက လမ်းဆင်းလျှောက်ခဲ့ကြရသေးတယ်။ တောရကျောင်းကိုရောက်ရှိလာတဲ့အခါ သစ်ပင်ကြီးငယ်တွေ၊ ဝါးရုံတောကြီးတွေ၊ သဘာဝရေထွက်တွေနဲ့ စိမ်းစိုအေးမြနေသလို တိတ်ဆိတ်နေတာကိုလဲ သတိထားမိလိုက်တယ်။ ခွေးတောက်ရေတောရကျောင်းဆိုတာက ခွေးတောက်ပင်ကြီး တစ်ပင်အောက်ကနေ ရေတွေတသွင်သွင်စိမ့်ထွက်စီးဆင်းနေတာကိုအစွဲပြုပြီး ခေါ်ဆိုခဲ့ကြတာပါ။ ဒါကြောင့် တောရကျောင်းရောက်ရောက်ချင်း ခွေးတောက်ပင်ကြီးနဲ့ ရေထွက်နေရာကို ပထမဆုံးသွားရောက်လေ့လာခဲ့ကြတယ်။

ခွေးတောက်ပင်ကြီးနဲ့ရေထွက်နေရာက ကျောင်းဆောင်တစ်ဆောင်ရဲ့အနောက်ဘက် တောင်ကမ်းပါးယံအောက်ခြေတစ်နေရာမှာရှိနေတယ်။ သဘာဝစိမ့်ရေတွေက တောင်ကမ်းပါးယံထဲကနေ ထွက်ရှိနေသလို အနီးအနားမှာလဲ ခွေးတောက်ပင်ကြီးတစ်ပင်ကို တွေ့မြင်ရတယ်။ ခွေးတောက်ပင်တွေရဲ့သဘောသဘာဝက နွယ်ပင်အမျိုးအစားဝင်တွေပါ။ နွယ်ပင်တွေက ယေဘုယျအားဖြင့် သက်တမ်းတိုလေ့ရှိကြပါတယ်။ ဒါပေမဲ့ အခုတွေ့မြင်နေရတဲ့ ခွေးတောက်ပင်ကြီးက သက်တမ်းရင့်နေပြီဖြစ်သလို အောက်ခြေပင်စည်ကလဲ တုတ်ခိုင်ပြီးကြီးမားနေတာကို မြင်တွေ့နေရတယ်။ မြင်နေရတဲ့မြင်ကွင်းတွေအရ ခွေးတောက်ပင်ကြီးက အလွန်သက်တမ်းရင့်နေပါပြီ။ ဒါကြောင့် သူငယ်ချင်းဖြစ်သူကို ဒီအရပ်၊ ဒီဒေသမှာ ခွေးတောက်ရေဆိုတဲ့ဝေါဟာရ ဖြစ်ပေါ်ပြောဆိုသုံးစွဲလာခဲ့ကြတာ ဘယ်လောက်ကြာပြီလဲဆိုပြီး မေးမြန်းကြည့်လိုက်တော့ နှစ်ပေါင်းတော်တော်ကြာမြင့်နေပြီဖြစ်ကြောင်း သိလိုက်ရတယ်။



ခွေးတောက်ပင်ကြီးနဲ့ တောင်ကမ်းပါးယံနေရာကနေ စိမ့်ထွက်လာတဲ့ရေတွေကို အုတ်မြောင်းတစ်ခုလုပ်ပေးထားပြီး အုတ်စီတမံရေကန်ကြီးတစ်ခုအတွင်းကို စီးဝင်စေပါတယ်။ ရေကန်ကြီးက အလျားပေ ၁၀၀ နဲ့ အနံပေ ၅၀ လောက်ရှိမယ်ထင်တယ်။ ရေတွေစတင်စီးဝင်လာတဲ့ တမံအမြင့်ဘက်မှာ မြက်ရိုင်းပင်ကြီးတွေ ရှင်သန်ပေါက်ပွားနေကြပြီး တမံအနိမ့်ဘက်မှာ ရေတွေက များလဲများ၊ ကြည်လဲကြည်၊ သန့်လဲသန့်နေတာကို မြင်တွေ့နေရတယ်။ အုတ်စီတမံရေကန်ကြီးအတွင်း အထက်နားမှာ နဂါးကိုးကောင်ရုံ နဂါးရုံဘုရားတစ်ဆူရှိနေတယ်။ နဂါးရုံဘုရားနောက်ဘက် အုတ်စီနံရံမှာလဲ ခွေးတောက်ပင်ရေကန်ဆိုပြီး ရေးသားထားတယ်။ တောရကျောင်းဆိုတဲ့အတိုင်း ရေကန်ကြီးနဲ့အနီးပတ်ဝန်းမှာ သစ်ပင်၊ ဝါးပင်၊ တောတွေ၊ တောင်တွေ၊ ကမ်းပါးယံတွေ ထူထူထပ်ထပ်ရှိနေကြတယ်။ ရေကန်ကြီးထဲမှာတော့ ငါးမျိုးစုံ အများအပြားရှိနေကြတယ်။ ခွေးတောက်ပင်တောရကျောင်းကို လာရောက်ရတာ၊ အုတ်တမံပေါ်ကနေ လမ်းလျှောက်ပြီး ကန်အတွင်းမှာရှိတဲ့ ငါးတွေကို ငါးစာကျွေးရတာ၊ လေ့လာကြည့်ရှုခွင့်ရတာ ပျော်စရာကောင်းနေတယ်။

ခွေးတောက်ပင်ရေကန်ကြီးမှာ လေ့လာပြီးတာနဲ့ မဟာဗောဓိစေတီတော်၊ ပိဋကတ်တိုက်ပေါ်ကို တက်လာခဲ့ကြတယ်။ စေတီတော်နဲ့ ပိဋကတ်တိုက်က တောင်ကမ်းပါးယံထိပ်တစ်ခုပေါ်မှာပါ။ ဒါကြောင့် နဂါးနှစ်ကောင်ခြံရံထားတဲ့ အုတ်လှေကားတွေအတိုင်း တက်ရောက်လာခဲ့ရတယ်။ တောင်က မနိမ့်မမြင့်ဖြစ်နေသလို ကောင်းကောင်းမွန်မွန်သပ်သပ်ရပ်ရပ်တည်ဆောက်ထားတဲ့ အုတ်လှေကားတွေကြောင့် မပင်မပန်းဘဲ တောင်ထိပ်ပေါ်ကိုရောက်လာခဲ့ကြတယ်။ မီးကျည်တောင်ကို တက်ခဲ့ကြတုန်းကတော့ တောင်က အတန်ငယ်မြင့်မားတဲ့အပြင် တောင်တက်တောလမ်း ခရီးကြမ်းကြမ်းကြောင့် ပင်ပန်းခဲ့ကြရတယ်။ ဒါပေမဲ့ အခုရောက်ရှိနေကြပြီဖြစ်တဲ့ စေတီတော်နဲ့ ပိဋကတ်တိုက်ရှိတဲ့ တောင်ထိပ်ပေါ်မှာ ဘာရှုခင်းတွေကိုမှ လေ့လာကြည့်ရှုလို့မရဘဲ ပတ်ဝန်းကျင်တစ်ခုလုံး တောတွေ၊ တောင်တွေကိုသာ မြင်တွေ့နေရတယ်။ ဒါကြောင့် စေတီတော်နဲ့ပိဋကတ်တိုက်ရှိတဲ့ တောင်ထိပ်ပေါ်ကနေ မြန်မြန်ပြန်ဆင်းလာခဲ့ကြတယ်။

ကားရပ်နားခဲ့တဲ့ တောင်ပေါ်နေရာတချို့မှာ လေ့လာစရာတွေ ရှိနေသေးတာကြောင့် လမ်းလျှောက်ခဲ့ကြတယ်။ အဲဒါက တောင်ကမ်းပါးယံတွေမှာဖြစ်ပေါ်နေတဲ့ သဘာဝကျောက်လိုဏ်ဂူတွေပါ။ ကျောက်လိုဏ်ဂူတွေကို အများအပြားတွေ့မြင်နေကြရပေမဲ့ အများစုက သေးငယ်ကြပါတယ်။ အချို့အနည်းငယ်ကြီးတဲ့လိုဏ်ဂူတွေ တစ်ပါးကျောင်းလေးတွေအဖြစ် ပြုပြင်ဖန်တီးပြီး သံဃာတွေသီတင်းသုံးနေထိုင်နေကြတာတွေလဲ ရှိနေတယ်။ သဘာဝတစ်ဝက်၊ ပြုပြင်ဖန်တီးမှုတွေတစ်ဝက် ပေါင်းစပ်ထားတဲ့ တစ်ပါးကျောင်းငယ်လေးတွေပါ။ ဒါပေမဲ့ ကျောင်းငယ်လေးတွေက သစ်ရိပ်ဝါးရိပ်တွေအောက်မှာ၊ ကျောက်ကမ်းပါးယံတွေအတွင်းမှာ၊ တိတ်ဆိတ်ငြိမ်သက်တဲ့ပတ်ဝန်းကျင်မှာ နေချင်စဖွယ်ကောင်းနေကြတယ်။ ဒါ့ပြင် ကျောင်းငယ်လေးတွေရှိရာ သွားရောက်ရတဲ့လမ်းကို လှလှပပသာသာယာယာဖြစ်အောင် ပြုလုပ်ဆောင်ရွက်ထားတာကြောင့်လဲ ကျောင်းငယ်လေးတွေက ပိုမိုနေချင်စဖွယ်ကောင်းနေပြန်တယ်။

လမ်းတွေက သေးငယ်ကျဉ်းမြောင်းကြပေမဲ့ သပ်သပ်ရပ်ရပ်ချောချောမွေ့မွေ့ဖြစ်နေတယ်။ လမ်းပေါ်နဲ့ လမ်းဘေးဝဲယာတွေကအစ အမှိုက်မရှိအောင်၊ ပေါင်းပင်မြက်ပင်တွေမရှိအောင် ရှင်းရှင်းလင်းလင်းဖြစ်နေတယ်။ လမ်းတစ်လျှောက်မှာရှိတဲ့ သဘာဝကျောက်တုံးကျောက်ခဲတွေကလဲ လမ်းရဲ့လှပသာယာမှုကို ပိုမိုဖန်တီးပုံဖော်ပေးထားသလိုဖြစ်နေကြတယ်။ တောရိပ်တောင်ရိပ်၊ သစ်ရိပ်ဝါးရိပ်တွေအောက်မှာ တိတ်တိတ်ဆိတ်ဆိတ်အေးအေးချမ်းချမ်းဖြစ်နေတဲ့အတွက်လဲ လျှောက်လှမ်းချင်စရာလမ်းလေးဖြစ်နေပါတယ်။ ခရီးဖော်အဖြစ်ပါလာကြတဲ့ ကလေးတွေကတော့ သဘာဝလိုဏ်ဂူတွေကို စိတ်မဝင်စားကြဘဲ လမ်းလေးပေါ်မှာ ဓာတ်ပုံတွေရိုက်ပြီး ပျော်မြူးနေကြတယ်။

ကျောက်ဂူတွေရှိရာကနေ ပြန်လာခဲ့ကြပြီး သူငယ်ချင်းဖြစ်သူက ဝါးရုံတောတွေရှိတဲ့နေရာကို လိုက်လံပြသအုံးမယ်ဆိုတာကြောင့် ဝါးရုံတောနေရာတွေကို ထပ်မံရောက်ရှိခဲ့ရပြန်တယ်။ ဝါးရုံတောတွေက ကျောင်းဝင်းအတွင်း၊ ကျောင်းဆောင်တွေအနီးမှာ ရှိနေကြတယ်။ ထူးခြားတာက ဝါးပင်တွေ တစ်ပင်နဲ့တစ်ပင် ပူးပူးကပ်ကပ် စုစုရုံးရုံးနဲ့ပေါက်ရောက်နေကြပြီး နေပြောက်မထိုးနိုင်အောင်၊ လေဒဏ်နေဒဏ်တွေကနေ အကာအကွယ်ပေးနိုင်အောင် ဖြစ်နေကြတာပါ။ ဝါးရုံတောတွေက အခုအချိန်မှာ အလွန်သေးငယ်သွားကြပြီဖြစ်ပြီး အရင်တုန်းက အလွန်ကြီးမားကြကြောင်းနဲ့ တောရကျောင်းက ဆရာတော်၊ သံဃာတော်ကြီးတွေ တရားကျင့်ကြံအားထုတ်တဲ့နေရာ၊ သီတင်းသုံးနေထိုင်ခဲ့ရတဲ့နေရာတွေဖြစ်ခဲ့ကြောင်း သိလိုက်ရတယ်။

အခုအချိန်မှာ အလွန်သေးငယ်သွားကြပြီဆိုတဲ့ ဝါးရုံတောတွေက လှလှပပစုစုရုံးရုံးနဲ့ မြင်တွေ့နေရပါသေးတယ်။ ဒါကြောင့် အရင်တစ်ချိန်တုန်းက ဘယ်လောက်ထိ များပြားအုပ်ဆိုင်းနေမလဲဆိုတာကို ခန့်မှန်းကြည့်နေရတော့တယ်။

ခွေးတောက်ရေတောရကျောင်းမှာ လေ့လာစရာရှိတာတွေကို လေ့လာကြည့်ရှုနေကြရင်းနဲ့ ဗိုက်ထဲက ဆာသလိုလိုဖြစ်လာတာကြောင့် နာရီကိုကြည့်လိုက်တော့ မွန်းတည့် ၁၂ နာရီကျော်နေပါပြီ။ မနက်စောစောတုန်းက အဆာခံနိုင်အောင်စားခဲ့ကြတဲ့ အကြော်စုံနဲ့ ကောက်ညှင်းပေါင်းတွေက မီးကျည်တောင်ကို တက်ရင်း၊ ခွေးတောက်ရေတောရကျောင်းကို သွားလည်ရင်း ကုန်သွားကြပြီဖြစ်ပါတယ်။ မိမိအနေနဲ့ ဗိုက်ဆာနေပြီဖြစ်တာကတစ်ကြောင်း၊ သူငယ်ချင်းမိသားစုတွေနဲ့အတူ ပျော်ပျော်ရွှင်ရွှင်စားကြသောက်ကြရအောင် လမ်းမှာရှိတဲ့စားသောက်ဆိုင် တစ်ဆိုင်ဆိုင်မှာ ဝင်ရောက်စားသောက်ကြဖို့ စဉ်းစားစီစဉ်ပြောဆိုခဲ့ပေမဲ့ သူတို့တစ်တွေက လက်မခံကြဘဲ အိမ်မှာ အဆင်သင့် ချက်ပြုတ်ထားပြီးပြီဆိုတာကြောင့် လမ်းမှာမနားတော့ဘဲ ရွာခိုင်ကြီးကျေးရွာရှိရာကို တိုက်ရိုက်မောင်းလာခဲ့ရတော့တယ်။

သူတို့ပြောတဲ့အတိုင်း အိမ်ကိုရောက်လာတာနဲ့ ဟင်းပန်းကန်ပေါင်းများစွာနဲ့ ဖွယ်ဖွယ်ရာရာပြင်ဆင်ထားတဲ့ ထမင်းဝိုင်းကြီးကို တွေ့မြင်လိုက်ရတယ်။ ထမင်းစားပွဲပေါ်မှာ မြင်တွေ့နေရတဲ့ဟင်းတွေက အငွေ့တထောင်းထောင်းထွက်နေတဲ့ ငါးမျှစ်ချဉ်ဟင်းရည်၊ အမဲသားနှပ်၊ ငါးရံ့ခြောက်ဖုတ်ဆီဆမ်း၊ လက်ဖက်နဲ့ချင်း ရောနှောအသုပ်၊ ပန်းမုန်လာပွင့်ကြော်၊ မိမိအကြိုက် ခရမ်းချဉ်သီးငါးပိချက်၊ ငရုတ်သီးဗာလချောင်ကြော်အပြင် ကြက်သွန်ဖြူငရုတ်သီးစိမ်းထောင်းနဲ့အတို့အမြှုပ်ပေါင်းစုံတို့ဖြစ်ပါတယ်။ ဒီနေ့ထမင်းစားတော့မှ မိမိ မသိသေး၊ မစားဖူးသေးတဲ့ တို့စရာအသီးအရွက်တွေထဲမှာ ကျီးအာရွက်၊ တောခွေးရွက်တို့ ပါဝင်နေတာဖြစ်ကြောင်း သိလိုက်ရတယ်။

သူငယ်ချင်းဖြစ်သူရဲ့ ရွာခိုင်ကြီးကျေးရွာကို ရောက်ရှိလာတဲ့အခါတိုင်း အေးအေးဆေးဆေးငြိမ်းငြိမ်းချမ်းချမ်းအနားယူရင်း မရောက်ဖူးသေးတဲ့အနီးပတ်ဝန်းကျင်က နေရာဒေသတွေကို လေ့လာလည်ပတ်ကြရင်း စားကောင်းသောက်ဖွယ်တွေကို မြိန်မြိန်ရှက်ရှက်စားသောက်ရင်း ပန်းလောင်မြစ်ထဲမှာ ရေချိုးရတာကလဲ အရသာတစ်ခုပါ။ ဒါကြောင့် စားပြီးသောက်ပြီး တရေးတမောအနားယူအိပ်စက်အပြီး အိပ်ရာကနေနိုးလာတာနဲ့ ပန်းလောင်မြစ်ထဲမှာ ရေသွားချိုးကြတယ်။ ရေချိုးအပြီး ညနေစောင်းမှ မိမိနေထိုင်ရာ ပြင်ဦးလွင်မြို့ကို ပြန်လာခဲ့ရတယ်။ အခုသွားရောက်ခဲ့ကြတဲ့ခရီးစဉ်တွေက အေးအေးချမ်းချမ်းသာသာယာယာပါ။ နောက်တစ်ပတ်မှာ မရောက်တာကြာပြီဖြစ်တဲ့ခရီးစဉ်တစ်ခုကို အလုပ်သဘောအရရော၊ အလည်အပတ်သဘောမျိုးအဖြစ်နဲ့ရော၊ မိတ်ဆွေသူငယ်ချင်းအပေါင်းအသင်းတွေနဲ့ တွေ့ဆုံဖို့အတွက်ရော သွားလိုက်ပါအုံးမယ်။

ဝတ္ထုတိုကဏ္ဍ

# မှိန်းမိတဲ့ငါး

**မောင်ခြိမ့်**



ကွေ့ကွေ့ကောက်ကောက် ချောင်းကလေးတစ်လျှောက် လှေကလေးကို ရေစုန်တွင်လှော်လာခဲ့သည်မှာ တစ်နာရီခန့်ရှိပြီ။ သို့သော် မြစ်မကြီးနှင့်ဆုံတွေ့ရာ ချောင်းဝသို့ မရောက်နိုင်သေးပါ။

ညဆယ်နာရီခန့်သာရှိသေးသော်လည်း ပတ်ဝန်းကျင်တစ်ခွင်တစ်ပြင်လုံး တိတ်ဆိတ်မှုက ဖုံးလွှမ်းလျက်ရှိ၏။ ချောင်းကလေး ဘယ်ညာကမ်းနှစ်ဖက်တွင် ပေါက်ရောက်လျက်ရှိသော လမုပင်များ၊ မိုးမခပင်များ၊ သပြေပင်များတွင် မှိတ်ခြည်လင်းခြည်ဖြင့် ဟိုမှသည်မှ သွားလာရွေ့လျားနေသော ပိုးစုန်းကြူးကလေးများကို မြင်တွေ့နေရသည်။

လကွယ်ညဖြစ်၍ ကောင်းကင်လဟာပြင်ကြီးတစ်ခုလုံး ပိန်းပိတ်အောင်မှောင်လျက်ရှိ၏။ ချောင်းကလေး၏ကမ်းနှစ်ဖက်တွင်ပေါက်ရောက်၍ သူတို့၏ကြီးမားလှသောအကိုင်းကြီးများကို ချောင်းကလေးအတွင်းသို့ အုပ်ဆိုင်းထားသော ညောင်ပင်အိုကြီးများ၊ သံဒတ်ပင်များ၊ စက်ကတုံးပင်များကြောင့် ချောင်းကလေးအတွင်းတွင် ပို၍မှောင်မိုက်လျက်ရှိတော့၏။

တစ်ခါတစ်ခါတွင်မူ လေကလေးတစ်ချက်လောက်ဝှေ့လိုက်လျှင် သူတို့၏သစ် ကိုင်းလက်တံကြီးများသည် လှေလှော်လာသူကို လှမ်း၍ကုတ်ဖဲ့လိုက်လေမလားထင်ရအောင် နိမ့်၍ကျလာတတ်လေ၏။

ချောင်းကလေး၏ကမ်းစပ်တွင် ချုံကြီးများ၊ အုံကြီးများဖွဲ့ကာပေါက်နေသော ကဇန်းချုံများ၊ ဆပ်သွားဖူးချုံများက ချွန်ထက်လှသောဆူးများပါသည့် ရွက်ဖားလျားကြီးများချကာ ရေစပ်တွင်မေးတင်၍ အနားကပ်လာမည့် မည်သည့်အရာကိုမဆို ချိတ်ယူဆွဲဖဲ့ရန် စောင့်ဆိုင်းလျက်ရှိ၏။

ချောင်းကလေး၏အထက်မှနေ၍ ထိုးဆင်းတွဲလောင်းခိုလျက်ရှိသော ညောင်မုတ်ဆိတ်များက သူ့မျက်နှာဆီသို့ ပြေးပြေးဝင်လာတတ်ကာ မြင်းမြီးခြင်ရိုက်တံကဲ့သို့ လွှဲကာရမ်းကာ နောက်တွင်ကျန်ရစ်ခဲ့ကြ၏။ လှေသံကြောင့် ဝုန်းခနဲဝီးခနဲအော်မြည်ကာ လန့်ဖျပ်ပျံသန်းပြေးကြသော ညဥ့်ငှက်များကြောင့် ကြွေကျလာသော ညောင်သီးမှည့်ကလေးများသည် သူဆောင်းထားသော ဝါးဖတ်ခမောက်ပေါ်သို့ တစ်ဖောက်ဖောက် အသံမြည်အောင်ကျလျက်ရှိ၏။

သူ့ရွာကလေးသည် ဟိုးနောက်ဘက်အမှောင်ထုထဲတွင် ငြိမ်သက်စွာကျန်ရစ်ခဲ့ပြီး ဓနိမိုး၊ ကျူဖျာကာ၊ မဒမတိုင်ကလေးများနှင့်ဆောက်ထားသော ယိုင်နဲ့နဲ့တဲငါအိမ်ကလေးများသည် ချောင်းကမ်းနံဘေးတွင် မေးတင်၍ သူ့ကိုလှမ်း၍ငေးမောကာ ဝမ်းနည်းစွာကျန်ရစ်ခဲ့ပြီ။

ဘယ်လောက်ပင်မှောင်စေကာမူ သည်ချောင်းကလေးတစ်လျှောက် အခေါက်ခေါက်အခါခါ သူဖြတ်သန်းလှော်ခတ်ခဲ့သည်မှာ ယခုဆိုလျှင် ငါးနှစ်သား၊ ခြောက်နှစ်သား ကလေးဘဝကတည်းကဆိုတော့ နှစ်ခြောက်ဆယ်ကျော်ခဲ့ပြီ။ သို့ဖြစ်၍ပင် ဘယ်နားဆီတွင် ဘယ်ကိုကွေ့ရမည်၊ ဘယ်နားဆီတွင် အလိုလေးချုံ၊ ကဇန်းချုံရှိသည်။ ဘယ်ခရာဆူးချုံကလေးကိုကျော်လျှင် လမုပင်တန်းရောက်တော့မည်။ ဘယ်အပင်ကြီးနားရောက်လျှင် မြစ်ဝကိုမြင်ရတော့မည်စသည်ဖြင့် ချောင်းကလေး၏ ပထဝီအနေအထားကို သူအလွတ်ရနေပြီ။

အမှောင်ထဲတွင် မိမိနားရွက်ကို မလွဲတမ်း လှမ်း၍ဆုပ်ကိုင်နိုင်သလို မျက်စိကိုမှိတ်၍ လှော်သွားလျှင်တောင်မှ ချောင်းဝမြစ်မကြီးသို့ ဖြောင့်ဖြောင့်တန်းတန်းရောက်ရမည်ဟု သူ အာမခံရဲပါ၏။

ဆောင်းဦးပေါက်ရုံရှိသေးသော်ငြား ယခုနှစ်တွင်နှင်းတို့ စောစီးစွာဝေလျက်ရှိနေပြီ။ တစ်နေကုန်လောင်ကျွမ်းကြွပ်ရွနေအောင်ပူထားသော နေ၏အပူရှိန်ကြောင့်မြစ်ချောင်းတို့တွင် ညအခါအခိုးအငွေ့များထုတ်လွှတ်တတ်ကြ၏။ ထိုအခါ ကောင်းကင်မှကျဆင်းလာသော နှင်းစက်မြူမှုန်များသည် ချောင်းရေပြင်မှလွင့်ပျံတက်လာသော အခိုးအငွေ့မှိုင်းမှိုင်းများနှင့် လုံးထွေးပေါင်းစပ်ကာ ကြည့်လေရာနေရာတိုင်း ဝေဝါးလျက်ရှိတော့၏။

မျက်နှာကို ချောင်းရေဖြင့် တဖျန်းဖျန်းပက်၍ သစ်လိုက်သော်လည်း မျက်စိအမြင်က ပို၍ကြည်လင်မလာခဲ့။ အင်း အသက်အရွယ်က စကားပြောလာပြီကိုးဟု သူတွေးလိုက်မိသေးသည်။ လှော်တက်ကို ရေတွင်နက်နက်ထိုးနှစ်၍ အားနှင့် တစ်ချက်လှော်ထုတ်လိုက်သည်။

လှေသည်ရှေ့ရုံသာရွေ့၏။ ရှေ့သို့ ရိုတ်ခနဲထိုးတက်၍မသွား။ ယခင်က အရွက်တစ်ထွာနှင့် လက်လေးသစ်ခန့်ရှိခဲ့သော ကရစ်သားလှော်တက်အရွယ်သည် နှစ်ပေါင်းများစွာ ရေထု၏တိုက်စားမှုကြောင့်နှုတ်ခမ်းပတ်လည်ဆွေးကာပဲ့ကာ သေး၍သေး၍လာခဲ့သည်မှာ ယခုဆိုလျှင် ရွာဦးကျောင်းကထိန်တွင် ချက်ကျွေးလေ့ရှိသည့် ဝက်သားဘီးဆံပတ်တုံးကြီးကို မွှေသော မိုးပြဲဒယ်၏ယောက်မလောက်သာ ရှိတော့သည်ဖြစ်လေရာ အဘယ်မှာလျှင် လှေကိုမြန်မြန်သွားအောင် စွမ်းဆောင်နိုင်ပါမည်နည်း။

တောင်ပိန်းသားကိုစပ်ထားသော အလျားဆယ်တောင်ခန့် ဘောက်တူလှေကလေးသည် မူလကတောင်ပိန်းသားက နာမည်ခံသာရှိတော့၏။ လှေနံဖြစ်စေ၊ ရောဖြစ်စေ၊ တံကူဖြစ်စေ၊ လှေဝမ်းဖြစ်စေ၊ ပေါက်လျှင်၊ ဆွေးလျှင်၊ ပျက်လျှင် ရရာအသားများဖြစ်သည့် အင်၊ ကညင်၊ ကညောင်း သစ်သားများနှင့် စပ်ကာ၊ ဖာကာ၊ အစားထိုးကာထားရသဖြင့် အဖာတစ်ရာရှိသော အင်္ကျီဟောင်းနှင့်ပင် တူသေးတော့၏။

ထူသည့်နေရာကထူ၊ ပါးသည့်နေရာကပါးနှင့် လှေပုံပင် မပီပြင်ချင်တော့ပေ။ ရေယိုလိုက်သည်မှာလည်းမပြောနှင့်တော့။ ခပ်ယူပက်ထုတ်၍ မရနိုင်တော့။ ထို့ကြောင့်ပင် ချောင်းကမ်းစပ်မှ ရွှံ့စေးများတူးယူကာ ရေယိုပေါက်များကို ပိတ်ရဖာရသေး၏။ ရွှံ့စေးနှင့်ဖာထားလျှင် တာရှည်မခံသော်လည်း တစ်ရေတက် တစ်ရေကျတော့ ခံလေသည်။ တံငါသည်များ၏ တစ်ပွဲထိုးနည်းဖြစ်ပါ၏။

ဦးမှာကြက်ရင်တဲ့၊ ဝမ်းမှာဝက်ကြောတဲ့၊ ပဲ့မှာဆန်ကောတဲ့။ ရှေးခေတ်လှေသမားကြီးများ လှေစပ်ရာတွင်သုံးသော ဆိုရိုးစကားတစ်ခုရှိခဲ့ပါ၏။ လှေစပ်လျှင် ဦးပိုင်းသည် ရေကိုတိုက်ခွဲသွားရန်အတွက် ခပ်ချွန်ချွန် ခပ်ချွန်းချွန်းကလေး လုပ်ထားရ၏။ အလယ်ပိုင်းသည် ရေ၏ပွတ်တိုက်အား ရှောရှောရှူရှူဖြစ်စေရန် ဝက်ကျောကုန်းကဲ့သို့ ခပ်ခုံးခုံးပြေပြေကလေးဖြစ်နေရမည်။ လှေ၏ပဲ့ပိုင်းကတော့ လှေကိုရေကဆွဲမထားနိုင်ရန် ဆန်ကောကဲ့သို့ ခပ်ပြားပြားစပ်ရမည်ဟု ဆိုထားခြင်းဖြစ်ပါ၏။ သို့မှသာ ထိုလှေသည် လှော်နိုင်လျှင်လှော်နိုင်သလောက် ရိပ်ခနဲရိပ်ခနဲနေအောင် အသွားကောင်းမည်ဖြစ်တော့၏။

“ငါ့နှယ် ဘယ့်နှယ်မဆိုင်တာတွေ လျှောက်တွေးနေမိတာပါလိမ့်။ အဲဒီဆိုစကားက ပြိုင်လှေပြိုင်လောင်းတွေစပ်တဲ့အခါသုံးတာပါ။ အခုတော့ ငါ့ရဲ့လှေအိုလှေဆွေးကလေးနဲ့ ဘယ်မှာဆိုင်ပါလိမ့်”ဟု တွေးရင်း တစ်ယောက်တည်းပြုံးမိသေး၏။

ဟော ရှေ့မှာ ဖြူမှုန်မှုန်အလင်းပေါက်တစ်ခုကိုတွေ့နေရပြီ။ သူ နည်းနည်းအမောပြေသွားသည်။ ဟုတ်သည်။ ချောင်းဝကိုမြင်နေရပြီ။ မကြာမီ သူသွားလိုရာမြစ်မကြီးသို့ ရောက်တော့မည်။ ချောင်းထဲမြောင်းထဲတွင် ဘယ်လောက်ပင်မှောင်စေကာမူ မြစ်မကြီးတွင်တော့ ကောင်းကင်အလင်းရောင်ကလေးက ရှိနေစမြဲဖြစ်ပါ၏။

ကျဉ်းမြောင်းသောချောင်းငယ်ကလေးများကိုသာ သစ်ရိပ်ဝါးရိပ်တို့က ဖုံးအုပ်ထားနိုင်သော်ငြား ကျယ်ပြန့်သောမြစ်ပြင်ကိုမူ အုပ်မိုး၍မရနိုင်။ သို့ဖြစ်ရကား မြစ်ပြင်သို့ရောက်လျှင် ပတ်ဝန်းကျင်ကို အတော်အတန်လှမ်းမြင်နေရပြီ။ လှေပဲ့ပိုင်းတွင် ထိုင်၍လှော်နေရာမှ လှော်တက်ကို လှေဝမ်းထဲချထားလိုက်သည်။ ပြီးလျှင် လှေပေါ်ခေါက်တင်ထားသော သစ်သားတက်ပြားကလေးကိုယူ၍ လှေပဲ့တွင် ကန့်လန့်တင်ထားသော ထီးရိုးဝါးကလေးတွင် အံကျတပ်လိုက်သည်။ ပြုတ်မထွက်စေရန် ဝါးသပ်ကလေးနှင့် ကန့်လန့်ခံထားလိုက်သည်။ ထိုအခါ တက်မကလေးသည် လှေဘေးတွင်ကပ်မြှောင်၍ ရေထဲတွင်နစ်နေကာ လှေကိုတည့်တည့်မတ်မတ်သွားစေရန် ပဲ့ကိုင်ပေးလိမ့်မည်။

ထိုကဲ့သို့တက်မကလေးမျိုးကို အဖော်မပါသောသို့မဟုတ် အဖော်မလိုချင်ဘဲ တစ်ယောက်တည်းတန်းချရသည့်အခါမျိုး၊ ပိုက်မျှောရသည့်အခါမျိုးတွင် တံငါသည်များအသုံးပြုလေ့ရှိကြပါ၏။ လှေဦးမှနေ၍ထိုင်ကာလှော်သွားရုံဖြင့် မိမိသွားလိုသည့်နေရာကို တည့်တည့်မတ်မတ်သွားနိုင်ပါ၏။ ပဲ့ကိုင်မည့်လူမလိုတော့။

လှေအလယ်သို့ရောက်အောင် ဆောင့်ကြောင့်ထိုင်လျက်က တရွေ့ရွေ့သွားသည်။ လှေထဲတွင် ရေက လက်လေးသစ်ခန့်ရှိနေပြီ။ မှောင်ရီရီထဲမှာပင် ပက်ခွက်ကို လိုက်၍စမ်းသည်။ တွေ့ပြီ။ ဝါးဘိုးဝါးအဆစ်နှစ်ဖက်ပါအောင်ဖြတ်၍ ထက်ခြမ်းခွဲကာ ပြုလုပ်ထားသော တစ်ထွာသာသာရှိ ဝါးပက်ခွက်ကလေးဖြစ်၏။ ပေါ့ပေါ့ပါးပါးနှင့် ရေပက်ထုတ်ရန်အသုံးဝင်လှလေသည်။

အခုနေ လှေထဲကရေကို ပြောင်စင်အောင် ပက်ထုတ်ထားမှဖြစ်မည်။ ငါးရှိသည့်နေရာရောက်မှ ရေပက်ရပါက တဗွမ်းဗွမ်းအသံကြောင့် ငါးလန့်ပြေးလိမ့်မည်။ ချောင်းကလေးထဲမှ ကွမ်းသီးလိမ့်ကလေးစီးနေသောရေစီးအရှိန်က သူ့လှေကလေးကို မြစ်မကြီးဆီ တဖြည်းဖြည်းတွန်းထုတ်နေသဖြင့် ချောင်းပေါက်ဝသို့ထွက်လာခဲ့ပါပြီ။

လှေဝမ်းထဲမှရေများကုန်သည်နှင့် လှေကပ်ပေါ်တွင်ခွေထားသော ကြိုးခွေနှင့်ငါးမျှားချိတ်ကို လှမ်းယူသည်။ လက်သန်းဖျားခန့် နိုင်လွန်ကြိုးအတောင်ငါးဆယ်ခန့်ထိပ်တွင် အကြီးစားငါးမျှားချိတ်နှစ်ချောင်းကို ပူးလျက်ချည်ထားသည်။ ချိတ်တစ်ခုနှင့်တစ်ခုကျောချင်းကပ်၍ပူးထားသဖြင့် လှေသင်္ဘောများ၏ကျောက်ဆူးကဲ့သို့ အဖျားနှစ်ဖက်ခွ၍နေ၏။

ပလတ်စတစ်အိတ်ကလေးနှင့် ထည့်၍ယူလာသော ကြက်အူတစ်ထွေးကိုနှိုက်ယူကာ ငါးမျှားချိတ်၏အဖျားမှစ၍သီလိုက်သည်။ ကျန်နေသေးသော ကြက်အူဖြင့် ငါးမျှားချိတ်ကို အထပ်ထပ်ရစ်ကာပတ်ကာလက်စသတ်ရသည်။ သို့မှသာ မိမိလိုချင်သောငါးကြီးများ မဟပ်မဆွဲမီ ငါးသေးငါးမွှားများ၊ ငါးပူတင်းများဖွဲ့ကာတွတ်ကာစားလျှင် ပါမသွားနိုင်ပေမည်။

သူလိုချင်သည်က ငါးသေးငါးဖွဲ့များမဟုတ်။ တစ်ကောင်တစ်ကောင်လျှင် လေးငါးပိဿာ အချိန်စီးသည့် ငါးတွေသာဖြစ်တော့၏။ ငါးထွေဆိုသောငါးကအလွန်အစားကြူးသောငါးဖြစ်သည်။ ခွေးသေကောင်ပုပ်များတွေ့လျှင် ငါးထွေလေးငါးကောင်က တဝုန်းဝုန်းနှင့်ဝိုင်း၍ဆွဲကြလျှင် ခဏနှင့်ကုန်လေတော့၏။

အပုပ်အစပ်အလွန်ကြိုက်သော ငါးမျိုးဖြစ်၏။ အစားလည်း အလွန်ကြီးလေသည်။ ထို့ကြောင့်ငါးထွေ၏ဝမ်းဗိုက်သည် ခန္ဓာကိုယ်နှင့်မလိုက်အောင် ပူလွန်းကြီးလွန်းစွာ ဖောင်းကားနေလေ့ရှိ၏။ ဘာမှစားစရာ

စာမျက်နှာ ၂၅ သို့ ➤

# ကျုံပျော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၀၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကျုံပျော် ဩဂုတ် ၉

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ယခုနှစ်မိုးသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၀၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းလျာထား ၁၂၉၈ ဧကကို ဇူလိုင်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဖူးစားပြောင်း ၁၀၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါဖူးစားပြောင်းများ လျာထားဧကပြည့်မီအောင် ဆက်လက် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပြောင်းသီးနှံစုစုပေါင်း ၁၂၉၈ ဧကထိ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ဒီနေ့ထိ ၁၀၅၄ ဧက စိုက်ပျိုးထားပြီးဖြစ်ပါတယ်။ ပြောင်းသီးနှံဟာ နှစ်စဉ်နှစ်တိုင်း စိုက်နေကျသီးနှံဖြစ်တဲ့အတွက် တောင်သူတွေအတွက် စိုက်ပျိုးဖို့က အခက်အခဲမရှိပါဘူး။ ပိုးမွှားအန္တရာယ်နဲ့ ပတ်သက်လို့လဲ ရုတ်တရက်ကျရောက်ရင် ဖြေရှင်းဖို့ကိုလဲ သင်တန်းတွေပေးထားပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ အပါအဝင် မိုးမှာစိုက်ပျိုးမဲ့ သီးနှံအားလုံးကို လျာထားဧကပြည့်မီဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်စိုက်ပျိုးနေပါတယ်"ဟု ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် ပြောင်းသီးနှံများကို စနစ်တကျ စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာပြုပြင်ရေးနည်းစနစ်များ၊ မျိုးစေ့ရွေးချယ်မှု မှန်ကန်စေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးသတ်ဆေးနှင့် အာဟာရဓာတ်ရရှိစေရန် ဆေးသုံးစွဲမှု စနစ်တကျရှိစေရေး၊ အပင်အားဆေးနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ပေးထားကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

---

## ကျင့်သုံးစို့ ဗြဟ္မစိုရ်

- ကျင့်သုံးစို့ ဗြဟ္မစိုရ်
အတ္တတွေ အရောင်မဆိုး
သူ့ကောင်းကျိုးလို၊
ပြောပြုတွေး အထိုထို
ပီယချို မြတ်စိတ်ကောင်း၊
အတုဆိုရှောင်
ကုသိုလ်ဆောင် ကိုယ့်အသိ
ရှိစို့ကိန်းအောင်း။

- ကျင့်သုံးစို့ ဗြဟ္မစိုရ်
တစ်ဦးကို တစ်ဦးက
ဖေးမထိုထို၊
ပေးကမ်းစို့ သူ့အလို
ပျူငှာကြို နွေးနွေးထွေး၊
မေတ္တာအညီ
သစ္စာတည် အရောင်မခွဲ
ယှဉ်တွဲစိတ်မွေး။

- ကျင့်သုံးစို့ ဗြဟ္မစိုရ်
ကိုယ့်ဝန်းကျင် ကရုဏာအေး
ပေးစို့ပိုမို၊
မိသားစု ပမာလို
သူငါကို နွေးထွေးစွာ၊
အထူးအညစ်မပါ
ဥပက္ခာ အရိပ်ပေါင်း
စိတ်ကောင်းလှပ။ ။

ခေတ်သစ်(ကြွေပုဂံ)

---

➤ စာမျက်နှာ ၂၄ မှအဆက်

မရှိသည့်အဆုံး လမုသီးအမှည့်အပုပ်များ မျောပါလာလျှင်တောင် တဝုန်းဝုန်းနှင့် အလုအယက်ဟပ်ကြဆွဲကြတော့သည်သာ။ သို့ဖြစ်ရကား ကြက်အူတစ်ထွေးကို နေ့ခင်းကတည်းက အနံ့ထွက်စေရန် နေပူထဲမှာ ထားခဲ့ရပါသေး၏။

ငါးထွေများကျက်စားတတ်သည့်နေရာကို သူ့လို ဝါရင့်တံငါသည်ကြီးများက သိကြပါ၏။ ခန့်မှန်းနိုင်ကြပါ၏။ ရေရှိလျှင် ငါးရှိသည်မှန်သော်လည်း မည်သည့်ငါးက မည်သည့်နေရာ၊ မည်သည့်အချိန်တွင်မြူးတတ်သည်ကိုသိတာက တံငါသည်တို့၏ ပညာသာဖြစ်ပါ၏။ ရေတက်ဦးမှာ မြူးသလား။ ရေကျရေစစ်ချိန်တွင်လား။ မြစ်ကမ်းနှစ်ဖက် ရေပြည့်ချိန်တွင်လား သိထားရပါသည်။ ပြီးတော့ မည်သည့်ငါးက မည်သည့်အစာကို မက်မောပါသနည်း။ ထိုအချက်သည်အလွန်အရေးကြီးပါသည်။ ကြက်အူတပ်ပြီးသော ငါးမျှားချိတ်၏အထက် နှစ်တောင်ခန့်လောက်တွင် သူ့လက်ကောက်ဝတ်ခန့်တုတ်သော ညံဖော့တစ်ထွာသာသာလောက်ကို ချည်နှောင်လိုက်ပြန်သည်။ သို့မှသာ ရေထဲချလိုက်လျှင် ပေါလောပေါ်နေသောညံဖော့ကြောင့် ငါးမျှားချိတ်သည် ရေမျက်နှာပြင်အောက်နှစ်တောင်အနက်တွင် နစ်လျက်မျောပါနေပါလိမ့်မည်။ ရေမျက်နှာပြင်အပေါ်နားတွင်သာကပ်၍ အစာရှာလေ့ရှိသောငါးထွေများကို ရေအနက် လေးငါးခြောက်တောင်အထိ ငါးစာချ၍မျှားလျှင် မောရုံသာရှိပါလိမ့်မည်။

ဤကဲ့သို့ပြင်ရင်းဆင်ရင်းနှင့် လှေကလေးသည်မြစ်မကြီးအတွင်း တငြိမ့်ငြိမ့်မျောပါလာခဲ့လေရာ ခပ်လှမ်းလှမ်းတွင် အုပ်ဆိုင်းနေသော ပျဉ်းမပင်ကြီးနားရောက်လာပြီ။ ထိုပျဉ်းမပင်ကြီးသည် သူငယ်ငယ်က ဆိုလျှင် မြစ်မကြီးနှင့် လယ်ကွက်ဆယ်ကွက်ကျော်ကျော်ဝေးသော ကွင်းထဲမှာဖြစ်၏။ တစ်စတစ်စနှင့် မိုးတွင်းရေကြီးချိန်တွင် မြစ်ရေတိုးကာတိုက်စားလာခဲ့သဖြင့် ယခုဆိုလျှင်မြစ်ကမ်းနှင့် ဝါးတစ်ပြန်ခန့်သာဝေးတော့၏။ နောက်တစ်နှစ် နှစ်နှစ်ဆိုလျှင် ရေထဲပါသွားပေလိမ့်မည်။

မိုးအကုန်ဆောင်းအကူးကာလ တန်ဆောင်မုန်းလလောက်တွင် မြစ်ရေကျသွားပြီး ရေစီးသာသွားပြီ။ ရေစီးကြမ်းသောနေရာများတွင် ရေပေါ်လွှာကျက်စားလေ့ရှိသောငါးများ မမြူးတတ်ပါ။ စည်းတိမ်၊ သောင်တွေ့၊ အငူအောက်ဖက် စသည့်ရေစီးညင်သာသောနေရာများတွင်မှ မြူးတတ်ကြ၏။

ဟော ကြားနေရပြီ။ ဝုန်းခနဲဝုန်းခနဲနေအောင် ထ၍ထ၍ငါးပွက်သံ၊ အစာဟပ်နေသည့်အသံ။ ထို့ကြောင့် ကြာကြာစဉ်းစားမနေနိုင်အားဘဲ ငါးမျှားချိတ်နှင့် ညံဖော့ကိုရေစီးတွင် မျှောချလိုက်တော့၏။ ပြီးမှ ရေစီးနှင့်မျောပါနေသော ညံဖော့နှင့်မိမိလှေကို အတောင်နှစ်ဆယ်ခန့်ကွာသွားအောင် လှော်တက်နှင့်တန့်ကာယက်ကာ ဆိုင်းနေလိုက်သည်။ ဟုတ်ပြီ။ အခုဆိုလျှင် ညံဖော့နှင့်ငါးမျှားချိတ်သည် သူ့လှေရှေ့ အတောင်နှစ်ဆယ်ခန့်အကွာတွင် ရေစီး၌မျောပါနေပြီ။ ထိုအခါမှ သူ့လှေကို အလိုက်သင့်မျှောချလိုက်သည်။

ကောင်းကင်တွင် လရိပ်ကလေးပို၍လင်းလာသည်။ ပျပျမှုန်မှုန်သာနေသောလရိပ်အောက်တွင် သရွတ်သွတ်မြစ်ရေပြင်သည် ညင်သာစွာ စီးမျောလျက်ရှိသည်။ လှိုင်းဂယက်ကလေးများက တဖျပ်ဖျပ်ကခုန်လျက်ရှိသည်။

"အိမ်မှာ အေးအေးနေစမ်းပါအဖေရာ၊ တော်ကြာ မမြင်မစမ်းနဲ့ ဒုက္ခရောက်နေပါအုံးမယ်"

သားဖြစ်သူ ဖိုးနီ၏အသံကို ကြားယောင်နေမိသေး၏။

"ဟင်း တစ်သက်လုံး မင်းတို့ကို ငါက ရှာကျွေးလာခဲ့တာပါကွ။ မင်းတို့လို သန်သန်စွမ်းစွမ်းမရှိတော့မှ၊ အင်နဲ့အားနဲ့ ဖျတ်ဖျတ်လတ်လတ် မလုပ်နိုင်တော့မှ၊ ခိုင်းလို့ဝတဲ့နွားအိုကြီးလို သွားချင်ရာသွား၊ စားချင်ရာစား၊ နေချင်ရာနေထားချင်လို့ ငါကမနေနိုင်ဘူးကွ။ ငါလုပ်နိုင်သလောက်တော့ လုပ်အုံးမှာပဲ။ နေရာတကာ ချွေးမျက်နှာ၊ သမက်မျက်နှာကြည့်ပြီးစားနေရတဲ့ဒုက္ခကို မင်းတို့တစ်နေ့နားလည်လာမှာပါကွာ"ဟု တစ်ယောက်တည်းတွေးရင်း ဘာရယ်မဟုတ် မကျေမနပ်ဖြစ်နေမိသေး၏။

တစ်သက်လုံး အိမ်ထောင်ဦးစီးလုပ်ခဲ့တဲ့သူက၊ တစ်သက်လုံး သားသမီးတွေကို ကိုယ်ကပဲကျွေး၊ ကိုယ်ကပဲ မွေးခဲ့တဲ့သူက အိမ်မှာသစ်ငုတ်တိုကြီးလို ငူငူကြီးထိုင်နေ၊ အချိန်တန်ရင် ကိုယ်ကြိုက်တာ၊ မကြိုက်တာ အပထား ခူးခပ်ကျွေးတာစား၊ တစ်နေကုန် ဟိုနားငုတ်တုတ်၊ သည်နားမတ်တတ်နဲ့ ဘာမှအရာမရောက်အသုံးမဝင်တဲ့ ဘဝမှာနေရတာဟာ ဘယ်လောက်ဆိုးတယ်ဆိုတာ တစ်နေ့ကိုယ်တွေ့ကြုံမှ မင်းတို့သိလာကြမှာပါ သားတို့၊ သမီးတို့ရယ်ဟုတွေးရင်း ဆုံးသွားရှာပြီဖြစ်သော ဇနီးကို လွမ်းမိသလိုလိုဖြစ်ရသေးတော့၏။

သို့ကြောင့်ပင် သားတို့အတွက် အသုံးမဝင်တော့သော လှေအိုကလေးကို ရအောင်ဖာထေးကာ ရတတ်သမျှ ငါးမျှားကြိုးကလေး၊ ငါးမျှားချိတ်ကလေးနှင့် ငါးထွေရှာရန်ထွက်လာခဲ့ခြင်းဖြစ်ပေရာ ဘာမှမရဘဲ လက်ချည်းသက်သက်တော့မပြန်ချင်။

"အဲဒါကြောင့်ပြောတာပေါ့အဖေရ၊ မလုပ်နိုင်တော့ဘူး၊ မရှာနိုင်တော့ဘူးလို့ ပြောတာလဲမခံချင်ဘူး"ဟုဆိုလာမည့် သားတို့သမီးတို့၏ စကားကိုလည်း မခံချင်။

သို့ဖြစ်၍ ငါးထွေဖြစ်ဖြစ်၊ ငါးချောင်းဖြစ်ဖြစ် တစ်ကောင်ကောင်တော့ သူရချင်ပါသည်။ သူ့မှာ အစွမ်းအစတွေရှိသေးကြောင်း ပြချင်သေး၏။ သားသမီးတွေကိုလည်း ရော့ အင့်ဟု ပေးလိုက်ချင်သေး၏။ အင်း တံငါအိုတော့ ချောင်းကြိုမြောင်းကြားပေါ့လေ။

အတွေးတို့ဖြင့် မည်မျှကြာသွားသည်မသိ။ ဖျတ်ခနဲသတိရ၍ ကမ်းစပ်ကိုကြည့်လိုက်မိချိန်မှာတော့ သူ့လှေကလေးသည် ပျဉ်းမပင်ကွေ့ကိုပင် လွန်ခဲ့ပြီ။ စောစောက တဝုန်းဝုန်းငါးပွက်သံများမကြားရတော့။

ဆက်လက်ဖော်ပြပါမည်။

---

# ဘုတ်ပြင်းမြို့နယ် ကလန်းချောင်းကျေးရွာ၌ ကွန်ကရစ်တံတားတည်ဆောက်နေမှု စစ်ဆေး

ဘုတ်ပြင်း ဩဂုတ် ၉

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုတ်ပြင်းမြို့နယ် ကလန်းချောင်းကျေးရွာ၌ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘုတ်ပြင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်းဌေး၊ ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများက ဘုတ်ပြင်းမြို့နယ် ကလန်းချောင်းကျေးရွာ၌ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဘုတ်ပြင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ဆွေးနွေးမှာကြားခဲ့သည်။

ဘုတ်ပြင်းမြို့နယ် ကလန်းချောင်းကျေးရွာ၌ တံတားအရှည် ပေ ၂၅၀၊ အကျယ်ရှစ်ပေ၊ အမြင့် ၁၀ ပေရှိ ကွန်ကရစ်တံတား တည်ဆောက်ခြင်း လုပ်ငန်းကို ဘုတ်ပြင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေကျပ် ၁၀၃ သန်းအသုံးပြု၍ ၂၀၂၄ ခုနှစ် ဇွန်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကလန်းချောင်းကျေးရွာအပြင် အနီးဝန်းကျင်ကျေးရွာများရှိ ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့်ကဏ္ဍများကိုလည်း များစွာ အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

မင်းမြင့်မိုရ်

# ကဗျာအလှ စာအလှ (၂၁)

**မန်းတင့်မော်**

ကဗျာနှင့်စာအကြောင်းကိုစဉ်းစားပါလျှင် စာပေတည်းဟူသော ပင်မပင်စည်ကြီးမှ ခွဲဖြာလာသော အကိုင်းအခက်များဟု ယူလျှင်သင့်ပါလိမ့်မည်။ ခေတ်အမျိုးမျိုး၊ ပညာရှင်အထွေထွေ၊ အကဲဖြတ်သတ်မှတ်ပုံအဖုံဖုံဖြင့် ဖြတ်သန်းလာခဲ့ရသော ကဗျာခရီး၊ စာခရီးကလည်း ရှည်လျားလှပါသည်။ မြန်မာစာပေရေစီးကြောင်းသည်ပင်လျှင် နှစ်ပေါင်းထောင်ချီခဲ့ပြီဟု မှတ်သားမိပါသည်။ အဆိုပါရေစီးကြောင်းတွင် စတင်စီးဆင်းရာမှ ယနေ့ထက်တိုင် မယိုင်မလဲ မနစ်မမြုပ်ဘဲ လိုက်ပါရှင်သန်လျက်ရှိသော စာ၊ ကဗျာများလည်းရှိသည်။ လှိုင်းအမျိုးမျိုး၏ ရိုက်ပုတ်မှုဒဏ်ကြောင့် စုံးစုံးမြုပ်သွားရသော ကဗျာ၊ စာများလည်း မရေမတွက်နိုင်။ အမှိုက်များ၊ ဒိုက်များနှင့်အတူ ရောပါလျက် ရေမျောကမ်းတင်ရရှာသော ကဗျာများ၊ စာများလည်းရှိနိုင်သေးသည်။ အတိတ်ကစာပေပုံရိပ်များကလည်း ဖော်ထုတ်နေရဆဲ။ ယနေ့စာပေရေစီးကြောင်းကလည်း စီးဆင်းနေမြဲ။ နှေးချင်နှေးမည်။ မြန်ချင်မြန်မည်။ မနှေးမမြန်လည်းဖြစ်နိုင်သည်။ ထို့အတူ နောင်လာမည့်ကာလများထိလည်း ကဗျာလှိုင်း၊ စာလှိုင်းများက စာပေရေစီးကြောင်းနှင့်အတူ ရိုက်ခတ်လျက်ရှိနေဦးမည်ဖြစ်သည်။

ကဗျာနှင့်စာတို့၏ တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းနှင့် အခိုက်အတန့်ရပ်တန့်ခြင်းတို့က ရှိစမြဲ။ အပြောင်းအလဲဟူသည် ကဏ္ဍတိုင်းတွင် ဖြစ်စမြဲ၊ ကြုံစမြဲဖြစ်ရာ ကဗျာကဏ္ဍ၊ စာကဏ္ဍကလည်း အပါအဝင်ဖြစ်သည်။ အဆက်ဆက်စာပေတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြပါသော ကဗျာရေးသူ၊ စာရေးသူကဗျာဆရာ၊ စာရေးဆရာများ၏ ကျေးဇူးများကား ကြီးမားလှသည်။ စာဖတ်သူ၊ စာမွေ့သူများအတွက် အသိပညာနှင့် သတိမူစရာများစွာကို ကဗျာထဲ၊ စာထဲမှ ရယူအသုံးချအကျိုးများစေခြင်းကြောင့်ဖြစ်သည်။

ကဗျာအလှများစွာရှိသည့်အနက် ကဗျာဆရာ "နောင်"၏ "အတွေ့အကြုံ"အမည်ရှိကဗျာတစ်ပုဒ်ကို တင်ဆက်လိုပါသည်။ ဦးစွာကဗျာဆရာ"နောင်" ဆိုသည်မှာ ကဗျာများစွာရေးဖွဲ့ခဲ့သူတစ်ဦးဖြစ်ကြောင်း အသိပေးချင်ပါသည်။ ကဗျာစာအုပ်များလည်း ထုတ်ဝေခဲ့သူဖြစ်သည်။ ၁၉၉၃ ခုနှစ်တွင် ယောမင်းကြီးစာပေက ထုတ်ဝေခဲ့သော "မနက်ဖြန်အတွက်လှလက်ဆောင်"အမည်ရှိ ကဗျာပေါင်းချုပ်စာအုပ်မှာ အမျိုးသားစာပေဆုရရှိထားသော စာအုပ်ဖြစ်သည်။ ကဗျာကောင်း၊ ကဗျာလှများစွာကို နှစ်ပေါင်းများစွာ အစဉ်တစိုက်ရေးဖွဲ့ခဲ့သဖြင့် "တစ်သက်တာစာပေဆု" ချီးမြှင့်ခံရသော ကဗျာဆရာကြီးတစ်ဦးလည်းဖြစ်သည်။ ဆရာကြီး"နောင်" ရေးစပ်ခဲ့သော "နှင်းကိုမြင်ခိုက်"ကဗျာကို ၂၀၂၂-၂၀၂၃ ပညာသင်နှစ်ထိ တက္ကသိုလ်ဝင်တန်းမြန်မာစာကျောင်းသုံးအဖြစ် ပြဋ္ဌာန်းခဲ့ပါသည်။ ကဗျာရေးဖွဲ့သူ "နောင်"သည် အမည်ရင်း"မောင်မောင်လတ်"ဖြင့် တေးသီချင်းများစွာကို ရေးဖွဲ့ခဲ့ပါသေးသည်။ ကိုယ်တိုင်ရေး၊ ကိုယ်တိုင်သီဆိုထုတ်လွှင့်ခဲ့ရာ ဂီတစာဆိုတစ်ဦးအဖြစ်လည်း ထင်ရှားသည်။ ဆရာရေးဖွဲ့ခဲ့သော တေးများစွာကို နိုင်ငံကျော်အဆိုတော်များက သီဆိုခဲ့ကြပြန်သည်။ ဆရာရေးသား၍ စန္ဒရားလှထွတ် သီဆိုခဲ့သော "တိမ်တမန်"သီချင်းမှာ အထူးကျော်ကြားလူကြိုက်များသည်။ မြန်မာနိုင်ငံ၏ မိုးဦးရာသီအလှကို စာသားအလှနှင့် သံစဉ်ချိုချိုပေါင်းစပ်ထားသဖြင့် ကြားရသူတိုင်းအတွက် နှစ်ခြိုက်ဖွယ်ဖြစ်ရပါသည်။

ဆရာ"နောင်"၏ ကဗျာစာအုပ်တွင် မာတိကာမဖော်ပြမီ စာအုပ်ခေါင်းစဉ်ပါ "မနက်ဖြန်အတွက်လှလက်ဆောင်"ကဗျာကို အဖွင့်ကဗျာအဖြစ် ဦးစွာဖော်ပြထားသည်။ မာတိကာတွင် ကဗျာအပိုင်းခွဲလေးခုခွဲထားသည်။ "အလှမြင်၍ဆင်ခြင်ခြင်း" ခေါင်းစဉ်အောက်တွင် ကဗျာပုဒ်ရေ ၅၉ ပုဒ်၊ ပုလဲသီတစ်ကွဲစီ ၂၇ ပုဒ်၊ ဆိုဝ်ငြယ်(ပုဂံခေတ်ကျောက်စာရေးထုံးတွင် ဆိုးရွားသောငရဲဟု အဓိပ္ပာယ်ရှိကြောင်း မှတ်သားမိသည်) ၁၉ ပုဒ်၊ ဟိုးဇာလေဟေးဟေးယျှံ ကဗျာဆရာ၏ကဗျာထဲတွင် "ဟိုး...တံငါ "ငါ"သည် ဇာလေ...ပိုက်ဆွေး ဟေးဟေးယျှံ...ဆွဲနေ၏။"ဟု ပါရှိသည်။ အဆိုပါခေါင်းစဉ်အောက်တွင် ကဗျာ ၁၀ ပုဒ်ပါရှိသည်။ ကဗျာစာအုပ်တစ်အုပ်လုံးတွင် ကဗျာပေါင်း ၁၁၅ ပုဒ်ပါရှိကြောင်း သိရှိရသည်။ ဆရာ၏

**❖အတွေ့အကြုံဟူသည် လူတိုင်းလူတိုင်းနှင့် သက်ဆိုင်ပါသည်။ ဘဝတစ်လျှောက်လုံး အတွေ့အကြုံမျိုးစုံနှင့်တွေ့ရကြုံရသည်မှာလည်းသဘာဝပင်။ ကောင်းသောအတွေ့အကြုံများရှိသကဲ့သို့ ဆိုးသောအတွေ့အကြုံကိုလည်းကြုံရတတ်သေးသည်။ အတွေ့အကြုံကောင်းများမှတစ်ဆင့် အလေ့အထကောင်းများအဖြစ် ဆင့်ကမ်းကာ လူ့ဘောင်ကောင်းကျိုး သယ်ပိုးကြရသည်များလည်းရှိသည်။ အတွေ့အကြုံဆိုးများကို သင်ခန်းစာယူလျက် ပြုပြင်ကြရသည်များကလည်းရှိနေပြန်သည်။ လူကြီးလူငယ်မဟူ ဆိုင်ရာဆိုင်ရာ အတွေ့အကြုံများအပေါ် ဆင်ခြင်သုံးသပ်လျက် ဘဝခရီးကိုလျှောက်ကြရသူများသာဖြစ်သည်။❖**

"အတွေ့အကြုံ"အမည်ရှိကဗျာကို အောင်ပါအတိုင်း စတင်ပါသည်။

- အတိတ်ဆိုတာ
  အရိပ်လိုပမာ
  လိုက်ပါလာတတ်ပြီး
  မညာတတ်ဘူး။

လူတို့သတ်မှတ်ထားကြသော ကာလသုံးပါးတွင် အတိတ်သည် ဝေးကွာသော၊ ကျန်ခဲ့သော၊ ပြီးခဲ့သော အချိန်တစ်ခုဖြစ်သည်။ လူတိုင်းဖြတ်သန်းရသော ကာလလည်းဖြစ်သည်။ အကောင်းအဆိုးဒွန်တွဲလျက်ရှိသော အနေအထားမျိုးလည်းဖြစ်သည်။ တစ်သက်တာမမေ့နိုင်သော ဖြစ်ရပ်များစွာလည်းရှိသည်။ အချို့က မေးမှိန်သွားတတ်ပြီး အချို့ကမူ လင်းလက်ဆဲ၊ ပြိုးပြက်ဆဲပင်။ မည်သို့ပင်ဆိုစေ အတိတ်ကအရိပ်ပမာ ကပ်ငြိလျက်ရှိတတ်သည်။ အဖြစ်အပျက်များက အတိတ်တွင်ကျန်ရစ်ခဲ့သော်လည်း နှလုံးသားတွင် တွယ်ကပ်လျက်လည်း ရှိတတ်ပြန်သည်။ အတိတ်၏ ဖြစ်ရပ်များက အမှန်တကယ်ဖြစ်ခဲ့ပျက်ခဲ့ပြီးဖြစ်ရာ လိမ်ညာဖုံးကွယ်၍ မရနိုင်တော့။ လူ့သဘာဝအရ အတိတ်ကကောင်းကွက်များကိုသာ ပို၍ပို၍သတိတရရှိနေတတ်ပါသေးသည်။ ဤနေရာတွင် အတိတ်ကကောင်းမှုများကို ဆက်လက်သယ်ဆောင်လျက် ဆိုးမွေများကို သင်ခန်းစာယူသင့်ကြကြောင်း လူကြီးသူမများက ဆိုဆုံးမလေ့ရှိကြသည်။ သို့သော် အတိတ်ကဆိုးမွေများကို ပစ္စုပ္ပန်ထိ သယ်ယူလာတတ်သည်လည်း ရှိပြန်သည်။ သမိုင်းဖြစ်ရပ်များကို ဖတ်ရှုလေ့လာလျှင် သိနိုင်ပါလိမ့်မည်။ အတိတ်၏ ခြေရာများကား များပြားလှသကဲ့သို့ စဉ်းစားလေ့၊ တွေးခေါ်လေ့၊ ဆင်ခြင်လေ့ရှိရန်မှာ အမှန်တကယ် လိုအပ်လျက်ရှိကြောင်းကိုလည်း ပညာရှင်များက ဆိုမိန့်ခဲ့ကြပါသည်။

- အနာဂတ်ဆိုတာ
  မာယာကပ်ပါပြီး
  ညာတတ်ပလီတတ်လို့
  အတည်မှတ် မရပြန်ဘူး။

ကဗျာ၏ဒုတိယအပိုဒ်ဖြစ်ပါသည်။ အနာဂတ်ဟူသောကာလသည် လက်ရှိအချိန်မှ လာလတ္တံ့သော အချိန်ကို ဆိုလိုကြောင်း အားလုံးသိကြပါသည်။ ထိုအချိန်ကာလကို မျှော်ကိုးလျက်လည်း ရှိပြန်သည်။ သို့သော် မျှော်လင့်ထားသည့်အတိုင်း ဖြစ်ချင်မှဖြစ်ပါလိမ့်မည်။ မသေချာသော သဘောကိုလည်း ဆောင်လေ့ရှိသည်။ မာယာဆိုသော စကားကို မြန်မာအဘိဓာန်တွင် "မာယာ၊ န-လှည့်ပတ်ဖြားယောင်းခြင်း" ဟုဖွင့်ဆိုသည်။ ကဗျာဆရာက အနာဂတ်မှာ မာယာကပ်လျက် ရှိသည်ဟုဆိုသည်။ လိမ်လည်ခြင်း၊ လှည့်ပတ်ခြင်း၏ အခြားအနက်ဖြစ်သော "ပလီ"ဟူသော စကားတွဲဖြင့် ပလီတတ်နှင့် အတည်မှတ်ကို ချိတ်ဆက်ထားသဖြင့် ကဗျာအလှကို ပို၍တိုးစေသည်။

"အနာဂတ်ကိုမျှော်မှန်း၊ အတိတ်ကိုတမ်းတ၊ ပစ္စုပ္ပန်ကို မကျေနပ်တာလူသားပါ"ဟူသော အဆိုတစ်ရပ်ကို ကြားဖူးပါသည်။ လူအများစု၏ခံစားချက်နှင့် ထပ်တူကျနိုင်လိမ့်မည်။ မျက်မှောက်ကာလတွင် မိမိ၏လက်ရှိအနေအထားကို နှစ်သက်သဘောကျခြင်းမရှိသေးဟူသော သဘောဖြစ်ပါသည်။ ထိုအတိတ်နှင့်အနာဂတ်၏ ကြားကာလက မှန်ကန်သော၊ သင့်မြတ်သော ကာလတစ်ခုဟူ၍လည်း မဆိုနိုင်သေး။ လူတချို့ကို ကိုယ်စားပြုသော သို့မဟုတ် လူသားအားလုံးကိုကိုယ်စားပြုသော ရည်ရွယ်ချက်၊ ရည်မှန်းချက်များအားလုံး ပြီးပြည့်စုံသောအခါလည်း မဟုတ်နိုင်ပြန်။ ဘဝ၏အနှစ်သာရတိုင်အောင် ခရီးမပေါက်(အနှစ်သာရဟူသည် ကိုယ်စိတ်နှလုံးသုံးပါးစလုံး ချမ်းသာစွာနေထိုင်ခြင်းဟု မှတ်သားဖူးပါသည်။) အပေါ်ယံအကာများသာ လွှမ်းခြုံလျက်ရှိကြောင်းကို စာဆို"နောင်"က-

- ပစ္စုပ္ပန်ကတော့
  အဖြစ်သရုပ်မှန်သလိုနဲ့
  အပေါ်ယံပါပဲ
  အတော်အတန်ကြာရင်
  မလျော်ကန်တာတွေ
  ပေါ်လာပြန်တတ်စမြဲဟု ဖွင့်ဆိုပါသည်။

အတွေ့အကြုံဟူသည် လူတိုင်းလူတိုင်းနှင့် သက်ဆိုင်ပါသည်။ ဘဝတစ်လျှောက်လုံး အတွေ့အကြုံမျိုးစုံနှင့် တွေ့ရကြုံရသည်မှာလည်း သဘာဝပင်။ ကောင်းသောအတွေ့အကြုံများရှိသကဲ့သို့ ဆိုးသောအတွေ့အကြုံကိုလည်း ကြုံရတတ်သေးသည်။ အတွေ့အကြုံကောင်းများမှတစ်ဆင့် အလေ့အထကောင်းများအဖြစ် ဆင့်ကမ်းကာလူ့ဘောင်ကောင်းကျိုး သယ်ပိုးကြရသည်များလည်းရှိသည်။ အတွေ့အကြုံဆိုးများကို သင်ခန်းစာယူလျက် ပြုပြင်ကြရသည်များကလည်း ရှိနေပြန်သည်။ လူကြီးလူငယ်မဟူ ဆိုင်ရာဆိုင်ရာ အတွေ့အကြုံများအပေါ် ဆင်ခြင်သုံးသပ်လျက် ဘဝခရီးကို လျှောက်ကြရသူများသာဖြစ်သည်။ လူကြီး၏အတွေ့အကြုံများကို လူငယ်များက မှတ်သားနာယူသင့်သကဲ့သို့ လူငယ်တို့၏ အတွေ့အကြုံများကိုလည်း လူကြီးများက ဂရုတစိုက်နားထောင်၍ အကြံပြုဆွေးနွေးဖလှယ်သင့်ကြသည်။ သို့မှသာ မျိုးဆက်ကွာဟမှု ကျဉ်းမြောင်းလာမည်ဟု ယုံကြည်မိသည်။ အတွေ့အကြုံဟူသည် ပြည့်စုံသည်ဟုမရှိကြောင်း မိန့်ဆိုလေ့ရှိကြသည်။ စာရေးဆရာဒါရိုက်တာ မောင်ဝဏ္ဏရိုက်ကူးတင်ဆက်ပြသခဲ့သော "ဇာခန်းဆီးနောက်ကွယ်မှာ" ရုပ်ရှင်ကား၏ အဆုံးပိုင်းတွင် အခြားရုပ်ရှင်ကားများကဲ့သို့ "ပြီးပါပြီ"ဟု စာတန်းမထိုးဘဲ "ပြီးပြည့်စုံခြင်းဟူသည်မရှိ"ဟု စာတန်းထိုးခဲ့ခြင်းကို ထူးထူးခြားခြား သတိရနေမိသည်။ ဆရာမောင်ဝဏ္ဏက ဒဿနိကဗေဒအထူးပြုဖြင့် ဘွဲ့ရသူတစ်ယောက်ဟုသိထားရာ အတွေးအခေါ်ပါသော စာတန်းလေးဟု သတိတရရှိနေခြင်းလည်းဖြစ်ပါ၏။

ကဗျာစာဆို"နောင်"၏ ကဗျာအဆုံးသတ်ပိုဒ်တွင် အထက်ပါဆရာမောင်ဝဏ္ဏ၏ အတွေးသဘောပါသည့် စာတန်းကဲ့သို့ပင် အတွေ့အကြုံများက ဘဝတစ်လျှောက်လုံး လိုက်ပါလျက် မပြီးဆုံးသေးသော ဘဝခရီးအတွက် ခရီးဖော်အဖြစ်လိုက်ပါတော့မည်လည်း ဖြစ်ပြန်သည်။ လူနှင့်အတွေ့အကြုံ၊ အတွေ့အကြုံနှင့်လူကား ခေါင်းနှင့်ပန်းသဖွယ် ကပ်လျက်ရှိနေပေလိမ့်မည်။ "ကောင်းဆိုးနှစ်တန်အစဉ်တွဲလို့ တစ်လှည့်စီလည်းအမြဲနေ"ဟူသော သံပေါက်ကလေးကို သတိရဖွယ်ဖြစ်ပါသည်။ ကဗျာအဆုံးပိုဒ်တွင် ကဗျာဆရာ၏ သက်ပြင်းချသံကိုကြားရမည်။ ကဗျာဖတ်သူတိုင်းက လက်ခံနိုင်သော ကဗျာအလှတစ်ပုဒ်ဆိုသော်မမှား။ အမျိုးသားစာပေဆုချီးမြှင့်ခံရသော ကဗျာစာအုပ်ထဲမှ ကဗျာတစ်ပုဒ်သည် ပန်းဥယျာဉ်ထဲမှ လှသောပန်းတစ်ပွင့်၊ မွှေးသောပန်းတစ်ခက်ဟုလည်း ဆိုချင်ပါသေးသည်။ အတွေ့အကြုံကဗျာကို အဆုံးသတ်ရာတွင်-

- အင်း. . .အတွေ့အကြုံဆိုတာ
  တစ်နေ့တစ်နေ့သာကုန်သွားခဲ့တယ်
  ခုထိမပြည့်စုံနိုင်သေးဘူးဟူသော စာပိုဒ်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။

**ကိုးကား**

**၁။ မနက်ဖြန်အတွက်လှလက်ဆောင်(နောင်) ယောမင်းကြီးစာအုပ်တိုက်(၁၉၉၃)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက် နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

> ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၄၂၀၀၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၄၂၀၀၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင် က ပြောပြ၍ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၄၃၇၇၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၂၀၀၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းခရိုင်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မိုးနှမ်း ၄၃၇၇၃ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၄၂၀၀၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်စေဖို့၊ GAPနည်းစနစ်နဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် မြို့နယ်အလိုက် မိုးနှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၂၄၇၂၅ ဧက၊ မြင်းမူမြို့နယ်တွင် ၁၇၁၉၁ ဧက၊ မြောင်မြို့နယ်တွင် ဧက ၉၀ စုစုပေါင်း ၄၂၀၀၆ ဧကဖြစ်ကြောင်း၊ မိုးနှမ်းစိုက်ပျိုးရန် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၂၄၆၃၂ ဧက၊ မြင်းမူမြို့နယ်တွင် ဧက ၁၉၀၅၀နှင့် မြောင်မြို့နယ်တွင် ၉၁ ဧက စုစုပေါင်း ၄၃၇၇၃ ဧကဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးနှမ်းစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မိုးနှမ်းဧက တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး စသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# တာချီလိတ်မြို့နယ် မယ်လိတ်ပါကော်ကျေးရွာ၌ RBF စီမံကိန်း ရန်ပုံငွေထုတ်ချေး

**တာချီလိတ် ဩဂုတ် ၂၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းကိုးကျေးရွာအုပ်စု မယ်လိတ်ပါကော်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF)စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ရေးဦးစွာ တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှဲလှဲသင်းက မယ်လိတ်ပါကော်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီး ရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF) စီမံကိန်းရန်ပုံငွေများ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက မယ်လိတ်ပါကော် ကျေးရွာတွင် အစုအဖွဲ့စနစ်ဖြင့် ဒေသကျွဲမွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည့် အစုအဖွဲ့ လေးဖွဲ့ကို ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF) စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ကို ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်လှဲလှဲသင်းထံမှ သိရသည်။

**မောင်ခိုင်**

# ယီမင်နိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် လူ ၂၄ ဦး ပျောက်ဆုံးပြီး နေအိမ်ခုနစ်လုံးပျက်စီး



**ဆာနား ဩဂုတ် ၂၉**

ယီမင်နိုင်ငံတွင် ယခုသီတင်းပတ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိရာ အယ်လ်မာဟဝိတ်ပြည်နယ် မီလ်ဟန်ခရိုင်၌ လူ ၂၄ ဦး ပျောက်ဆုံးပြီး လူနေအိမ် ခုနစ်လုံးပျက်စီးဆုံးရှုံးခဲ့ကြောင်း အာဏာပိုင်များက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံခြင်းများကြောင့် ခရိုင်အတွင်းရှိ ဆည်သုံးခု ပြိုကျခဲ့ကာ လမ်းများပေါ်သို့ ရေများလျှံတက်လာသဖြင့် လမ်းများပြတ်တောက်ခဲ့သကဲ့သို့ ရေစီးနှင့်အတူ ကားများလည်း မျောပါခဲ့ကြောင်း၊ ထို့ကြောင့် ဟိုဒေးဒါးပြည်နယ်မှ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များကိုစေလွှတ်ထားသကဲ့သို့ အနီးအနားခရိုင်များမှ လူနာတင်ယာဉ်အများအပြားကိုလည်း အချင်းဖြစ်ပွားရာနေရာများသို့ စေလွှတ်ထားကြောင်း တာဝန်ရှိသူများက ပြောကြားသွားခဲ့သည်။

ယီမင်နိုင်ငံတွင် ဇူလိုင်လနှောင်းပိုင်းမှစ၍ မိုးသည်းထန်စွာရွာသွန်းခြင်းများ ဖြစ်ပေါ်လျက်ရှိရာ လာမည့်လများတွင်လည်း မိုးရွာသွန်းမှုတိုးလာနိုင်ပြီး နိုင်ငံအလယ်ပိုင်းဒေသများ၊ ပင်လယ်နီနှင့် ကမ်းရိုးတန်းဒေသများ၊ တောင်ပိုင်းဒေသများတွင် မကြုံစဖူး မိုးသည်းထန်စွာရွာသွန်းခြင်းများ ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသဌာနက သတင်းထုတ်ပြန်ထားသည်။

ရေကြီးရေလျှံမှုများကြောင့် ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လျက်ရှိရာ ကာလဝမ်းရောဂါဖြစ်ပွားမှုအခြေအနေ ဆိုးရွားလာမည်ကိုစိုးရိမ်ရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း သတိပေးထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : AZH**

# အီတလီနိုင်ငံ တောင်ဘက်ပိုင်းတွင် မြေပြိုကျမှုကြောင့် အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦး ပျောက်ဆုံးလျက်ရှိ

**ရောမ ဩဂုတ် ၂၉**

အီတလီနိုင်ငံတောင်ဘက်ပိုင်း ကာဆက်တာစီရင်စုတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် ဩဂုတ် ၂၈ ရက်က မြေပြိုကျမှုဖြစ်ပွားခဲ့ပြီး အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း ကာဆက်တာစီရင်စု အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မြေပြိုကျမှုသည် ဆန်ဇီလိုက်မြို့တွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပျောက်ဆုံးနေသူနှစ်ဦးမှာ သုံးဘီးကားဖြင့် မောင်းနှင်သွားလာစဉ် ရုတ်တရက် မြေပြိုကျမှုဖြစ်ပေါ်ကာ မြေပြိုကျမှုအောက်တွင် ပျောက်ဆုံးနေခြင်းဖြစ်ပြီး တာဝန်ရှိသူများ၏ ခန့်မှန်းချက်အရ အသက်ရှင်ရန် ရာခိုင်နှုန်းနည်းနေကြောင်း၊ ပျောက်ဆုံးနေသူ အမျိုးသမီးမှာ အသက် ၇၀ နှစ်အရွယ်ဖြစ်ပြီး သားဖြစ်သူမှာ အသက် ၄၀ နှစ်အရွယ်ဖြစ်ကြောင်း ကာဆက်တာစီရင်စုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"မြေပြိုကျမှုကြောင့် သုံးဘီးကားတစ်စီး ပျောက်ဆုံးခဲ့တယ်။ ပျောက်ဆုံးခဲ့တဲ့ သုံးဘီးကားရဲ့ အပျက်အစီးတွေကိုတော့ ရှာဖွေတွေ့ရှိခဲ့ပြီဖြစ်ပါတယ်။ သုံးဘီးမောင်းနှင်စီးနင်းလာတဲ့ သားအမိနှစ်ယောက်တော့ ပျောက်ဆုံးနေပါတယ်။ ကယ်ဆယ်ရေးဝန်ထမ်းတွေက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ဆန်ဇီလိုက်မြို့တော်ဝန် အီမီလီယိုက ပြောကြားခဲ့သည်။

ကယ်ဆယ်ရေးဝန်ထမ်းများနှင့် ရဲတပ်ဖွဲ့ဝင်များက ပျောက်ဆုံးနေသူများကို ရှာဖွေနေပြီး ပျောက်ဆုံးနေသူနှစ်ဦး စီးနင်းလာသော သုံးဘီးကား၏ အပျက်အစီးများကို မြေအောက်တွင် ရှာဖွေတွေ့ရှိခဲ့ပြီး လူနှစ်ဦးမှာ ပျောက်ဆုံးနေကြောင်း၊ မြေပြိုကျမှုကြောင့် ဒေသခံအမြောက်အမြား ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပြီး မြေပြိုကျမှုအပြင် ရေကြီးရေလျှံမှုကြောင့် လမ်းမကြီးတချို့ ပိတ်ဆို့မှုဖြစ်ပေါ်နေသဖြင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲရှိနေကြောင်း ကာဆက်တာစီရင်စု အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# မက္ကဆီကိုနိုင်ငံတွင် မိုးခေါင်ရေရှားမှုကြောင့် တောင်သူများအခက်တွေ့နေ

**မက္ကဆီကိုစီးတီး ဩဂုတ် ၂၉**

မက္ကဆီကိုနိုင်ငံ မြောက်ဘက်ပိုင်း ချီဟွားဟွားပြည်နယ်တွင် မိုးခေါင်ရေရှားမှုကြောင့် တောင်သူများ အခက်တွေ့နေကြောင်း ချီဟွားဟွား စိုက်ပျိုးရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ချီဟွားဟွားပြည်နယ်ရှိ လက်လာဂျက်စ်ရေလှောင်တမံတွင် ရေခန်းခြောက်နေပြီး တောင်သူများအတွက် ရေပေးဝေနိုင်ခြင်းမရှိတော့သည့်အခြေအနေဖြစ်ပေါ်ရင်ဆိုင်နေရကြောင်း၊ လက်လာဂျက်စ်ရေလှောင်တမံသည် ဘူနာဗင်တူရာမြို့အနီးတွင် တည်ရှိပြီး ဘူနာဗင်တူရာမြို့ခံများမှာ လက်လာဂျက်စ်ရေလှောင်တမံမှ ရေကိုသာ အဓိက အားထားနေရကြောင်း၊ လက်လာဂျက်စ် ရေလှောင်တမံအတွင်း ရေခန်းခြောက်သည့် ပြဿနာသည် ရေလှောင်တမံကို မှီခိုအားထားနေရသည့် ပြည်သူများနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို ကြီးမားသည့်ပြဿနာ ဖြစ်ပေါ်စေသည့်အတွက် လက်လာဂျက်စ် ရေလှောင်တမံအတွင်း ရေပြန်လည် ဖြည့်တင်းနိုင်ရေးအတွက် ချီဟွားဟွားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

"မိုးခေါင်ရေရှားမှု အခြေအနေကတော့ တော်တော်လေးဆိုးရွားနေတယ်။ လက်လာဂျက်စ် ရေလှောင်တမံအတွင်းမှာ ရေခန်းခြောက်သွားတဲ့ အခြေအနေမျိုး ရောက်နေတဲ့အတွက် သဘာဝက ကျွန်တော်တို့ကို ဒဏ်ခတ်တဲ့ သဘော သက်ရောက်နေတယ်" ဟု ဘူနာဗင်တူရာမြို့ မြူနီစပယ်အကြီးအကဲဖြစ်သူ ဖလောရက်စ်က ပြောကြားခဲ့သည်။



ချီဟွားဟွားပြည်နယ်ရှိ ဒေသအများအပြားတွင် မိုးခေါင်သည့်ပြဿနာဖြင့် ရင်ဆိုင်နေရခြင်းကြောင့် ပြည်နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများအပြင် မွေးမြူရေးလုပ်ငန်းများလည်း အခက်အခဲရှိနေကြောင်း၊ ၂၀၁၂ ခုနှစ်ကလည်း မိုးခေါင်သည့်ပြဿနာဖြင့် ရင်ဆိုင်ခဲ့ရသော်လည်း ရေတွင်းများမှတစ်ဆင့် စိုက်ခင်းများသို့ ရေအလုံအလောက် ပေးဝေနိုင်သည့်အခြေအနေဖြစ်ပြီး ယခုနှစ်တွင် မြေအောက်ရေအရင်းအမြစ်ပါ ထိခိုက်လာသည့်အတွက်ကြောင့် ရေတွင်းများတွင်လည်း ရေခန်းခြောက်သည့် ပြဿနာဖြင့် ရင်ဆိုင်နေကြရကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# Faleme မြစ်ဝှမ်းကာကွယ်ရေးအတွက် ရွှေတူးဖော်ရေးနှင့် သတ္တုတူးဖော်ရေး လုပ်ကွက်များကို တားမြစ်သွားမည်ဖြစ်ကြောင်း ဆီနီဂေါအစိုးရထုတ်ပြန်

**ဒါကာ ဩဂုတ် ၂၉**

ဆီနီဂေါနိုင်ငံ အရှေ့တောင်ဘက်ပိုင်းရှိ Falemeမြစ်ဝှမ်း ရေထုညစ်ညမ်းမှုလျှော့ချရေးနှင့် မြစ်ဝှမ်း မတိမ်ကောစေရေးအတွက် မြစ်ဝှမ်းအနီးတွင် ဆောင်ရွက်နေသည့် ရွှေတူးဖော်ရေးလုပ်ကွက်များနှင့် သတ္တုတူးဖော်ရေးလုပ်ကွက်များကိုတားမြစ်သွားမည်ဖြစ်ကြောင်း ဆီနီဂေါအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရွှေတူးဖော်ရေးလုပ်ကွက်များနှင့် သတ္တုမိုင်းတွင်းလုပ်ကွက်များမှ စွန့်ပစ်ပစ္စည်းများကို Faleme မြစ်ဝှမ်းအတွင်း စွန့်ပစ်သည့်အတွက်ကြောင့် Faleme မြစ်ဝှမ်း ရေထုညစ်ညမ်းမှု ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်သကဲ့သို့ မြစ်တိမ်ကောမည့်အခြေအနေမျိုး ရောက်ရှိနေခြင်းဖြစ်ကြောင်း သိရသည်။

ဆီနီဂေါနိုင်ငံအတွက် အရေးပါသည့် မြစ်ဝှမ်းဖြစ်သဖြင့် Faleme မြစ်ဝှမ်းကို ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ဆီနီဂေါအစိုးရက Faleme မြစ်ဝှမ်း၏ မီတာ ၅၀၀ ပတ်လည်အတွင်း ရွှေတူးဖော်ရေးနှင့် သတ္တုမိုင်းတွင်းတူးဖော်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း မပြုရန် တားမြစ်ချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါတားမြစ်ချက်မှာ ၂၀၂၇ ခုနှစ် ဇွန် ၃၀ ရက်ထိ အကျုံးဝင်မည်ဖြစ်ကြောင်း ဆီနီဂေါအစိုးရက ထုတ်ပြန်ခဲ့သည်။

ဆီနီဂေါအာဏာပိုင်အဖွဲ့အစည်း၏ စုံစမ်းစစ်ဆေးမှုအရ Faleme မြစ်ဝှမ်းအနီးတွင် တရားမဝင် ရွှေတူးဖော်ရေးနှင့် သတ္တုမိုင်းတွင်းလုပ်ကွက် ၆၀၀ မှ ၈၀၀ကြား တည်ရှိနေကြောင်း၊ အဆိုပါလုပ်ကွက်များအားလုံးကိုလည်း အပြီးသတ်ပိတ်သိမ်းကာ လိုင်စင်ဖြင့်ဆောင်ရွက်နေသောလုပ်ကွက်များကို ၂၀၂၇ ခုနှစ် ဇွန် ၃၀ရက်ထိ လုပ်ငန်းဆောင်ရွက်ခွင့် ယာယီပိတ်ပင်ထားခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

# ဘရာဇီး အမေဇုန်မိုးသစ်တောအတွင်း တောမီးလောင်ကျွမ်းရာမှထွက်ပေါ်လာသော မီးခိုးငွေ့ကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်နေ

**ဘရာဇီးလီးယား ဩဂုတ် ၂၉**

ဘရာဇီးနိုင်ငံ အမေဇုန်မိုးသစ်တောအတွင်းတောမီးလောင်ကျွမ်းရာမှထွက်ပေါ်လာသော မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုများဖြစ်ပေါ်နေကြောင်း အမျိုးသားအာကာသ သုတေသနဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဘရာဇီးနိုင်ငံနှင့် ဆက်စပ်လျက်ရှိသော အမေဇုန်မိုးသစ်တောဒေသများဖြစ်သည့် စီရာဒို ဆာဗားနားမြက်ခင်းဒေသ၊ ပန်တာနယ် ရေတိမ်ရပ်ဝန်းဒေသနှင့် ဆာပေါ်လိုပြည်နယ်တစ်ဝန်းတွင် တောမီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်နေကြောင်း၊ ထို့ကြောင့် နိုင်ငံအနှံ့အပြား၌ မီးခိုးများဖုံးလွှမ်းလျက်ရှိရာ လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လျက်ရှိပြီး ဒေသခံအများအပြား လေထုညစ်ညမ်းမှုနှင့်ဆက်စပ်သည့် ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်းနှင့် မျက်လုံးနီခြင်းတို့ကို ခံစားနေရကြောင်း သိရသည်။

"မီးခိုးငွေ့တွေကြောင့် ကျွန်တော့်မှာ အသက်ရှူမဝသလို လည်ချောင်းလဲနာနေတယ်။ မီးခိုးတွေဖုံးလွှမ်းနေတာကြောင့် မျက်လုံးကစပ်ပြီး လမ်းပေါ်လဲ ထွက်လို့မရဘူး။ ဒီလို ဆိုးရွားတဲ့အခြေအနေကို ကျွန်တော့်တစ်သက် မကြုံဖူးပါဘူး"ဟု အမေဇုန်ပြည်နယ် လာဗရေရာမြို့မှ အသက် ၆၀ အရွယ်ရှိ ဒေသခံ ဖာတီမာဆီလ်ဗာက ပြောကြားခဲ့သည်။

အမေဇုန်မိုးသစ်တောရှိဇရိယာအများအပြားတွင် လေထုညစ်ညမ်းမှုအခြေအနေမှာ အလွန်ဆိုးရွားသော အခြေအနေသို့ ရောက်ရှိနေသဖြင့် ဒေသခံများအနေဖြင့် နေအိမ်အတွင်း၌သာ နေထိုင်ကြရန် ပြည်နယ်အာဏာပိုင်များက အကြံပြုထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : AZH**

# စနေနေ့ညမှာကစားမဲ့ အမှတ်ပေးပြိုင်ပွဲတွေထဲက တိုက်စစ်အားကောင်းနေတဲ့ ဘရန့်ဖို့ဒ်အသင်း၊ လေဗာကူဆင်အသင်း၊ ဗယ်လ်ကာနိုအသင်းတို့ကိုအားပေးရမှာပါ

ML



ဒီတစ်ပတ်စနေနေ့ညအမှတ်ပေးပြိုင်ပွဲတွေမှာလဲ အသင်းကြီးချင်း၊ အသင်းငယ်ချင်းထိပ်တိုက်တွေ့ဆုံမှုတွေရှိနေတာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်မှာသေချာပါတယ်။ ပြီးခဲ့တဲ့တစ်ပတ် ခြေရည်တူအသင်းတွေ့ဆုံမှုတွေမှာ အိမ်ရှင်အားသာချက်ရှိတဲ့အသင်းတွေ ရလဒ်ကောင်းခဲ့တာကြောင့် ရွေးချယ်မှုမှန်ခဲ့တယ်လို့ဆိုရမှာပါ။ လက်ရှိမှာတော့ အပြောင်းအရွှေ့ပိတ်သိမ်းဖို့ နီးကပ်လာတာကြောင့် အသင်းတိုင်းက ကစားသမားဖြည့်တင်းမှုဆက်တိုက်လုပ်နေတာဖြစ်လို့ အသင်းကြီးတွေကလွဲရင် အသင်းငယ်တွေအနေနဲ့ ပုံမှန်ခြေစွမ်းမရသေးတာကိုသတိပြုရမှာပါ။ ဒါကြောင့် စနေနေ့ညကစားမဲ့ပွဲတွေမှာလဲ အိမ်ရှင်အားသာချက်နဲ့ ထိပ်တန်းအဆင့် ကစားသမားပိုများတဲ့ အသင်းတွေကိုသာ ဆက်လက်အားပေးရမှာပါ။

## ဘရန့်ဖို့ဒ်အသင်းကို ရွေးချယ်ရမှာပါ

စနေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်(၃) မှာ အကြိုက်တွေ့မိတာကတော့ ဘရန့်ဖို့ဒ်အသင်းနဲ့ ဆောက်သမ်တန်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘရန့်ဖို့ဒ်ဟာ နည်းပြဖရန့်လက်ထက်မှာ အသင်းလိုက်ကစားအားကောင်းခဲ့တာကြောင့် ပရီးမီးယားလိဂ်မှာဖြတ်မျဉ်းအသင်းအနေနဲ့ ရပ်တည်နိုင်ခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိအပြောင်းအရွှေ့ကာလမှာတော့ အသင်းကခြေစွမ်းပြကစားသမားတွေကို ဆက်ထိန်းနိုင်ခဲ့ပြီး လီဗာပူးအသင်းကခံစစ်ကစားသမားနဲ့ တိုက်စစ်ကစားသမားနှစ်ဦးထပ်မံဖြည့်တင်းခဲ့တာကြောင့် ခြေစွမ်းပိုင်းပိုကောင်းလာတာကို သတိပြုရမှာပါ။ ဘရန့်ဖို့ဒ်ဟာ ပရီးမီးယားလိဂ်အဖွင့်ပွဲမှာ ပဲလေ့စ်အသင်းနဲ့ ကစားခဲ့ရပေမဲ့ ခြေစွမ်းပိုင်းအသာ၊ ဂိုးပေါက်ခြိမ်းခြောက်မှုအသာနဲ့ ကစားနိုင်ခဲ့ပြီး မီအူမို၊ ဝုစ်ဆာတို့ရဲ့ ဂိုးတွေနဲ့ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ ဒုတိယပွဲမှာတော့ လီဗာပူးအသင်းကို အဝေးကွင်းသွားရောက်ကစားခဲ့ရတာကြောင့် ခံစစ်အသားပေးကစားခဲ့ချိန်မှာ လီဗာပူးအသင်းရဲ့ ကစားသမားတစ်ဦးချင်း စွမ်းဆောင်ရည်ကောင်းခဲ့လို့ ပွဲချိန်ပြည့်မထိန်းနိုင်တော့ဘဲ နှစ်ဂိုးဂိုးမရှိနဲ့ ရှုံးခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် အခုပွဲစဉ်မှာ ဆောက်သမ်တန်လိုခြေရည်တူအသင်းနဲ့တွေ့ချိန်မှာ ရမှတ်ရှာဖွေမှာသေချာပြီး ပဲလေ့စ်အသင်းနဲ့ပွဲစဉ်ကလူစာရင်းအတိုင်း ပွဲထွက်လာမယ်ဆိုရင် ဖိအားပေးနိုင်မှာဖြစ်ပါတယ်။

ဆောက်သမ်တန်အသင်းဟာ အခုနှစ်မှ ပရီးမီးယားလိဂ်ကို တန်းတက်ခဲ့တာကြောင့် ကစားသမားဖြည့်တင်းမှုတွေ ဆက်တိုက်လုပ်ဆောင်နေတာကိုတွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ လယ်လာနာ၊ တေလာ၊ ဘရီရီတန်၊ အူဂိုချူကူ၊ အာချာ၊ မာသီးယက်စ် ဖာနန်ဒက်စ်တို့လိုကစားသမားတွေခေါ်ယူခဲ့ပေမဲ့ ထိပ်တန်းအဆင့် ကစားသမားမျိုးပါဝင်ခဲ့တာမရှိပါဘူး။ လက်ရှိနည်းပြ မာတင်ကလဲ ပရီးမီးယားလိဂ် အတွေ့အကြုံမရှိတာကြောင့် အဖွင့်ပွဲစဉ်မှာ နယူးကာဆယ်ကိုတစ်ဂိုးဂိုးမရှိ၊ ဒုတိယပွဲစဉ်မှာ နော့တင်ဟမ်အသင်းကို တစ်ဂိုးဂိုးမရှိနဲ့ ရှုံးခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ အမ်းစတောင်းနဲ့ အာရီဘို၊ ဝေါ်လ်ကာပီတာတို့ ခြေစွမ်းပြဖို့ ရုန်းကန်နေရသလို ကစားသမားသစ်တွေနဲ့ အသားကျဖို့ အချိန်ယူရမှာဖြစ်တဲ့ သူတို့အသင်းဟာ ဘရန့်ဖို့ဒ်ကိုရင်ဆိုင်ဖို့ လိုအပ်ချက်ရှိနေတာကိုတွေ့ရမှာပါ။ သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်မှာလဲ ဘရန့်ဖို့ဒ်က သုံးပွဲစလုံးဂိုးပြတ်အနိုင်ရထားတာကြောင့် အိမ်ကွင်းကစားပုံကောင်းတဲ့ ဘရန့်ဖို့ဒ်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

### ဘရန့်ဖို့ဒ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘင်ဖီကာ | ၁ | - | ၁ | ဘရန့်ဖို့ဒ် |
| ဝက်ဖို့ဒ် | ၁ | - | ၁ | ဘရန့်ဖို့ဒ် |
| ဘရန့်ဖို့ဒ် | ၄ | - | ၄ | ဝုဖ်ဘတ် |
| ဘရန့်ဖို့ဒ် | ၂ | - | ၁ | ပဲလေ့စ် |
| လီဗာပူး | ၂ | - | ၀ | ဘရန့်ဖို့ဒ် |

### ဆောက်သမ်တန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မီဝေါလ် | ၀ | - | ၁ | ဆောက်သမ်တန် |
| ဆောက်သမ်တန် | ၁ | - | ၁ | လာဇီယို |
| ဆောက်သမ်တန် | ၀ | - | ၀ | ဂီတာဖေး |
| နယူးကာဆယ် | ၁ | - | ၀ | ဆောက်သမ်တန် |
| ဆောက်သမ်တန် | ၀ | - | ၁ | နော့တင်ဟမ် |

## လေဗာကူဆင်အသင်းနဲ့ လက်တွဲရမှာပါ

ဘွန်ဒက်လီဂါ ပွဲစဉ်(၂) မှာ အကြိုက်တွေ့မိတာကတော့ လေဗာကူဆင်အသင်းနဲ့ လိုက်ပ်ဇစ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ လေဗာကူဆင်အသင်းဟာ နည်းပြအလွန်ဆိုလက်ထက်မှာ ပုံစံကောင်းရနေတာကြောင့် ပြီးခဲ့တဲ့ရာသီမှာ ဘွန်ဒက်လီဂါဖလားနဲ့ ပိုကယ်ဖလားဆွတ်ခူးနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ရာသီအစ စူပါဖလားပြိုင်ပွဲမှာ စတုဂတ်ကို တစ်ယောက်လျော့နဲ့ ကစားခဲ့ရပေမဲ့ ပင်နယ်တီအဆုံးအဖြတ်မှာအနိုင်ရခဲ့ပြီး ဆုဖလားရရှိခဲ့တာဖြစ်ပါတယ်။ နည်းပြအလွန်ဆိုအနေနဲ့ လေဗာကူဆင်နဲ့ ဆက်လက်အောင်မြင်မှုရဖို့ စိတ်ကူးထားတာကြောင့် အသင်းက ဖလိုရီယန်ဝုစ်၊ ဘွန်နီဖေ့၊ ဖရင်ပေါင်၊ ဂရီမယ်ဒို၊ တက်ဆိုဘာ၊ ဟင်ကာပီ၊ တက်ဟ် တို့လိုကစားသမားတွေကိုဆက်လက်ထိန်းသိမ်းခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိအပြောင်းအရွှေ့မှာ တိုက်စစ်ကပွဲထွက်ခွင့်မပေးနိုင်တဲ့ ဟလိုဇက်ကိုသာရောင်းချခဲ့ပြီး ရင်းနက်တိုက်စစ်မှူး တာရီယာ၊ ဂျီရိုနာကွင်းလယ်က ဂါစီယာတို့လို ကစားသမားတွေကို ပြန်လည်ဖြည့်ဆည်းခဲ့တာဖြစ်ပါတယ်။ နည်းပြအလွန်ဆိုကတော့ တိုက်စစ်အားပြုကစားတဲ့ နည်းပြဖြစ်တာကြောင့် အဖွင့်ပွဲစဉ်မှာလဲဂလာဘတ်ကို သုံးဂိုးနှစ်းဂိုးနဲ့ နိုင်ပွဲရခဲ့တာကိုတွေ့ရမှာပါ။ အခုပွဲစဉ်မှာတော့ လိုက်ပ်ဇစ်လို တိုက်စစ်ထက်မြက်နဲ့အသင်းကို ပွဲချိန်ပြည့်တိုက်စစ်ဖွင့်ကစားမှာမဟုတ်ဘဲ ပြိုင်ဘက်ရဲ့ကစားအားကိုလိုက်ပြီး နည်းစနစ်ပိုင်းပြောင်းလဲကစားလာဖို့များပါတယ်။

လိုက်ပ်ဇစ်အသင်းဟာ အခုအပြောင်းအရွှေ့မှာ တောင်ပံကစားသမား အိုမိုကို ဘာစီလိုနာကိုရောင်းခဲ့ပြီး ဘရုဂျက်ကစားသမား နူဆာကို ပြန်လည်ခေါ်ယူခဲ့တာ တွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ ကစားသမားကောင်းတွေအမြဲတမ်းပေါ်ထွက်လေ့ရှိပေမဲ့ ရေရှည်မထိန်းသိမ်းနိုင်တာကြောင့် လက်ရှိအချိန်ထိ ခြေစွမ်းပိုင်းတည်ငြိမ်ဖို့ ကြိုးပမ်းနေရဆဲဖြစ်ပါတယ်။ နည်းပြမာကိုရို့စ်ကတော့ ၄-၄-၂ ကစားကွက်နဲ့ တိုက်စစ်မှာအိုပန်ဒါ၊ ဆက်ကိုတို့ကိုအသုံးပြုနေလို့ တိုက်စစ်ကစားအားကောင်းနေပေမဲ့ ခံစစ်ပိုင်းကတော့ လိုအပ်ချက်ရှိနေတာကိုတွေ့ရမှာပါ။ ဒ့ါပြင် အဖွင့်ပွဲစဉ်မှာ ဗဟိုခံစစ်က အော်ဘန် အနီကတ်နဲ့ ထုတ်ပယ်ခံရတာကြောင့် အခုပွဲစဉ်ကိုလွဲချော်မှာဖြစ်လို့ လေဗာကူဆင်လို တိုက်စစ်ထက်မြက်တဲ့ အသင်းကိုထိန်းချုပ်ဖို့ အခက်တွေ့မှာပါ။ ပြီးခဲ့တဲ့ ဘောလုံးရာသီထိပ်တိုက်တွေ့ဆုံမှုနှစ်ကြိမ်မှာလဲ လိုက်ပ်ဇစ်အသင်းက ခံစစ်ကစားပုံအားနည်းခဲ့တာကြောင့် လေဗာကူဆင်ကို နှစ်ကျော့စလုံး သုံးဂိုးနှစ်ဂိုးနဲ့ ရှုံးခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် အခုပွဲမှာလဲ အိမ်ရှင်လေဗာကူဆင်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

### လေဗာကူဆင်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အာဆင်နယ် | ၄ | - | ၁ | လေဗာကူဆင် |
| လေဗာကူဆင် | ၁ | - | ၁ | ဘက်တစ် |
| လေဗာကူဆင် | ၂ | - | ၂ | စတုဂတ် |
| ဂလာဘတ် | ၂ | - | ၃ | လေဗာကူဆင် |
| ဂျီရိုနာ | ၀ | - | ၁ | လေဗာကူဆင် |

### လိုက်ပ်ဇစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လိုက်ပ်ဇစ် | ၂ | - | ၀ | အေဗီလာ |
| လိုက်ပ်ဇစ် | ၀ | - | ၃ | ဝုဖ် |
| လိုက်ပ်ဇစ် | ၁ | - | ၁ | ပီအက်စ်ဂျီ |
| အက်ဆန် | ၁ | - | ၄ | လိုက်ပ်ဇစ် |
| လိုက်ပ်ဇစ် | ၁ | - | ၀ | ဘိုချမ် |

## ဗယ်လ်ကာနိုအသင်း ရလဒ်ကောင်းမှာပါ

လာလီဂါပွဲစဉ်(၄) မှာအကြိုက်တွေ့မိတာကတော့ အက်စ်ပန်ညိုနဲ့ ဗယ်လ်ကာနိုအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အက်စ်ပန်ညိုအသင်းဟာ အခုရာသီမှ လာလီဂါကိုတန်းတက်လာခဲ့ပေမဲ့ ထိပ်တန်းအဆင့် ကစားသမားဖြည့်တင်းမှုမလုပ်နိုင်ခဲ့သလို အသင်းကတိုက်စစ်မှူးဘရန့်ဝိတ်၊ ဂျိုဆီလူတို့လို လာလီဂါအတွေ့အကြုံရှိတဲ့ ကစားသမားတွေကိုလဲ လက်လွှတ်လိုက်ရတာ တွေ့ရမှာပါ။ ဒါကြောင့် အဖွင့်ပွဲစဉ်မှာ ဗယ်လာဒိုးလစ်လို ခြေရည်တူအသင်းနဲ့ကစားခဲ့ရပေမဲ့ တစ်ဂိုးဂိုးမရှိနဲ့ရှုံးခဲ့သလို ဒုတိယပွဲမှာလဲဆိုစီဒက်အသင်းကိုတစ်ဂိုးဂိုးမရှိနဲ့ ထပ်မံရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ လက်ရှိ သူတို့အသင်းရဲ့ ၄-၄-၂ ကစားကွက်ဟာ ပြိုင်ဘက်ကို တန်ပြန်တိုက်စစ်နဲ့ဖိအားပေးနိုင်ပြီး ထိရောက်တဲ့ဂိုးပေါက်ခြိမ်းခြောက်မှုလုပ်နိုင်ပေမဲ့ တိုက်စစ်ပိုင်းအဆုံးသတ်မသေချာတာကြောင့် ရလဒ်ပိုင်းကျဆင်းနေတယ်လို့ ဆိုရမှာပါ။ သူတို့အသင်းဟာ ရာသီကြိုပြင်ဆင်မှုမှာလဲ ဟူစကာလိုခြေစွမ်းပိုင်းအားနည်းတဲ့အသင်းကိုသာ အနိုင်ရခဲ့ပြီး တိုက်စစ်ကဂိုးရဖို့ ရုန်းကန်ခဲ့ရတာကို တွေ့ရမှာပါ။

ဗယ်လ်ကာနိုအသင်းဟာ အသင်းလိုက် ကစားအားကောင်းတဲ့ အသင်းဖြစ်သလို အိမ်ကွင်းမှာဆို အသင်းကြီးတွေကိုတောင် အခက်တွေ့အောင် ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ ရာသီအဖွင့်ပွဲမှာတော့ ဆိုစီဒက်လိုအသင်းကြီးနဲ့ တွေ့ခဲ့ပေမဲ့ နှစ်ဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့သလို ဒုတိယပွဲမှာလဲ ဂီတာဖေးကိုဂိုးမရှိသရေကစားနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ပြီးခဲ့တဲ့ ဘာစီလိုနာနဲ့ပွဲမှာလဲ ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီးမှ ကစားသမားစုဖွဲ့မှုအားနည်းချက်ကြောင့် ဒုတိယပိုင်းမှာနှစ်ဂိုးပေးလိုက်ရလို့ ရှုံးပွဲကြုံခဲ့တာဖြစ်ပါတယ်။ ဒ့ါပြင် သူတို့အသင်းဟာ လာလီဂါကိုတက်ရောက်ခဲ့တဲ့ ၂၀၂၃ ခုနှစ်ကစလို့ ရာသီအစပွဲတွေမှာ ရလဒ်ကောင်းတဲ့အစဉ်အလာရှိတာကြောင့်လဲ အခုပွဲမှာ အက်စ်ပန်ညိုလိုခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိသေးတဲ့အသင်းကို ဖိအားပေးနိုင်မှာသေချာပါတယ်။ လက်ရှိအပြောင်းအရွှေ့မှာလဲ ဂျိမ်းရိုဒရီဂွက်ဇ်လို ဝါရင့်တိုက်စစ်မှူးကို ခေါ်ယူခဲ့တာကြောင့် တိုက်စစ်ကစားအားပိုကောင်းလာဖို့များပါတယ်။ အမှတ်ပေးပွဲသုံးပွဲအပြီးမှာတော့ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနဲ့ ရမှတ် လေးမှတ်နဲ့ အဆင့်(၈) မှာရောက်ရှိနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ နောက်ဆုံးငါးပွဲမှာနှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ပိုင်ဆိုင်ခဲ့ပြီး အက်စ်ပန်ညိုအိမ်ကွင်းမှာကစားခဲ့ရတဲ့ နောက်ဆုံးလေးပွဲမှာလဲ လေးပွဲစလုံးနိုင်ခဲ့တာကြောင့် အခုပွဲမှာ ဗယ်လ်ကာနိုပဲ ရလဒ်ကောင်းမှာပါ။

### အက်စ်ပန်ညိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အက်စ်ပန်ညို | ၁ | - | ၀ | ဟူစကာ |
| အက်စ်ပန်ညို | ၀ | - | ၀ | တူးလော့ |
| ဟီဒန်ဟိမ်း | ၂ | - | ၁ | အက်စ်ပန်ညို |
| ဗယ်လာဒိုးလစ် | ၁ | - | ၀ | အက်စ်ပန်ညို |
| အက်စ်ပန်ညို | ၀ | - | ၁ | ဆိုစီဒက် |

### ဗယ်လ်ကာနိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘုန်းမောက် | ၁ | - | ၀ | ဗယ်လ်ကာနို |
| ဝုဖ် | ၀ | - | ၁ | ဗယ်လ်ကာနို |
| ဆိုစီဒက် | ၁ | - | ၂ | ဗယ်လ်ကာနို |
| ဂီတာဖေး | ၀ | - | ၀ | ဗယ်လ်ကာနို |
| ဗယ်လ်ကာနို | ၁ | - | ၂ | ဘာစီလိုနာ |

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၁၁၉၇၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ယင်းမာပင် ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံဧက ၁၁၉၇၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၉၆၉၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၁၉၇၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၁၉၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းစတဲ့ သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးနေပါတယ်။ ဟင်းသီးဟင်းရွက်စိုက် တောင်သူတွေကို ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ဟင်းသီးဟင်းရွက်သီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၂၇၁၀၊ ကနီမြို့နယ်တွင် ဧက ၅၄၃၀၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၂၄၉၀၊ ပုလဲမြို့နယ်တွင် ဧက ၁၃၄၀ စုစုပေါင်း ဧက ၁၁၉၇၀ ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၆၀၂၇ ဧက၊ ကနီမြို့နယ်တွင် ဧက ၆၅၅၀၊ ဆားလင်းကြီးမြို့နယ်တွင် ၅၅၆၇ ဧက၊ ပုလဲမြို့နယ်တွင် ၁၅၅၄ ဧက စုစုပေါင်း ၁၉၆၉၈ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနများက GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးရန်အတွက် နည်းပညာပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# ချောင်းဆုံမြို့နယ် ကုန်းကလေးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှုစစ်ဆေး

**ချောင်းဆုံ ဩဂုတ် ၂၉**


မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးရွာရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မုရစ်ကလေးကျေးရွာအုပ်စု ကုန်းကလေးကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်း၊ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမော်နှင့်ဝန်ထမ်းများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ကုန်းကလေးကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်း၊ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမော်က လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

ကုန်းကလေးကျေးရွာတွင် သောက်သုံးရေ ရရှိရေးအတွက် အနက်ပေ ၂၀၀၊ အကျယ် လေးလက်မရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ပေ ၅၀၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၉ ဒသမ ၅ သန်းဖြင့် ပြည့်စုံလျှံကုမ္ပဏီမှ ဇွန်လ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် နယ်မြေဒေသနှင့်သင့်တော်သည့်နည်းလမ်းများကို စနစ်တကျရွေးချယ်ပြီး ရေရရှိရေးလုပ်ငန်းများကို အစဉ်တစိုက် ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း ချောင်းဆုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **သုတ**





**Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။**

အကြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)

ပြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပါပြီ ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

**ကုန်ဆုံးသွားသော စွမ်းအားများ**

**DAGON Malta Fresh**

**နဲ့ ပြည့်စွမ်းထား ...**





ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## အမည်ပြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စံဟိန်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-4(A) တွင် ပညာသင်ကြားနေသော (ဘ) ဦးခိုင်လင်း ၏သား မောင်ကောင်းခန့် အား မောင်ကောင်းဟိန်း ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ကောင်းဟိန်း

## ဖခင်အမည်မှန်

ရွှေဘိုမြို့နယ်၊ ခွန်တောင်းကြီးကျေးရွာ အထက(ခွဲ)၊ Grade-9 တွင် ပညာသင်ကြားနေသော မောင်ဇူလိုင်မိုး ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဆန်းဦး ဖြစ်ပါကြောင်း။

ဦးဆန်းဦး (၅/ရဘန(နိုင်)၀၇၂၁၇၁)

### ပျောက်ဆုံးကြောင်း

မန္တလေး၊ အမရပူရမြို့နယ်နေ မစန်းနုထွေး (ဘ) ဦးရှိန်း (၅/ ၀လန(နိုင်)၁၁၂၄၅၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-538 480)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၂၀၃၆၈၀၈

### ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်နေ မောင်နေသူနိုင် (ဘ) ဦးကျော်နိုင် (၅/ယမပ(နိုင်)၁၅၀၆၁၈) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MH-951 581)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၇၈၉၇၈၀၂၂၈

## သင့်သွေးဖြင့် အသက်ကယ်ပါ

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ငွေတောင်ကျေးရွာနေ ဦးကျော်တင်-ဒေါ်ရီမြင့်တို့၏သမီး **မခင်ဆွေကျော် (ခ) မခင်ဆွေဆွေကျော် (၉/ပသက(နိုင်)၁၀၈၆၀၀)** သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးကျော်တင်(၉/ပသက(နိုင်)၀၉၀၅၅၄)

ဒေါ်ရီမြင့် (၉/ပသက(နိုင်)၀၉၀၅၅၂)

## မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်နေ ဦးဇော်ဌေးလွင် ၏သမီး မအဲပြည့်စုံဇော် ၏ မွေးသက္ကရာဇ်အမှန်မှာ မွေးဖွားစာရင်းအရ ၁၈-၁၂-၂၀၀၅ ဖြစ်ပါကြောင်း။

၁၈-၁၂-၂၀၀၅

## အဖိုးတန်ရေချိုကို ချွေတာပါ

**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**



သန့်ရှင်းသောရေကို သောက်ပေးခြင်းဖြင့် အဆုတ်၏ရေဓာတ်ကို ထိန်းသိမ်းပေးပြီး ချွဲ၊ သလိပ်၊ နှပ်၊ နှာရည် စသည့်စွန့်ပစ်ပစ္စည်းများကို အလွယ်တကူယိုစိမ့်ထွက်ရှိလာပြီး အဆုတ်ကို သန့်စင်စေသည်။

**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ငှက်ပျောသီးဖျော်ရည် ၄၀၀ မီလီလီတာခန့်ကို နေ့စဉ်ထမင်းစားပြီးတိုင်းသောက်သုံးပေးပါကအဆုတ်သန့်စင်စေရုံမျှမက အစာကိုလည်း ကြေညက်စေသည်။



## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ်ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော်အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေးကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသောခြံများအတွင်း စနစ်တကျမွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားထားရန်၊

(၈) တိရစ္ဆာန်များကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှုအမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန်လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ နိုင်ငံတကာပြိုင်ပွဲများမှာ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ယခုထက်ပိုမိုရရှိပြီး နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်နိုင်ရေး လူငယ်လူရွယ်တိုင်း အားကစားကို စိတ်ပါဝင်စားပြီး လေ့လာလိုက်စားရာမှတစ်ဆင့် ပြိုင်ပွဲဝင်နိုင်သည်အထိ လေ့ကျင့်ယှဉ်ပြိုင်နိုင်ရေးနှင့် အရှေ့တောင်အာရှအဆင့်မှသည် အာရှအဆင့်၊ ကမ္ဘာ့အဆင့်အထိ ထိုးဖောက်နိုင်အောင် ရည်မှန်းချက်ထားပြီး ဆက်လက်ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်းမှာကြားလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် ပြုလုပ်သော ၂၀၂၃ ခုနှစ်အတွင်း အာရှအဆင့်နှင့် ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်သည့် အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက် ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဩဂုတ် ၁၉ ရက်မှ ၂၅ ရက်အတွင်း နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင် ကျွန်းသစ် ၂၆ ဒသမ ၁၁၈၂ တန်၊ သစ်မာ ၉ ဒသမ ၃၈၆၆ တန်နှင့် အခြား ၂ ဒသမ ၃၇၁၈ တန် ဖမ်းဆီးရမိ



နေပြည်တော် ဩဂုတ် ၂၉

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ပြည်သူပူးပေါင်းပါဝင်သော လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System – CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၉ ရက်မှ ၂၅ ရက်ထိ

စာမျက်နှာ ၂၂ ကော်လံ ၁ ❖



## နိုင်ငံခြားဝင်ငွေရရှိနေသည့် မြန်မာ့ငါးရှဉ့် မျိုးဆက်ပြတ်လပ်မှုမရှိစေရန် မွေးမြူနိုင်မည့် နည်းလမ်းများကို သုတေသနပြုဆောင်ရွက်နေ

ရန်ကုန် ဩဂုတ် ၂၉

သဘာဝရေပြင်များမှ ထွက်ရှိသည့် ငါးရှဉ့်များ မျိုးဆက်ပြတ်လပ်မှုမရှိစေရန် ကန်စနစ်မွေးမြူမှုထက် သဘာဝတွင် မွေးမြူပါက ပိုမိုရှင်သန်ပွားများနိုင်မည့် သုတေသနစမ်းသပ်မှုကို တွေ့ရှိထားပြီး အောင်မြင်သော မွေးမြူမှုရလဒ်ကောင်းများရရှိနိုင်ရန် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ သုတေသနလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။

မိုးရာသီတွင် ငါးရှဉ့်များ သားပေါက်၍ အများဆုံးထုတ်လုပ်တင်ပို့လေ့ရှိပြီး သဘာဝမှ ဖမ်းဆီးရမိသော ငါးရှဉ့်များကို အရွယ်အစားခွဲခြားမှုမရှိဘဲ ရောင်းချမှုကြောင့်

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

